၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၁၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၉)၊ အမှတ် (၂၂၄)

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

# စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား တတိယအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



စင်ကာပူနိုင်ငံမှ တတိယအကြိမ် ကယ်ဆယ်ရေးလေယာဉ်ဖြင့် ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် မေ ၁၃**

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၅ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (Myanmar National Airlines – MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် တတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ *စာမျက်နှာ ၅ ကော်လံ ၁* ❍



**“လွှတ်တော်အစည်းအဝေး တက်ရောက်မယ့် ကိုယ်စားလှယ်တွေကို ကိုဗစ်-၁၉ စစ်ဆေးဖို့အတွက် နမူနာယူတာတွေ ဆောင်ရွက်နေပါတယ်၊ အစည်းအဝေးမစခင် နောက်အကျဆုံး ဒီလ ၁၇ ရက်မှာ ရောဂါ ရှိ ၊ မရှိ အဖြေတွေကို သိရမှာ ဖြစ်ပါတယ်”**

စာ ၈၊ ၉

# ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများအား မိုးစပါးချေးငွေများ ထုတ်ချေးပေးနိုင်ရေး ကြိုတင်ဆောင်ရွက်ထား

**လှိုင်းဘွဲ့ မေ ၁၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်က ကိုဗစ်-၁၉ ကာလအတွင်း တောင်သူများအား မိုးစပါးချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

တောင်သူ လယ်သမားများအတွက် မိုးစပါးချေးငွေများကို မေ ၁၅ ရက်မှ စက်တင်ဘာလအထိ ရာသီအလိုက် သီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ထုတ်ယူရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးအတွက် တစ်ဦးလျှင် သုံးပေခြားကာ လက်ဆေးကန်များ *စာမျက်နှာ ၅ ကော်လံ ၄* ❖



မြန်မာ့အလင်း

# သဒ္ဓါ ဝီရိယတို့ဖြင့်

အနာမျိုး ကိုးဆယ့်ခြောက်ပါးမှ ကင်းဝေးပါစေဟူသော ဆုတောင်းသည် မြန်မာ့လူမှုဝန်းကျင်တွင် အလေးထားပေးနေကျ မေတ္တာဆုလာဘ်တစ်ပါးဖြစ်၏။ အထူးအားဖြင့် လူငယ်တို့ ပြုခဲ့သောကောင်းမှုကုသိုလ်တစ်ခုခုကို အကြောင်းပြု၍ လူကြီးများကပေးလေ့ရှိသော ဆုဖြစ်၏။ လူတစ်ယောက် အသက်ရှင်သန်နေမှု၏ တန်ဖိုးသည် ကျန်းမာခြင်းနှင့် တွဲလျက်ယှဉ်ကာ ရှိနေသည့်သဘော။ ထို့ပြင် မကျန်းမမာဖြစ်သည်ဟုဆိုလျှင်၊ သို့တည်းမဟုတ်တစ်စုံတစ်ရာသော အနာရောဂါရှိလာသည်ဆိုလျှင်၊ ကူးစက်ရောဂါ ရှိလာနိုင်သည်ဟုဆိုလျှင် ဘုရားဆေး၊ တရားဆေး၊ သမားဆေးဟူသည့် ဆေးသုံးမျိုး၏ စွမ်းအားဖြင့် ရောဂါဘယမှ ကင်းဝေးသက်သာပျောက်ကင်းမည်ဟု ယုံကြည်သည့် ယဉ်ကျေးမှုလည်း ရှိ၏။

များစွာသောလူတို့ မကျန်းမမာဖြစ်သည့်အခါ၊ နေထိုင်မကောင်းဖြစ်၍ ရောဂါဘယနှင့် ကြုံရသည့်အခါ၊ သို့မဟုတ် ရောဂဗ္ဗရကပ်ဘေးနှင့် နီးနီးနားနား ကြုံကြ၍ မိမိထံသို့လည်း ကူးစက်လာနိုင်သည်ဟု ခံစားသိရှိရသည့်အခါ၊ မိမိတို့ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားကို စိတ်နှလုံးသွင်းကာ ကောင်းမှုကုသိုလ်ပြုကာ ကျန်းမာစေရေး ရောဂါဘယ ကင်းပစေရေး ဆုမွန်တောင်းကြလေ့ရှိ၏။

အထူးဂရုစိုက်၍ စိတ်နှလုံးကောင်းသွင်းကာ နေကြ၏။ မိမိတို့ပြုလုပ်သော ကောင်းမှု၊ မကောင်းမှုတို့သည် တူညီသောအကျိုးကိုဖြစ်စေမည့်အကြောင်းဟူ၍ ယုံကြည်ကြ၏။ ကောင်းမှုကုသိုလ်များများ ပြုကြခြင်းသည် မိမိတို့အတွက် ကောင်းမှုအကျိုးများကိုဖြစ်စေမည့် အထောက်အပံ့များဟူ၍ ယုံကြည်ကြ၏။ ထိုယုံကြည်မှုပေါ်တည်၍ ကောင်းသော အကြံအစည်၊ ကောင်းသော အပြောအဆို၊ ကောင်းသော အပြုအမူတို့ကို လုပ်ဆောင်ကြ၏။

ယုံကြည်မှုအခြေခံဖြင့် ရောဂါဘယနှင့် ကပ်ဘေးအန္တရာယ်ကို ကုစားကြခြင်းဖြစ်၏။ ဤသို့အားဖြင့် အနာရောဂါ ကပ်ဘေးတို့က ကောင်းမွန်စွာ လွတ်မြောက်နိုင်မည်ဟုလည်း ယုံကြည်ကြ၏။ ယုံကြည်မှုဖြင့် ကုစားခြင်း။

ပြီးနောက်၊ ထိုမကျန်းမာရသည့် အကြောင်းရင်းနှင့် ထိုရောဂါဘယမှ ကင်းဝေးသက်သာ ပျောက်ကင်းရေးအတွက် မိမိ၏ အနေအထိုင် အပြုအမူ အစားအသောက် စသည်တို့ကို ဂရုပြုဆင်ခြင်ကြ၏။ ရောဂါနှင့် သက်ဆိုင်ရာတို့ကို နားလည်တတ်ကျွမ်းသော ဆေးရုံဆေးခန်း ဆရာဝန်တို့ကို စုံစမ်းဆန်းစစ်ကြ၏။ မိမိ၏ မကျန်းမာရခြင်း၊ ဝန်းကျင်အနေအထား၊ ရင်းမြစ်တို့ကို သိအောင် ကြောင်းကျိုးဆင်ခြင် ဆက်စပ်တွေးဆ၏။ ကံ၊ စိတ်၊ ဥတု၊ အာဟာရကို သင့်လျော် ညီညွတ်အောင်ပြုပြင်၏။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကို တည်ငြိမ်အောင်ထားကာ အပြစ်မဖြစ်အောင် နေထိုင်၏။ ဥတုဝန်းကျင်အခြေအနေတို့ကို နားလည်အောင် ကြိုးစား၏။ လိုက်ဖက်သင့်လျော်မည့် အနေအထိုင်၊ အစားအသောက်၊ အပြုအမူတို့ကို အားထုတ်၏။ ဉာဏ်ဖြင့်ချင့်ချိန်၏။ သတိဖြင့် စောင့်ကြပ်၏။ ကျရောက်လာသော အနာရောဂါအတွက် မှန်ကန်သော စိတ်နေသဘောထား၊ မှန်ကန်သော ပြောဆိုပြုမူမှုတို့ဖြင့် တုံ့ပြန်ခြင်းပင် ဖြစ်၏။

ထို့နောက်တွင်မူ နားလည်တတ်ကျွမ်းသူတို့၏ ကုသမှုကို ခံယူ၏။ လိုအပ်သည့် စစ်ဆေးမှုတို့ကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း လုပ်၏။ ဆေးထိုးရန်လိုက ထိုး၏။ ခွဲစိတ်ရမည့် ကိစ္စရှိလာလျှင် ခွဲစိတ်၏။ ဆရာဝန့်စကားကို နားထောင်ကာ ရှောင်ရန်တို့ကို ရှောင်၍၊ ဆောင်ရန်တို့ကို ဆောင်၏။ ဆရာဝန်တို့ပေးသောဆေးကို သောက်၏။ ကျွမ်းကျင်သူတို့၏ အဆုံးအမသင်ကြားမှုကို နားစိုက်ကာ ရောဂါဘယ မကပ်ရောက်ရေး၊ ကင်းစင်ရေးတို့ကို ဂရုတစိုက် လိုက်နာ၏။ ယနေ့လို ကူးစက်ရောဂါဘေးနှင့် ကြုံရချိန်တွင် လက်ကိုမှန်မှန်နှင့် စနစ်တကျဆေးခြင်း၊ လူစုလူဝေးအတွင်းသို့ မသွားခြင်း၊ အတတ်နိုင်ဆုံး အိမ်တွင်းတွင်သာ နေထိုင်ခြင်း၊ မဖြစ်မနေထွက်ရ သွားရမည်ဆိုလျှင်လည်း နှာခေါင်းစည်း အကာအကွယ်တို့ဖြင့်သာ သွားခြင်း စသည်ကဲ့သို့သော လိုက်နာရမည့် စည်းမျဉ်းတို့ကို လိုက်နာခြင်းမျိုး ဖြစ်ပေသည်။

ထိုထိုသော ဘုရားဆေး၊ တရားဆေး၊ သမားဆေးတို့ကို ယုံကြည်မှုမှန်မှန်၊ အသိဉာဏ်မြင့်မြင့်၊ ဆင်ခြင်တိုင်းဆမှုမှန်မှန်၊ အသိ သတိကောင်းစွာထား၍ နေထိုင်ပြုမူအားထုတ် လုပ်ဆောင်ကြခြင်းဖြင့် ကျန်းမာချမ်းသာ အနာဘယကင်းဝေးစွာ ကပ်ရောဂါကာလကို အောင်မြင်ကျော်လွှားနိုင်ကြပါစေသတည်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် –

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 034 109 034 0232 8301 |
| ( ဂ ) | ရေဝတီဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – မြန်မာကျပ်ငွေစာရင်းအမှတ် | – 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | – 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါ်နော်မူတာကပေါ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှု<br>မြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်း<br>ရောင်းဝယ်ရေး<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာကုန်သွယ်မှု<br>မြှင့်တင်ရေးအဖွဲ့<br>စီးပွားရေးနှင့် ကူးသန်း<br>ရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၂) | ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်<br>ပါမောက္ခ/ဌာနမှူး<br>ဇီဝဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစား<br>ဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |

## တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ တတိယအသုတ်ဆေးပစ္စည်းကိရိယာများ လှူဒါန်း

**နေပြည်တော် မေ ၁၃**

တရုတ်နိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ လှူဒါန်းပေးအပ်သည့် ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ တတိယအသုတ် ဆေးပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (ရန်ကုန်)ရုံးခန်း၌ ကျင်းပသည်။

ယခုအကြိမ် လှူဒါန်းပေးအပ်သည့် ဆေးပစ္စည်းကိရိယာများတွင် လူဦးရေ တစ်သိန်းငါးသောင်းအတွက် ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲပစ္စည်းနှင့် တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ (PPE) ၁၈၀၀၀ ပါဝင်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာချန်းဟိုင်က အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက မြန်မာနိုင်ငံအစိုးရကိုယ်စား လှူဒါန်းပေးအပ် မှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။(အပေါ်ပုံ) **သတင်းစဉ်**



## နေရာ ကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁၃

**မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conference ဖြင့် ကျင်းပသည်။** (အောက်ပုံ)



**ပါဝင်ဆွေးနွေး**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ လုပ်ငန်းကော်မတီဝင်များဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်မှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများအရေး ဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် လုပ်ငန်းကော်မတီအစည်းအဝေးတို့ကို ၂၀၁၈ ခုနှစ်မှစတင်၍ ကျင်းပခဲ့ရာ ယနေ့တွင် ပဉ္စမအကြိမ်ရှိပြီဖြစ်ပါကြောင်း၊ စတုတ္ထအကြိမ် အစည်းအဝေးတွင် ဆုံးဖြတ်ချက် ၁၉ ချက်ကို ချမှတ်နိုင်ခဲ့ပြီး ဆောင်ရွက်ပြီး ၁၂ ချက်၊ ဆောင်ရွက်ဆဲ ငါးချက်နှင့် ဆောင်ရွက်ရန်ကျန် နှစ်ချက် ရှိပါကြောင်း၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်သည့် ဆုံးဖြတ်ချက်တို့ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ အမျိုးသားကော်မတီဖွဲ့စည်းပြီးနောက်ပိုင်း မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကိုလည်း ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်သည် မသန်စွမ်းသူများအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသောကြောင့် လက်ရှိဆောင်ရွက်နေသည့် ရှေ့ပြေးစီမံကိန်းနေရာများတွင် ဆက်လက်တိုးချဲ့ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**စီမံချက်ရေးဆွဲဆောင်ရွက်**

ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် Video Conference ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ကြုံတွေ့နေရသော ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်တို့နှင့် ပူးပေါင်း၍ မသန်စွမ်းမှုအလိုက် အသိပညာပေးအစီအစဉ်များ၊ မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီနှင့် ညှိနှိုင်း၍ မသန်စွမ်းသူများနှင့် ၎င်းတို့၏ အိမ်ထောင်စု ၆၆၅ စုအတွက် ငွေကြေးထောက်ပံ့ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် မသန်စွမ်းသူနှစ်ဦးအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများကို ချန်လှပ်ထားခြင်းမရှိစေရန် စီမံချက်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင်လည်း မသန်စွမ်းသူများ၏ အခွင့်အရေးများကို ပေါင်းစပ်ဆောင်ရွက်သော အမျိုးသားအဆင့် မဟာဗျူဟာ ငါးနှစ်စီမံကိန်း (National Strategic Plan in Mainstreaming the Rights of Persons with Disabilities) ကို အမြန်ဆုံး ရေးဆွဲချမှတ်နိုင်ရန် လုပ်ငန်းကော်မတီအောက်ရှိ ဆပ်ကော်မတီအသီးသီးမှ Core Group ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုလို ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံမသန်စွမ်းသူများ အသင်းချုပ်နှင့် ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများကို အားလုံးအကျုံးဝင်သည့် IEC Material များ အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ခဲ့ခြင်း၊ မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီ၏ တင်ပြချက်များနှင့်အညီ ထောက်ပံ့မှုများ အချိန်မီ ဆောင်ရွက်နိုင်ခြင်းတို့သည် မည်သူမှ မကျန်ရစ်စေရေးဆိုသည့်မူနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် စတုတ္ထအကြိမ် လုပ်ငန်းကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်အချက်အလက်များအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဝင်အသီးသီးက စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မသန်စွမ်းသူများ ကဏ္ဍအလိုက် လိုအပ်ချက်တို့ကို ဖြည့်ဆည်းနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက် ရန်လိုအပ်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရန် လိုအပ်မည့် အချက်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းလှမြို့၌ ရောဝတီတံတား မလွန် - ကန်တုတ်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သည့် ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

**အထက်မင်းလှ မေ ၁၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ရောဝတီတံတား မလွန်-ကန်တုတ်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သည့် ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီက မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်မြင့်သန်းက အမှာစကားပြောကြားပြီး မင်းလှမြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ (မြို့ပြ) ဦးခင်မောင်ဝင်းက ရောဝတီတံတား မလွန်-ကန်တုတ်လမ်းဖောက်လုပ်ရာတွင် ပါဝင်ခဲ့သည့် ပေတောကျေးရွာအုပ်စု ပေတောကျေးရွာမှ တောင်သူ ခုနစ်ဦးအား ယာမြေလျော်ကြေးငွေ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ယာမြေလျော်ကြေးငွေပေးအပ်ပွဲကို ကျင်းပရာ ရောဝတီတံတား မလွန်-ကန်တုတ်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သည့် တောင်သူခုနစ်ဦး၏ ယာမြေဧကပေါင်း ၇ ဒသမ ၆၀ ဧကအတွက် လျော်ကြေးငွေကျပ် ၁၀ ဒသမ ၆၄ သန်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဌာနဆိုင်ရာများက တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဇာဇာ (အထက်မင်းလှ)**

# COVID -19 ကူးစက်ရောဂါကြောင့် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုကဏ္ဍများအပေါ် သက်ရောက်မှုများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁၃

Coronavirus Disease 2019 (COVID –19) ကူးစက်ရောဂါကြောင့် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုကဏ္ဍများအပေါ် သက်ရောက်မှုများကို အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ Video Conferencing စနစ်ဖြင့် ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး လောကနတ်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)




**ပါဝင်ဆွေးနွေး**

အစည်းအဝေးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဦးဆောင်၍ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဌာနခွဲတာဝန်ခံများ ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကိုဗစ်–၁၉ ရောဂါကြောင့် အနုပညာရှင်များအနေဖြင့် အနုပညာလုပ်ငန်းများ ခေတ္တရပ်ဆိုင်းလိုက်ရသည့်အတွက် လူမှု၊ စီးပွားရေးအခက်အခဲများနှင့် ရင်ဆိုင်ရခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုများ ဖန်တီးနိုင်မှုနှင့် မျှဝေနိုင်မှု အခွင့်အလမ်းများ ရပ်ဆိုင်းသွားခြင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များနှင့် အနုပညာသင်တန်းကျောင်းများ ခေတ္တပိတ်လိုက်ရသည့်အတွက် ဒြပ်မဲ့ယဉ်ကျေးမှုပြန့်ပွားမှုများ လျော့နည်းခြင်း၊ အနုပညာဆိုင်ရာ နွေရာသီသင်တန်းများ ထိခိုက်မှုရှိခြင်း၊ ယဉ်ကျေးမှုဇုန်များ၊ ပြတိုက်များ ခေတ္တပိတ်လိုက်ရသည့်အတွက် နိုင်ငံတော်ဝင်ငွေ လျော့နည်းသွားခြင်းနှင့် ပြည်ပလေ့လာသူများနှင့် ပြည်တွင်းမှ ပြည်သူများ ရှေးဟောင်းဝတ္ထုပစ္စည်းကို လေ့လာနိုင်သည့် အခွင့်အလမ်းများ ဆုံးရှုံးရခြင်း၊ ယဉ်ကျေးမှုဇုန်များအတွင်းရှိ ဒေသဆိုင်ရာ လုပ်ငန်းထွက်ကုန်ပစ္စည်းများနှင့် ခရီးသွားဆိုင်ရာ ဆက်စပ်လုပ်ငန်းများ ရပ်ဆိုင်းသွားခြင်း၊ အမျိုးသားစာကြည့်တိုက်များ ခေတ္တပိတ်လိုက်ရသည့်အတွက် စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ယဉ်ကျေးမှုဆိုင်ရာ စာပေများ စီးဆင်းမှု ရပ်ဆိုင်းသွားခဲ့ပါကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာတွင် ဆောင်ရွက်လျက်ရှိသည့် ပြည်တွင်း/ပြည်ပ ပူးပေါင်းဆောင်ရွက်မှုများ ခေတ္တရပ်ဆိုင်းသွားခဲ့သည့်အပြင် ပြည်ပနိုင်ငံများသို့ ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ ပညာသင်သွားရောက်မည့်သူများ၊ သင်တန်း/ အစည်းအဝေး တက်ရောက်မှုများ ရပ်ဆိုင်းသွားသဖြင့် Capacity Building လျော့နည်းသွားခြင်းစသည့် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုကဏ္ဍအပေါ် သက်ရောက်မှုများ ရှိခဲ့ပါကြောင်း။

**ဦးစားပေးအလိုက် ထိန်းသိမ်း**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် နှစ်သက်တမ်း ၁၀၀ ကျော်၏ ယခင်ကာလများက တည်ရှိခဲ့သော ဗိသုကာလက်ရာ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုနှင့် သမိုင်းတန်ဖိုးကြီးမားသည့် ရှေးဟောင်းအဆောက်အအုံများကိုလည်း ဦးစားပေးအလိုက် ထိန်းသိမ်းပြုပြင်လျက်ရှိရာတွင် ကိုဗစ်–၁၉ ရောဂါကြောင့် ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းရေးလုပ်ငန်းများလည်း အကန့်အသတ်ဖြင့် ဆောင်ရွက်ရမှုများ ရှိခဲ့ပါကြောင်း၊ ထို့အပြင် အမျိုးသားစာကြည့်တိုက်များ၊ အမျိုးသားပြတိုက် နှစ်ခု အပါအဝင် ပြတိုက် ၃၂ ခုလုံးကိုလည်း မတ် ၂၅ ရက်မှစပြီး ပိတ်ထားခဲ့ရပါကြောင်း၊ ထိုကဲ့သို့ ပိတ်ထားခဲ့ရသော်လည်း အမျိုးသားစာကြည့်တိုက်များ၏ ပြည်သူသို့ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများ၊ ပြတိုက်ပစ္စည်းထိန်းသိမ်းရေးလုပ်ငန်း၊ မှတ်တမ်းတင်ခြင်းလုပ်ငန်း၊ ပြတိုက်အဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်း၊ ပြတိုက်ပစ္စည်းများ လဲလှယ်ခင်းကျင်းခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နေရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ အလွန်ကာလတွင် လုပ်ငန်းများ ပုံမှန်လည်ပတ်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကြိုတင်စီစဉ်လျာထားပြီး ပြန်လည်ဖွင့်လှစ်ပါက ယခင်ကအတိုင်း ပြည်သူကို ဝန်ဆောင်မှုအပြည့်အဝပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း။

**အချိန်မီပြီးစီးအောင် ဆောင်ရွက်**

ရပ်တန့်ထားရသည့် လုပ်ငန်းများကို ပြန်လည်စတင်ဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ယခုကတည်းက ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ကြိုတင်စဉ်းစားပြီး ကြိုတင်ပြင်ဆင်သင့်သည်များကိုလည်း ပြင်ဆင်ထားရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းအောင် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်အားလျှော့ချပြီး အနည်းဆုံး ဝန်ထမ်းအင်အားဖြင့် ကျစ်ကျစ်လျစ်လျစ် ဆောင်ရွက်နေစဉ်ကာလတွင် ပြည်သူနှင့် ထိတွေ့ရသော ဝန်ဆောင်မှုလုပ်ငန်းများ၊ ရှေးဟောင်းဇုန်နယ်မြေ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ လေ့ကျင့်သင်တန်းပေးမှုများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန် လိုအပ်ချက်များကို တင်ပြသွားကြရန် ပြောကြားသည်။

ထို့နောက် အစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှ ယဉ်ကျေးမှုဆိုင်ရာ ဌာနခွဲတာဝန်ခံများက Coronavirus Disease 2019 (COVID –19) ကူးစက်ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ယဉ်ကျေးမှုကဏ္ဍများအပေါ် သက်ရောက်မှုများအား တုံ့ပြန်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဦးကြည်မင်းက ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မေလအကုန်ခန့်တွင် ချေးငွေအတော်များများထုတ်ပေးနိုင်မည်ဟု ကုန်သည်/စက်မှုအသင်းချုပ် မျှော်မှန်း

ရန်ကုန် မေ ၁၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် ချေးငွေလျှောက်လွှာများ စိစစ်မှုအပိုင်းကို အဓိကထားလုပ်ဆောင်နေပြီး မေလအကုန်ခန့်တွင် ချေးငွေအတော်များများ ထုတ်ပေးနိုင်မည်ဟု မျှော်မှန်းထားကြောင်း ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက ပြောသည်။**

“လက်ရှိက ချေးငွေလျှောက်လွှာပေါင်း ၄၂၀၀ ကျော်ရှိတဲ့အတွက် စိစစ်တဲ့အပိုင်းကလည်း တော်တော်လေးကို စိစစ်ရတဲ့အပိုင်းရှိပါတယ်။ မတူညီတဲ့ လုပ်ငန်းအမျိုးအစားတွေ၊ လုပ်ငန်း အရွယ်အစားကလည်း အကြီး၊ အသေး၊ အလတ်ဆိုပြီး အတော်လေးစုံပါတယ်။ ဒီထဲကနေပြီးတော့ ကျွန်တော်တို့ အဆင့်ဆင့်စိစစ်ရတဲ့အခါကျတော့ အချိန်တော့ တော်တော်ယူရပါတယ်။ ဒီလကုန်လောက်ကိုတော့ နောက်ဆုံးထားပြီး အတော်များများကို ချေးငွေထုတ်ပေးသွားနိုင်လိမ့်မယ်လို့ မှန်းထားပါတယ်” ဟု ၎င်းက ပြောသည်။

လတ်တလော ဖြစ်ပေါ်နေသော ကိုဗစ်–၁၉ အကျိုးဆက်ကြောင့် ထိခိုက်မှုရှိသော ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ချေးငွေရရှိနိုင်ရေးအတွက် ကုန်သည် / စက်မှုအသင်းချုပ်တွင် မတ် ၃၀ ရက်မှ ဧပြီ ၉ ရက်အထိ ချေးငွေလျှောက်လွှာများ လက်ခံပေးခဲ့ကြောင်း သိရသည်။ ကုန်သည် / စက်မှုအသင်းချုပ်၌ ဧပြီ ၉ ရက် စာရင်းပိတ်ချိန်တွင် အသင်းချုပ်၌ လျှောက်ထားသော လျှောက်လွှာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသင်းရုံးများတွင် လျှောက်ထားသော လျှောက်လွှာများ၊ Online မှ လက်ခံရရှိသော လျှောက်ထားမှုများဟူ၍ ချေးငွေလျှောက်လွှာပေါင်း ၄၂၅၈ စောင် လက်ခံရရှိခဲ့သည်။

ထိုသို့ လျှောက်ထားမှုများအနက် ချေးငွေရရှိပြီးသူများအနေဖြင့် ပထမအသုတ်တွင် ၈၅ ဦး၊ ဒုတိယအသုတ်တွင် ၁၁၃ ဦးနှင့် တတိယအသုတ်တွင် ၁၁၁ ဦးအပါအဝင် စုစုပေါင်း ၃၀၀ ကျော်ကို တန်ဖိုးအားဖြင့် စုစုပေါင်း မြန်မာငွေ ကျပ် ၁၃ ဘီလီယံခန့် ချေးငွေထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။ ယင်းချေးငွေများကို ချေးငွေလျှောက်ထားသူ၏ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်များနှင့် စာချုပ်ချုပ်ဆို၍ ထုတ်ယူခွင့်ပြုပေးလျက်ရှိသည်။



ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်း။

လျှောက်ထားသည့်ချေးငွေ မရရှိသေးသူများအတွက် အသင်းချုပ်တွင် သတင်းအချက်အလက်ကောင်တာတစ်ခု ဖွင့်လှစ်ပေးထားပြီး ယင်းကောင်တာတွင် လာရောက်စုံစမ်းနိုင်ကာ ရက်ပိုင်းအတွင်း အကြောင်း ပြန်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ အကြောင်းပြန်ကြားရာတွင် ကုန်သည် / စက်မှုအသင်းချုပ်နှင့် သက်ဆိုင်သော အကြောင်းအရာများကိုသာ ပြန်ကြားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ချေးငွေလျှောက်ထားမှု နယ်လျှောက်လွှာအချို့မှာ သင်္ကြန်ရုံးပိတ်ရက်ကာလအလွန်ဖြစ်သော ၂၀ ရက်နောက်ပိုင်းမှသာ ရောက်ရှိလာခဲ့သည့်အတွက် အနည်းငယ်နောက်ကျကျန်ရှိမှုများ ရှိကြောင်း သိရသည်။

ချေးငွေများ ထုတ်ချေးရာတွင် အထည်ချုပ်နှင့် CMP လုပ်ငန်းများကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကို ဒုတိယဦးစားပေးအဖြစ် လည်းကောင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို တတိယဦးစားပေးအဖြစ် လည်းကောင်း ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။ ချေးငွေထုတ်ပေးခြင်းမှာ စီးပွားရေးလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေး၊ လုပ်ငန်းများ ဆက်လက်ရှင်သန်ရေးနှင့် ဝန်ထမ်းများ လစာပေးနိုင်ရေးအတွက် ထုတ်ပေးခြင်းဖြစ်သည်။

ချေးငွေများကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ဝန်ထမ်းလစာသုံးလစာခန့် ပေးနိုင်မည့် ပမာဏခန့်ကို အနည်းဆုံးထုတ်ချေးလျက်ပြီး ယခုတစ်ခေါက် ချေးငွေလျှောက်ထားမှုကို မမီလိုက်သူများအတွက် ထပ်မံ၍ အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

ကိုဗစ်–၁၉ အကျိုးဆက်ကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများ ကုစားရေးအတွက် ချေးငွေရရှိရေးဆိုင်ရာ ကိစ္စရပ်များကို မတ် ၂၈ ရက်က ဗီဒီယိုဆွေးနွေးပွဲကျင်းပခဲ့ရာ ကုန်သည်/စက်မှုအသင်းချုပ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍအား ဦးဆောင်၍ နိုင်ငံတော်အစိုးရနှင့်အတူ ရန်ပုံငွေ ကျပ် ၁၀၀ ဘီလီယံအား လုပ်ငန်းကဏ္ဍအလိုက် အမှန်တကယ်လိုအပ်ပြီး ရသင့်ရထိုက်သော လုပ်ငန်းများမှ ချေးငွေများရရှိနိုင်ရေး၊ သတ်မှတ်ချက်နှင့် ကိုက်ညီသော လုပ်ငန်းများကို ချေးငွေထုတ်ပေးနိုင်ရေး၊ သတ်မှတ်ကာလအတွင်း ချေးငွေပြန်လည်ပေးဆပ်နိုင်ရေးတို့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ ကုန်သည် / စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပြည်နယ်/ တိုင်းဒေသကြီးဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ – ထိန်လင်း**



# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြားတွင် သံသယစိတ်ကင်းစင်ပြီး ခိုင်မာသော ယုံကြည်မှုတည်ဆောက်နိုင်ရေး၊ ဒီမိုကရေစီစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေးစံနှုန်းစံထားများနှင့်ကိုက်ညီပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ဆီလျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

## တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှလှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုဆေးပစ္စည်းများထပ်မံရောက်ရှိ

နေပြည်တော် မေ ၁၃

**တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရာတွင် အသုံးပြုသည့် အထောက်အကူပြုဆေးပစ္စည်းများ တင်ဆောင်လာသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(လေ)မှ လေယာဉ်သည် ယမန်နေ့ ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။**



အဆိုပါလေယာဉ်နှင့်အတူ ပါရှိလာသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသည့် PPE ဝတ်စုံ ၁၀၀၀၀ ကို တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကိုယ်စား တရုတ်စစ်သံမှူး Senior Colonel Xiong Shaowei က လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံ က လက်ခံရယူသည်။

ယင်းနောက် အဆိုပါ ဆေးပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်သည် ညပိုင်းတွင် ပြန်လည်ထွက်ခွာရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေး ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာ့တပ်မတော်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးရန်အတွက် ရန်ကုန်မြို့၌ ရောက်ရှိနေသည့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်မှ Dr. Bai Chong ဦးဆောင်သည့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်ခြောက်ဦး ပြန်လည်လိုက်ပါသွားသည်။

အဆိုပါတရုတ်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဆေးအဖွဲ့သည် မြန်မာနိုင်ငံတွင် နှစ်ပတ်ကြာ နေထိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးဆိုင်ရာ ကိစ္စရပ်များအား မြန်မာ့တပ်မတော်မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးမှုများ ဆောင်ရွက်ခြင်းနှင့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## နာမကျန်းဖြစ်နေသူများ၊ မသန်စွမ်းသူများနှင့် သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် စားနပ်ရိက္ခာလှူဒါန်းသည့် “လိုရင်ခေါ်ပါ” အစီအစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်း စတင်ဆောင်ရွက်



**ရန်ကုန် မေ ၁၃**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း စားနပ်ရိက္ခာအတွက် အခက်အခဲကြုံတွေ့နေသော နာမကျန်းဖြစ်နေသူများ၊ မသန်စွမ်းသူများနှင့် သက်ကြီးဘိုးဘွားများအား အိမ်တိုင်ရာရောက် စားနပ်ရိက္ခာ လှူဒါန်းသည့် “လိုရင်ခေါ်ပါ” အစီအစဉ်ကို သန့်ရှင်းသော ရန်ကုန် (Clean Yangon) အဖွဲ့က ရန်ကုန်တိုင်းဒေသကြီးအတွင်း စတင်ဆောင်ရွက်လျက်ရှိသည်။

သန့်ရှင်းသော ရန်ကုန် (Clean Yangon) အဖွဲ့ တည်ထောင်သူ ဦးဇေယျာထွန်းက “တကယ်အခက်အခဲဖြစ်နေတဲ့ ကျန်းမာရေးမကောင်းသူတွေ၊ မသန်စွမ်းသူတွေနဲ့ သက်ကြီးဘိုးဘွားတွေအနေနဲ့ ကျွန်တော်တို့ကို ဖုန်းနဲ့ ဆက်သွယ်ပြီး အကူအညီတောင်းခံနိုင်ပါတယ်။ ဖုန်းနံပါတ် ၀၉- ၄၅၀၀၃၄၀၁၄ ကို ဆက်သွယ်လိုက်ပါ။ အဓိကကတော့ စားနပ်ရိက္ခာ တကယ်လိုအပ်နေတဲ့ ကျန်းမာရေး မကောင်းသူတွေ၊ မသန်စွမ်းသူတွေနဲ့ သက်ကြီးဘိုးဘွားတွေကို ရှာဖွေချင်လို့ပါ။ အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းပေးတဲ့ စနစ်ကို ကျင့်သုံးထားပါတယ်။ အကူအညီ တောင်းခံလာသူ အတော်များများကိုလည်း ကျွန်တော်တို့အနေနဲ့ အလှူရှင် ရရင်ရသလို တိုးချဲ့ပြီး ထပ်မံလှူဒါန်းသွားဖို့ စီစဉ်ထားပါတယ်” ဟု ပြောသည်။

အဆိုပါ အစီအစဉ်ကို သန့်ရှင်းသော ရန်ကုန် (Clean Yangon) အဖွဲ့က မေ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စတင်ဆောင်ရွက်ခဲ့ပြီး မေ ၁၃ ရက်အထိ နှစ်ရက်တာကာလအတွင်း အကူအညီ တောင်းခံလာသူ ၁၅၀ ခန့်ကို ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ကုလားပဲ စသည့် အခြေခံစားသောက်ကုန်များ အပါအဝင် အာဟာရဖြစ်စေမည့် စားသောက်ကုန်များကို ထောက်ပံ့လှူဒါန်းခဲ့သည့်အပြင် အကူအညီ တောင်းခံလာသည့် စာရင်းများအား အလှူရှင်ရရှိမှုအပေါ် မူတည်ကာ ထပ်မံတိုးချဲ့လှူဒါန်းမှုများ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း အဆိုပါအဖွဲ့ထံမှ သိရသည်။

အလားတူ လက်ရှိကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ စေတနာရှင် အလှူရှင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများက ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းမှုများပြုလုပ်လျက်ရှိသည့်အပြင် နှာခေါင်းစည်းများ အခမဲ့ဝေမျှခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

**ဇော်ကြီး**

**ဓာတ်ပုံ- Clean Yangon**

○ *ရှေ့ဖုံးမှ*

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာသံရုံး စင်ကာပူမြို့နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြ သဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသား ၁၄၄ ဦးအား ပထမအသုတ်အဖြစ် မေ ၇ ရက်တွင်လည်းကောင်း၊ ဒုတိယအသုတ်အဖြစ် ၁၄၄ ဦးအား မေ ၉ ရက်တွင်လည်းကောင်း ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်ရာ တတိယအသုတ်အဖြစ် ယနေ့ ပြန်လည်ရောက်ရှိလာသူများအပါအဝင် စုစုပေါင်း ၄၃၃ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍လည်း မေ ၁၆ ရက်တွင် စတုတ္ထအသုတ်အဖြစ် မြန်မာနိုင်ငံသား ၁၄၆ ဦးခန့်အား ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ထားရှိပြီး စနစ်တကျထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်တင်မေကြည်က ပြောသည်။

လှိုင်းဘွဲမြို့နယ်တွင် ၂၀၁၉ ခုနှစ်စာရင်းအရ ကျေးရွာအုပ်စု ၄၅ အုပ်စု၊ တောင်သူ ၉၆၆ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေ ငွေကျပ် ၁၀၉၀၂ သိန်း ထုတ်ချေးပေးခဲ့ပြီး ယခုနှစ်တွင် ပုံစံ(၇) ရရှိသူနှင့် ထပ်တိုးတောင်သူများရှိပါက ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ယခုနှစ်တွင် တောင်သူများအတွက် မိုးစပါးချေးငွေများကို အတိုးနှုန်း ၅ ရာခိုင်နှုန်းအထိ လျှော့ချပေးပြီး မိုးစပါး တစ်ဧကလျှင် ချေးငွေ ငွေကျပ်တစ်သိန်းခွဲနှင့် အခြားသီးနှံများအတွက် ချေးငွေ ငွေကျပ် တစ်သိန်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ (၁၀ / ၂၀၂၀)ညှိနှိုင်းအစည်းအဝေး ကျင်းပ

ပုသိမ် မေ ၁၃

**ရောဝတီတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ (၁၀/၂၀၂၀) ညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။**



အစည်းအဝေးတွင် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက အင်တိုက်အားတိုက် ဆောင်ရွက်နေကြသည်ကို အားရကျေနပ်မှုရှိပြီး ယနေ့အထိ ရလဒ်ကောင်းများရရှိမှုက သက်သေတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့ အစည်းအဝေးများကျင်းပပြီး အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်အဖြေရှာ၍ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်က ယခင်အစည်းအဝေးမှ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းက ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဆိုပါက မဖွင့်လှစ်မီ ပိုးသတ်ဆေးဖျန်းခြင်း အစရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ရန် ကိစ္စများကို ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်း အိမ်အပြင်ထွက်ပါက နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ရေးဆောင်ရွက်ကြရန်နှင့် လူစည်ကားရာနေရာများတွင် ဗီနိုင်းများဖြင့် စိုက်ထူရေး၊ တစ်နေ့လျှင် ငါးကြိမ် အသံချဲ့စက်ဖြင့် မြို့တွင်းလှည့်လည်လှုံ့ဆော်အသိပေးရေး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များအပေါ် ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများ ဆွေးနွေးကြသည်။

ထို့နောက် ရန်ကုန်မြို့မှ Royal Golden Power Co.,Ltd ၊ Mann Cherry Group Company Limited နှင့် SHWE SU SHEIN Engineering Co.,Ltd တို့က ကိုဗစ်-၁၉ လုပ်ငန်းများအတွက် လိုအပ်သော ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ ဝယ်ယူရန် ငွေကျပ် ၁၀ သိန်းစီကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံယူခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီးသော မြန်မာနိုင်ငံသား ၁၆ ဦးအား မြဝတီချစ်ကြည်ရေး အမှတ် (၂) တံတားမှတစ်ဆင့် လာရောက်လွှဲပြောင်း

**မြဝတီ မေ ၁၃**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံဘက်မှ မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ ယနေ့တွင် ထိုင်းနိုင်ငံ၌ ပြစ်ဒဏ်ကျခံရပြီးသော မြန်မာနိုင်ငံသား ၁၆ ဦးအား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြဝတီအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ လာရောက်လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

ပြန်လည် ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြဝတီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံမှ ယခုကဲ့သို့ ပြစ်ဒဏ်ကျခံရသူများအား လာရောက်လွှဲပြောင်းပေးခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က "ထိုင်းနိုင်ငံကို ရောက်ရှိပြီးတော့ အကြောင်းအမျိုးမျိုးကြောင့် အချုပ်ထဲကျရောက်တာပေါ့နော်။ ဒီနေ့မှာတော့ ပြစ်ဒဏ်တွေကျခံပြီးတော့ ဒီဘက်ကမ်းကို ၁၆ ယောက်ပေါ့။ ထိုင်းလဝကတွေနဲ့ သက်ဆိုင်ရာဌာနတွေကနေပြီးတော့ မြန်မာဘက်ခြမ်းက တာဝန်ရှိတဲ့သူတွေကို လာပြီးလွှဲပြောင်းပေးတာပါ။ အဲဒီလို မလွှဲပြောင်းပေးခင်မှာ ထိုင်းနိုင်ငံဘက်က လွှဲဖို့ရှိတယ်ဆိုတာ



ချိတ်ဆက်လာတယ်။ ပြီးခဲ့တဲ့ မေ ၇ ရက်က မြန်မာနိုင်ငံမှာရှိတဲ့ ကျန်းမာရေး ဌာနပါတယ်၊ လဝကပါတယ်၊ ရဲပါတယ်၊ သက်ဆိုင်ရာ ဆက်စပ်ဌာနတွေကနေ သွားပြီးတော့ စစ်ဆေးပြီးတော့မှ ဒီနေ့မှ အလွှဲအပြောင်းလုပ်တဲ့ပုံစံမျိုးလုပ်တာ ဖြစ်ပါတယ်။ စစ်ဆေးတုန်းကလည်း ကျန်းမာရေးစစ်ဆေးတာအပါအဝင် လိုအပ်တာတွေ အကုန်စစ်တယ်။ ကျွန်တော်တို့နိုင်ငံသားလည်း ဟုတ်တယ်ဆိုတော့ လက်ခံခဲ့တာပါ"ဟု ပြောသည်။

"မေ ၁ ရက်ကစပြီး ဒီနေ့ ၁၃ ရက်အထိဆို ပြန်လည်ဝင်ရောက်လာတဲ့သူက အားလုံးပေါင်း ၃၉၆ ဦးရှိသွားပါပြီ။ အချုပ်ကျတဲ့လူတွေ ပြန်လည်လက်ခံတာကတော့ မေ ၁ ရက်ကဆိုရင် ဒါပထမဆုံးအကြိမ်ပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်တွင် ၆၀၊ ၂ ရက်တွင် ၅၄ ဦး၊ ၃ ရက်တွင် တစ်ဦး၊ ၄ ရက်တွင် ၄၄ ဦး၊ ၅ ရက်တွင် ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်တွင် ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ယနေ့တွင် ၁၆ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၃၉၆ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ လာရောက်လွှဲပြောင်းသူများအနေဖြင့် ကရင်ပြည်နယ်မှ ၁၄ဦးနှင့် ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ စုစုပေါင်း ၁၆ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ရောဝတီတိုင်းဒေသကြီးအတွင်း သတင်းစာ လပေးမှာယူဖတ်ရှုလိုသူများ ဆက်သွယ်ဝယ်ယူနိုင်

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ သတင်းစာဖတ် ပြည်သူများအတွက် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ် ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးဇော်ဝင်း | ပုသိမ် | ၀၉-၂၅၃၁၅၆၂၁၆ |
| ၂။ | ဦးမိုးကျော်သူ | ငပုတော | ၀၉-၂၅၀၂၂၅၂၈၅ |
| ၃။ | ဦးမောင်ကြီး | သာပေါင်း | ၀၉-၄၂၂၄၉၉၆၀၀ |
| ၄။ | ဦးတင်လှ | ကန်ကြီးထောင့် | ၀၉-၃၁၁၅၉၂၈၂ |
| ၅။ | ဦးကျော်လွင် | ဒါးက | ၀၉-၂၅၀၃၂၂၄၆၅ |
| ၆။ | ဦးဒေးဗစ် | ကျောင်းကုန်း | ၀၉-၃၅၀၁၁၇၀၅၁ |
| ၇။ | ဦးအေးမြင့် | ပန်းတနော် | ၀၉-၇၅၅၃၅၃၇၂၉ |
| ၈။ | ဦးမြင့်သိန်း | ညောင်တုန်း | ၀၉-၂၅၀၈၅၃၀၀၃ |
| ၉။ | ဦးကံညွန့် | အသုတ် | ၀၄၆-၀၃၃၅၅ |
| ၁၀။ | ဦးသန်းထွန်း | ငါးသိုင်းချောင်း | ၀၉-၂၅၀၅၈၁၉၁၈ |
| ၁၁။ | ဦးတင်မင်း | ဓနုဖြူ | ၀၉-၇၈၄၇၈၄၆၇၉ |
| ၁၂။ | ဦးလှမြိုင် | အိမ်မဲ | ၀၉-၇၇၉၉၇၀၇၇ |
| ၁၃။ | ဦးဉာဏ် | ကျုံပျော် | ၀၉-၄၄၉၀၀၃၂၃၇ |
| ၁၄။ | ဦးမောင်တင် | ရေကြည် | ၀၉-၇၈၂၄၂၅၆၇၄ |
| ၁၅။ | ဦးဝင်းဆွေ | မြောင်းမြ | ၀၉-၄၂၂၅၂၉၃၂၉ |
| ၁၆။ | ဦးအုန်းရွှေ | မဲဇလီကုန်း | ၀၉-၄၂၂၅၀၉၇၇၇ |
| ၁၇။ | ဦးသန်းမြတ်စိုး | ဝါးခယ်မ | ၀၉-၂၅၁၁၆၇၃၉၅ |
| ၁၈။ | ဒေါ်ကြည်ကြည်ဆွေ | ကျိုက်လတ် | ၀၉-၇၆၄၇၃၆၅၆၀ |
| ၁၉။ | ဒေါ်ခင်လေးမြင့် | ဖျာပုံ | ၀၉-၄၂၂၄၅၃၀၀၆ |
| ၂၀။ | ဦးဝင်းကျော်မြင့် | လပွတ္တာ | ၀၉-၄၅၁၂၄၄၅၉၅ |
| ၂၁။ | ဒေါ်အုန်းသန်း | ဟသ်ာတ | ၀၉-၇၉၅၃၁၂၅၉၂ |
| ၂၂။ | ဦးဌေးမင်း | ကြံခင်း | ၀၉-၆၈၃၇၇၈၃၄၅ |

# ဝန်းသိုမြို့နယ် ကောင်းကွေ့ကျေးရွာ၌ စာသင်ကျောင်းဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

ဝန်းသို မေ ၁၃

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကောင်းကွေ့ကျေးရွာ၌ စာသင်ကျောင်းဆောင် ဆောက်လုပ်မှုမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။**

အဆိုပါ အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိသော စာသင်ကျောင်းဆောင်ကို စီမံကိန်းငွေ ငွေကျပ် သိန်း ၁၀၀၊ အလှူရှင်နှင့် ပြည်သူထည့်ဝင်ငွေ ငွေကျပ် သိန်း ၁၀၀ ကျော်၊ စုစုပေါင်း ငွေကျပ် သိန်း ၂၁၀ ကုန်ကျပါကြောင်း၊ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာ ရွာဦးကျောင်း ကောင်းကွေ့ ဆရာတော်တို့ ဦးဆောင်ပြီး ကျေးရွာလူထုကိုယ်တိုင် ဆောင်ရွက်ခဲ့သည့် စာသင်ကျောင်းဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။

"ကျွန်တော်တို့ ကျေးရွာက ပန်းရန်လုပ်တတ်တဲ့သူ၊ လက်သမားလုပ်တတ်တဲ့သူတွေနဲ့ပဲ ဆောင်ရွက်ခဲ့တာပါ။ မြို့နယ်ကျေးလက်ဦးစီးဌာနရုံးကလည်း အနီးကပ်ကြီးကြပ်ပေးပါတယ်။ ကျွန်တော်တို့ရွာက အိမ်ခြေ ၄၅ အိမ်ပဲ ရှိတယ်။ ကျောင်းတက်ရတဲ့ ကလေးတွေက ပုတိမ်ကုန်းရွာကို ကျောင်းတက်ဖို့ မိဘတွေက လိုက်ပို့ရတယ်။ မိုးတွင်းဆို ကုန်းပိုးပြီး ပို့ရတယ်။ ပြီးတော့ ရထားလမ်းကလည်း ဖြတ်ကူးရသေးတယ်။ မိဘတွေမပါရင် စိတ်ပူရပါတယ်။ အခုတော့ အဲဒီဒုက္ခတွေက ကျွတ်တော့မယ်" ဟု ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက ပြောသည်။

**မွေးကြူဇင်**



# အလုပ်ရှင်များအနေဖြင့် အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များ အမြန်ဆုံးထုတ်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် အမြန်ဆုံးချိတ်ဆက်ရန် အသိပေးထား

**ရန်ကုန် မေ ၁၃**

လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း တောင်းခံရာတွင် လုပ်ငန်းရှင်များအနေဖြင့် အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ ကူညီမှု အကျိုးခံစားခွင့်များ အမြန်ဆုံးထုတ်ပေးနိုင်ရေး အတွက် တာဝန်ရှိသူများနှင့် အမြန်ဆုံးချိတ်ဆက်ရန် အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က အသိပေးထားကြောင်း သိရသည်။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် ဧပြီ ၄ ရက်မှ မေ ၁၅ ရက်အထိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခံရန် အကြောင်းကြားမှုမရှိခြင်း၊ စစ်ဆေးခံနိုင်မှုမရှိခြင်းတို့ကို စိစစ်တွေ့ရှိရပါက အဆိုပါ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ရရှိမည် မဟုတ်ကြောင်း သိရသည်။ ယာယီအလုပ်ရပ်နားခဲ့ရသော လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအတွက် ရပ်နားထားရသည့်ရက်များအလိုက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၃ (ခ) (၂)နှင့်ဥပဒေပုဒ်မ ၁၀၀ တို့အရ (၁/၂၀၂၀)လအတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့်လုပ်ခလစာ၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်တောင်းခံရန် လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

လိုက်နာရမည့်အချက်တို့မှာ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်ကို သတ်မှတ်ထားသည့်ကာလအတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ စစ်ဆေးမှုကိုခံယူပြီး လုပ်ငန်းပြန်လည်ဖွင့်လှစ်လုပ်ကိုင်ခွင့် အတည်ပြုချက်အထောက်အထားနှင့်သတ်မှတ်ထားသည့် ပူးတွဲပုံစံနှင့်တကွ သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးသို့ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ လျှောက်ထားရန်၊စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနမှ တာဝန်ရှိသူသည် ချက်(Cheque) လက်ခံရရှိသည့်နေ့မှစ၍ အမြန်ဆုံးထုတ်ပေးရန်၊ ထုတ်ပေးပြီးသည့် အာမခံအလုပ်သမားတစ်ဦးချင်းစီအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များကို လက်ခံရရှိကြောင်း အလုပ်သမားများ၏ လက်မှတ်ရေးထိုးထားသည့် အထောက်အထားကို သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးသို့ ချက် (Cheque) လက်ခံရရှိသည့်နေ့မှ ရက်သတ္တနှစ်ပတ်အတွင်း ထောက်ပံ့ငွေများကို မြို့နယ်လူမှုဖူလုံရေးရုံးသို့ ပြန်လည်ပေးသွင်းရန်၊ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များကို(၁/၂၀၂၀)လအတွက် ထည့်ဝင်ကြေးပေးသွင်းထားသည့် အလုပ်သမားစာရင်းအရ ထောက်ပံ့မှုပေးအပ်သွားမည်ဖြစ်ရာ လူမှုဖူလုံရေးဥပဒေနှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနမှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ အမှန်ရှိသည့် အလုပ်သမားဦးရေအတိုင်း မပေးသွင်းခဲ့ခြင်းကြောင့် အလုပ်သမားများထောက်ပံ့ကြေးငွေများ ခံစားခွင့်မရှိခြင်း၊လုပ်ခလစာလျှော့၍ ပေးသွင်းခြင်းတို့ကြောင့် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်လျှော့နည်းခံစားရခြင်းများဖြစ်ပေါ်ပါက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပုဒ်မ ၆၉ နှင့်အညီ အလုပ်ရှင်များမှ လူမှုဖူလုံရေးအဖွဲ့ကိုယ်စားထောက်ပံ့ပေးရန်ဖြစ်ပြီး Online Webportal တွင် SSB Webportal (https://www.ssbmyanmar.org) သို့ ဝင်ရောက်ရမည်ဖြစ်သည်။

အလုပ်ရှင်များအနေဖြင့် လူမှုဖူလုံရေးအဖွဲ့၏ Online Webportal မှ လျှောက်ထားရန် အခက်အခဲရှိပါက သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးခွဲများနှင့် လူမှုဖူလုံရေးရုံးချုပ် ၀၆၇-၃၄၃၁၇-၁၅၁၊ ၀၆၇-၃၄၃၁၇-၉၁၂၊ ၀၆၇-၃၄၃၁၇-၉၂၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး အလုပ်ရှင်များအနေဖြင့် အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များ အမြန်ဆုံး ထုတ်ပေးနိုင်ရေးနှင့် စာရင်းများကိုက်ညီမှုရှိရေးအတွက် တာဝန်ရှိသူများနှင့် အမြန်ဆုံးချိတ်ဆက်ဆောင်ရွက်ရန် လူမှုဖူလုံရေးအဖွဲ့မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)သို့ အကူအညီ တောင်းခံထားကြောင်းလည်း သိရသည်။ **သန်းထိုက်**

# ကိုဗစ်-၁၉ ရောဂါ ကာလ၌ ဆင်ဆာစနစ်ဖြင့် အဖွင့်အပိတ်ပြုလုပ်နိုင်သည့် နည်းပညာအထောက်အကူပြုပစ္စည်း ပစ္စည်းသယ်ကိရိယာပြုလုပ်

**လားရှိုး မေ ၁၃**

ကိုဗစ်-၁၉ ရောဂါ ကာလ၌ လားရှိုးနည်းပညာတက္ကသိုလ်နှင့် လားရှိုးကွန်ပျူတာတက္ကသိုလ်ကျောင်းသားကျောင်းသူများက ဆင်ဆာစနစ်ဖြင့် အဖွင့်အပိတ် ပြုလုပ်နိုင်သည့် နည်းပညာအထောက်အကူပြုပစ္စည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆင်ဆာစနစ်ဖြင့် ဖွင့်နိုင်ပိတ်နိုင်သော ကျန်းမာရေးဆိုင်ရာနည်းပညာအထောက်အကူပြုပစ္စည်းသယ် ကိရိယာသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်လူနာများထံသို့ ပစ္စည်းများပေးပို့ရာ၌ အဆင်ပြေစွာအသုံးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ နည်းပညာအထောက်အကူပြုပစ္စည်းများ အစဉ်တစိုက်ပြုလုပ်နေသော လားရှိုးနည်းပညာတက္ကသိုလ်နှင့် လားရှိုးကွန်ပျူတာတက္ကသိုလ်သို့ ကျောင်းတစ်ကျောင်းလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၂၀ ကို ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရန်ပုံငွေလက်ခံရေးနှင့်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က ပေးအပ်ခဲ့ရာ လားရှိုးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင့်ဆန်း၊ လားရှိုးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ နန်းစိုးစိုးအောင်နှင့် ပါမောက္ခဆရာဆရာမများ၊ကျောင်းသားကျောင်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၀၆၁ | ၁၈၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၇၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၃၉၈၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၆၆ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၁ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၃-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် မေ ၁၃**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ၁၃-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၄၁၁၃၃၉ | ၂၉၈၆၄၃ | ၈၃၅၆၄ |
| ၂။ | စပိန် | ၂၇၁၀၉၅ | ၁၈၃၂၂၇ | ၂၇၁၀၄ |
| ၃။ | ရုရှား | ၂၄၂၂၇၁ | ၄၈၀၀၃ | ၂၂၁၂ |
| ၄။ | ဗြိတိန် | ၂၂၉၇၀၅ | စိစစ်ဆဲ | ၃၃၁၈၆ |
| ၅။ | အီတလီ | ၂၂၁၂၁၆ | ၁၀၉၀၃၉ | ၃၀၉၁၁ |
| ၆။ | ဘရာဇီး | ၁၇၉၄၅၇ | ၇၂၅၉၇ | ၁၂၅၃၁ |
| ၇။ | ပြင်သစ် | ၁၇၈၂၂၅ | ၅၇၇၈၅ | ၂၆၉၉၁ |
| ၈။ | ဂျာမနီ | ၁၇၃၅၄၆ | ၁၄၈၇၀၀ | ၇၇၈၀ |
| ၉။ | တူရကီ | ၁၄၁၄၇၅ | ၉၈၈၈၉ | ၃၈၉၄ |
| ၁၀။ | အီရန် | ၁၁၂၇၂၅ | ၈၉၄၂၈ | ၆၇၈၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၃ - ၅ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၅၃၄၆ | ၄၈၀၉ | ၂၁ |
| အင်ဒိုနီးရှား | ၁၅၄၃၈ | ၃၂၈၇ | ၁၀၂၈ |
| ဖိလစ်ပိုင် | ၁၁၆၁၈ | ၂၂၅၁ | ၇၇၂ |
| မလေးရှား | ၆၇၇၉ | ၅၂၈၁ | ၁၁၁ |
| ထိုင်း | ၃၀၁၇ | ၂၈၄၄ | ၅၆ |
| ဗီယက်နမ် | ၂၈၈ | ၂၅၂ | ၀ |
| မြန်မာ | ၁၈၁ | ၇၉ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၁ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

# “လွှတ်တော်အစည်းအဝေးတက်ရောက်မယ့် ကိုယ်စားလှယ်တွေကို ကိုဗစ်-၁၉ စစ်ဆေးဖို့အတွက် နမူနာယူတာတွေ ဆောင်ရွက်နေပါတယ်၊ အစည်းအဝေးမစခင် နောက်အကျဆုံး ဒီလ ၁၇ ရက်မှာ ရောဂါ ရှိ ၊ မရှိ အဖြေတွေကို သိရမှာဖြစ်ပါတယ်”

**အမြဲတမ်းအတွင်းဝန် ဦးကျော်စိုး**

နေပြည်တော် မေ ၁၃

**ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိသည့် Coronavirus Disease 2019 (COVID–19) ကြောင့် ဒုတိယအကြိမ် (၁၆)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေးများ ကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းခဲ့ရပြီး မေ ၁၈ ရက်တွင် ပြန်လည်ကျင်းပတော့မည်ဖြစ်ရာ အစည်းအဝေးတက်ရောက်မည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးနီးပါး ရောက်ရှိသတင်းပို့ထားပြီး ကိုဗစ်–၁၉ ဆိုင်ရာ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပရန် စီစဉ်ထားရှိမှုကို တွေ့ရစဉ်။

“ယခင်လွှတ်တော်အစီအစဉ်တွေ ထုတ်ပြန်ထားတဲ့အထဲမှာ ပုံမှန်အားဖြင့် ဧပြီ ၂၇ ရက်က စတင်ကျင်းပဖို့ လျာထားပြီး ဖြစ်ပါတယ်။ (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပြီးတဲ့နောက်မှာ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ဒီ(၁၆)ကြိမ်မြောက်အစည်းအဝေးကို မေ ၁၈ ရက်မှာ ကျင်းပဖို့ ရွှေ့ဆိုင်းခဲ့တာဖြစ်ပါတယ်”ဟု ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးကျော်စိုးက ပြောသည်။

“ဒီအစည်းအဝေးမှာ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ရမယ့် ပြည်ထောင်စုရဲ့ ဖြည့်စွက်ရန်ပုံငွေကိစ္စအပါအဝင် မဖြစ်မနေ ဆောင်ရွက်ရမယ့်ကိစ္စတွေကို ဆွေးနွေးမှာဖြစ်ပါတယ်။ လွှတ်တော်ပြက္ခဒိန်ရေးဆွဲရာမှာလည်း ဒါတွေကို အခြေခံပြီး ရေးဆွဲရတာဖြစ်ပါတယ်။ လက်ရှိ ကပ်ရောဂါ အခြေအနေကြောင့် သုံးပတ် ရွှေ့ဆိုင်းထားခဲ့ရပါတယ်။ လုပ်စရာရှိတဲ့ကိစ္စတွေက မဖြစ်မနေလုပ်ပေးရမယ့် အနေအထားမျိုးဖြစ်လာတဲ့အတွက် မေ ၁၈ ရက်မှာ အစည်းအဝေးကျင်းပဖို့ စီစဉ်လိုက်ရတာ ဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေကိစ္စ၊ ကိုဗစ်–၁၉ နှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်က ချေးယူမည့် အမေရိကန်ဒေါ်လာ သန်း ၅၀ ကိစ္စအပါအဝင် ဦးစားပေးဆောင်ရွက်ရမည့် ဥပဒေကြမ်းများကို ဆွေးနွေးအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

“အစည်းအဝေးကျင်းပဖို့ စီစဉ်တဲ့အခါ ပုံမှန်အစည်းအဝေးသဘောမျိုးအနေနဲ့ပဲ ၂၁ ရက်ကြိုပြီးတော့



ပြည်ထောင်စုလွှတ်တော်ရုံး
အမြဲတမ်းအတွင်းဝန် ဦးကျော်စိုး

ကြေညာခဲ့တယ်။ သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအသီးသီးကို ရောက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအတွက် ပထမဆုံးစဉ်းစားရပါတယ်။ သူတို့အတွက် ကျန်းမာရေး စစ်ဆေးမှုနဲ့ သွားရေးလာရေးကိစ္စတွေကိုပါ စီစဉ်ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း တစ်ပတ်ကြိုတင်ခေါ်ယူထားပြီး ကိုဗစ်–၁၉ ဆိုင်ရာ ကျန်းမာရေးစစ်ဆေးဖို့အတွက် သတ်မှတ်ထားတဲ့ ညွှန်ကြားချက်နဲ့အညီ ဆောင်ရွက်နိုင်ဖို့ စီစဉ်ထားပါတယ်။

“လွှတ်တော်ကိုယ်စားလှယ်တွေကို ကိုဗစ်–၁၉ စစ်ဆေးဖို့အတွက် နမူနာယူတာတွေ ဆောင်ရွက်နေပါတယ်။ ဒီရက်ပိုင်းမှာမရောက်တဲ့သူကိုတော့ အစည်းအဝေးမှာ တက်ခွင့်မပေးတော့ပါဘူး။ အစည်းအဝေးမစခင် နောက်အကျဆုံး ၁၇ ရက်မှာ ရောဂါရှိမရှိ အဖြေတွေကို သိရမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေ ရောက်ရှိသတင်းပို့တဲ့ ကောင်တာမှာထိုင်မယ့် ဝန်ထမ်းတွေ၊ ကိုယ်စားလှယ်တွေဆီကို စာရွက်စာတမ်းတွေ ဖြန့်ဝေမယ့် ဝန်ထမ်းတွေ၊ လွှတ်တော်အစည်းအဝေးကာလအတွင်းမှာ ထိတွေ့ဆက်ဆံ ဆောင်ရွက်ရမယ့် ဝန်ထမ်းတွေကို ကိုဗစ်–၁၉ စစ်ဆေးဖို့အတွက် နမူနာယူပြီးဖြစ်ပါတယ်” ဟု ဦးကျော်စိုးက ပြောသည်။

“အစည်းအဝေးကျင်းပဖို့ ပြင်ဆင်ထားမှု အပိုင်းအနေနဲ့လည်း ပြည်ထောင်စု လွှတ်တော်ကတော့ လွှတ်တော်ကိုယ်စားလှယ်များတဲ့အတွက် အဓိကအခက်အခဲက အစည်းအဝေးခန်းမအတွင်း နေရာချထားမှုဖြစ်ပါတယ်။ လက်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမထဲမှာပဲ နေရာချထားမှုကို သတ်မှတ်ထားတဲ့ Social Distancing အကွာအဝေးဖြစ်အောင် အတတ်နိုင်ဆုံး စီစဉ်ထားပါတယ်။ ကိုယ်စားလှယ်တွေထိုင်တဲ့ အောက်ထပ်မှာ လက်ရှိရှိတဲ့ ထိုင်ခုံနေရာတွေအပြင် နောက်ဘက်တွေမှာ ထပ်ပြီးတော့ ယာယီနေရာတွေ စီစဉ်ရတယ်။ ယာယီနေရာတွေ ထည့်သွင်းစီစဉ်ပေးမယ့် အောက်ထပ်မှာ လွှတ်တော်ကိုယ်စားလှယ် ၄၆၀ ပဲ ဝင်ဆံ့ပါတယ်။ ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ် ၁၂၀ အတွက် အပေါ်ထပ် လေ့လာရေးစင်မြင့်နေရာမှာ နေရာချထားဖို့ ပြင်ဆင်ထားပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ အောက်ထပ်၌ ထပ်မံပြင်ဆင်ထားသည့် နေရာများနှင့် လေ့လာရေးစင်မြင့်နေရာများတွင် အစည်းအဝေးတက်ရောက်ကြမည့် ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရန်ရှိပါက FM Mic ဖြင့်သာ ဆွေးနွေးရမည်ဖြစ်ပြီး Voting ကိုလည်း လက်ရှိ အစည်းအဝေးခန်း နေရာချထားမှုအရ E–Voting စနစ်အစား မတ်တပ်ရပ်၍ ဆန္ဒမဲပေးရန် စီစဉ်ထားပြီး အဆိုပါအစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များအား ကြိုတင်အသိပေးပြီးဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ် (၁၆)ကြိမ်မြောက် လွှတ်တော် ပုံမှန်အစည်းအဝေးများကို သတ်မှတ်ရက်ထက် နောက်ကျကျင်းပရသော်လည်း အချိန်တိုအတွင်း ပြီးစီးအောင် စီစဉ်ထားပြီး အစည်းအဝေးပြီးဆုံးရက်ကို ယခင်သတ်မှတ်ထားသည့် ဇွန် ၅ ရက်ထက် နောက်မကျဘဲ ပြီးစီးနိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

“လွှတ်တော်ကိုယ်စားလှယ်တွေ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတက်ဖို့ လွှတ်တော်ကိုရောက်တဲ့အခါ ယခင်ကလို တစ်နေရာတည်းမှာပဲ ကားတွေစုရပ်တာမျိုး မဟုတ်ဘဲ တပ်မတော်သားအစုအဖွဲ့အတွက် တစ်နေရာ၊ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေအတွက် တစ်နေရာ၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေအတွက် တစ်နေရာဆိုပြီး ယာဉ်စုရပ်တွေကို နေရာခွဲထားပါတယ်။ ဒါ့အပြင် မော်တော်ယာဉ်များအပေါ်မှာလည်း သတ်မှတ်ထားတဲ့ အကွာအဝေးနဲ့ လိုက်ပါ စီးနင်းနိုင်အောင် စီစဉ်ထားပါတယ်။ အစည်းအဝေးတက်ရောက်ကြောင်း သတင်းပို့တဲ့ ကောင်တာတွေကိုလည်း ယခင်လိုမဟုတ်ဘဲ ဖြန့်ခွဲထားပြီး

*စာမျက်နှာ ၉ သို့*

“ သတင်းရယူဖို့နဲ့ စပ်လျဉ်းပြီး မီဒီယာတွေကိုလည်း ယခင်က သတင်းမီဒီယာဌာနတစ်ခုအတွက် နှစ်ယောက်၊ သုံးယောက်ခွင့်ပြုပေမယ့် ယခုအခါမှာ တစ်ဦးပဲ ခွင့်ပြုပေးပါတယ်။ ဒါ့အပြင် အစည်းအဝေးကာလတစ်လျှောက် ခွင့်ပြုထားတဲ့ သတင်းမီဒီယာသမားတစ်ဦးကပဲ လာရောက်သတင်းယူဖို့နဲ့ လွှတ်တော်ဝင်းအတွင်းမှာ မီဒီယာများအနေနဲ့ ဘယ်လွှတ်တော်ကိုယ်စားလှယ်ကိုမှ မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်း သတင်းရယူတာ မလုပ်ဖို့ မီဒီယာများကိုလည်း ကြိုတင်ပန်ကြားထားပြီး ဖြစ်ပါတယ် ”

*စာမျက်နှာ ၈ မှ*

စနစ်တကျ သတင်းပို့နိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ ဒ့ါအပြင် လိုအပ်တဲ့ လက်ဆေးရည်တွေ၊ လက်ဆေးဆပ်ပြာတွေကိုလည်း စီစဉ်ပေးထားပါတယ်။


“သတင်းရယူဖို့နဲ့ စပ်လျဉ်းပြီး မီဒီယာတွေကိုလည်း ယခင်က သတင်းမီဒီယာဌာနတစ်ခုအတွက် နှစ်ယောက်၊ သုံးယောက်ခွင့်ပြုပေမယ့် ယခုအခါမှာ တစ်ဦးပဲ ခွင့်ပြုပေးပါတယ်။ ဒ့ါအပြင် အစည်းအဝေးကာလတစ်လျှောက် ခွင့်ပြုထားတဲ့ သတင်းမီဒီယာသမားတစ်ဦးကပဲ လာရောက်သတင်းယူဖို့နဲ့ လွှတ်တော်ဝင်းအတွင်းမှာ မီဒီယာများအနေနဲ့ ဘယ်လွှတ်တော်ကိုယ်စားလှယ်ကိုမှ မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်း သတင်းရယူတာ မလုပ်ဖို့ မီဒီယာများကိုလည်း ကြိုတင်ပန်ကြားထားပြီး ဖြစ်ပါတယ်။

“လွှတ်တော်အကြီးအမှူး လူကြီးတွေက နေပြည်တော်အတွင်း သတ်မှတ်ထားတဲ့ ဧရိယာအတွင်းမှာပဲ နေထိုင်ကြတာဆိုတော့ လောလောဆယ်မှာ သီးခြားကျန်းမာရေး စစ်ဆေးဖို့ အစီအစဉ်မရှိပါဘူး။ နေပြည်တော်နယ်မြေအတွင်းမှာ ရှိနေတာမဟုတ်ဘဲ အနယ်နယ် အရပ်ရပ်ကလာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို ဦးစားပေးပြီး ကျန်းမာရေးစစ်ဆေးမှုတွေ ဆောင်ရွက်တာဖြစ်ပါတယ်” ဟု ဦးကျော်စိုးက ပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးကျင်းပနေစဉ်ကာလအတွင်း နေပြည်တော် ပြင်ပသို့ မထွက်ခွာရန်နှင့် သတ်မှတ်နေရာ၌သာ နေထိုင်ကြပြီး လွှတ်တော်ဆိုင်ရာ အစည်းအဝေးကိစ္စများကို ဆောင်ရွက်ကြရန် ပန်ကြားထားကြောင်း၊ ယခုကျင်းပမည့် လွှတ်တော်အစည်းအဝေးရက်များအတွင်း လေ့လာသူများ လာရောက်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပရန် စီစဉ်ထားရှိမှုကို တွေ့ရစဉ်။



လွှတ်တော်ကိုယ်စားလှယ်များ စာရင်းပေးသွင်းရန်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။

လွှတ်တော်အစည်းအဝေးများ ကျင်းပနေသည့်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် မီဒီယာများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များရှိ အစည်းအဝေးခန်းမဝင်ပေါက်အားလုံးတွင် အပူချိန်တိုင်းတာသည့် စက်များ တပ်ဆင်ထားပြီး နေ့စဉ်ကျန်းမာရေး စစ်ဆေးမှုများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်ကြမည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ ၎င်းတို့၏ အုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့ ရုံးဝန်ထမ်းများ၊ စားရိပ်သာတာဝန်ကျဝန်ထမ်းများ၊ ယာဉ်မောင်းများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမြင့်၊ ဟန်လင်းနိုင်၊ မျိုးသူဟိန်း**
**ဓာတ်ပုံ-ဟိန်းမင်းစိုး**



အပူချိန်တိုင်းတာမည့်စက်ကို တွေ့ရစဉ်။



လွှတ်တော်ကိုယ်စားလှယ်များ၏ စာရွက်စာတမ်းများ ထားရှိရန် Locker များ။

# ပူတာအိုမြို့ အထက-လေယာဉ်ကွင်းကျောင်း၌ ဖွင့်လှစ်ထားသည့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် သောက်သုံးရေလှူဒါန်း



**ပူတာအို မေ ၁၃**

ကချင်ပြည်နယ် ပူတာအိုမြို့ အထက-လေယာဉ်ကွင်းကျောင်းတွင် ဖွင့်လှစ်ထားရှိသည့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် မေ ၁၂ ရက်က ပူတာအိုမြို့နယ်မီးသတ်စခန်းမှ သွားရောက်လှူဒါန်းသည်။

"ကျွန်တော်တို့ ပူတာအိုမြို့နယ်မီးသတ်စခန်းအနေနဲ့ ရေလယ်ယာဉ်တစ်စီးနဲ့ ရေဂါလန် ၁၆၀၀ ခန့်ကို အထက-လေယာဉ်ကွင်းကျောင်းမှာ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီးတော့ စောင့်ကြည့်ခံတွေထားရှိတဲ့ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာမှာ ရေလာရောက်ပေးလှူရတာဖြစ်ပါတယ်။ ဒီ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး စောင့်ကြည့်ခံထားရှိတဲ့သူတွေ သောက်သုံးရေမလုံလောက်တဲ့ အတွက်ကြောင့် မီးသတ်ဦးစီးဌာနက ပေးလှူရတာဖြစ်ပါတယ်။ အများနဲ့သက်ဆိုင်တဲ့ ရပ်ကွက်/ကျေးရွာတွေမှာ ရေရှားပါးမှုဖြစ်ပေါ်ခဲ့ရင် ကျွန်တော်တို့ မီးသတ်ဦးစီးဌာနနဲ့ ဆက်သွယ်ပြီး အကူအညီတောင်းခံနိုင်ပါတယ်"ဟု ဒုမီးသတ်ဦးစီးမှူး ဦးတိတုက ပြောသည်။

အဆိုပါ ပူတာအိုမြို့နယ် မီးသတ်စခန်းမှ ဒုမီးသတ်ဦးစီးမှူး ဦးတိတုဦးဆောင်သောအဖွဲ့က မီးသတ်ရေလယ်ယာဉ်တစ်စီးဖြင့် ရေဂါလန် ၁၆၀၀ ခန့်ကို သွားရောက်လှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး အများနှင့်သက်ဆိုင်သောနေရာများတွင် သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက ပူတာအိုမြို့နယ် မီးသတ်စခန်း ဖုန်း-၀၉၈၉၆၁၀၉၄၄၉၁၊ ၀၉၈၈၆၁၀၉၄၄၉၂ သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်သည့်အပြင် သဘာဝဘေး၊ မီးဘေး၊ သစ်ပင်လဲ၊ ရေကြီး၊ မြေပြိုယာဉ်တိုက်မှုဖြစ်စဉ်များတွင်လည်း အချိန်နှင့်တစ်ပြေးညီ အဆိုပါဖုန်းများသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

---

◆ *ကျော်ဖုံးမှ*

"တရုတ်နိုင်ငံဘက်ကို ဝင်ရောက်မယ့် ကုန်တင်ယာဉ်တွေဟာ မူဆယ်မြို့လမ်းကြောင်းတစ်လျှောက်မှာ ယာဉ်ကြောပိတ်ဆို့မှုတွေမဖြစ်ပွားဘဲ ယာဉ်သွားလာမှု စနစ်တကျဖြစ်အောင် ထိန်းသိမ်းပေးရသလို တစ်ဖက်ကလည်း ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် အသိပညာပေးလုပ်ငန်းတွေကို မူဆယ်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မူဆယ်မြို့ထဲကို ကုန်တင်ယာဉ်တွေ ဝင်ရောက်လာတဲ့အခါမှာ နှာခေါင်းစည်းတွေ အဆင်သင့်တပ်ဆင်နိုင်ဖို့အတွက် မြေပြင်မှာ သွားရောက်ပြီးတော့ ဝေငှပေးရတာဖြစ်ပါတယ်"ဟု မူဆယ်ခရိုင် အမှတ်(၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးချစ်စိန်က ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်မည့် ကုန်တင်ယာဉ်မောင်းများအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးရခြင်းအကြောင်းကို ပြောကြားသည်။

မူဆယ်မြို့၌ ကိုဗစ်-၁၉ရောဂါကူးစက်ခြင်းမှ ကြိုတင်ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရန်အတွက် မူဆယ်ခရိုင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများနှင့် အလှူရှင်များက ထောက်ပံ့လှူဒါန်းပေးအပ်ထားသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို မူဆယ်မြို့ အမှတ်(၁၂၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှတစ်ဆင့် မြေပြင်တွင် ပြည်သူလူထုများအသုံးပြုနိုင်ရန်အတွက် လက်တွေ့ဖြန့်ဝေပေးခြင်းဖြစ်သည်။ ဆက်လက်ပြီး မူဆယ်မြို့ အမှတ်(၁၂၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုက မူဆယ်မြို့ မြို့တွင်း၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် ရပ်ကွက်တချို့တွင် အိမ်တိုင်ရာသွားရောက်၍ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လိုက်လံထောက်ပံ့ပေးအပ်လျက်ရှိသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နှင့် ၁၀၅ မိုင်ကြားတွင် တရုတ်နိုင်ငံဘက်သို့ဝင်ရောက်ရန် ကုန်တင်ယာဉ် စုစုပေါင်း အစီး ၅၀၀ ခန့် စောင့်ဆိုင်းနေကြပြီး အဆိုပါကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်းများကို မူဆယ်ခရိုင် အမှတ်(၁၂၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ လေးရက်ကြာ အခမဲ့ဖြန့်ဝေနေပြီဖြစ်ကြောင်း သိရသည်။ **ဆလိုင်းဇန်ရှီးထန်(မြန်/ဆက်)**

---

## မလှိုင်မြို့နယ် ဘောလုံးအဖွဲ့ချုပ်မှ မြို့နယ်လက်ရွေးစင်ဘောလုံးသမားများနှင့် လူမှုရေးအသင်းများအား ထောက်ပံ့လှူဒါန်း

**မလှိုင် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မြို့နယ်ဘောလုံးအဖွဲ့ချုပ်က မြို့နယ်လက်ရွေးစင်ဘောလုံး အားကစားသမားများနှင့် မလှိုင်မြို့ရှိ ပရဟိတဆောင်ရွက်နေသည့်အဖွဲ့များအား ထောက်ပံ့လှူဒါန်းခြင်းအခမ်းအနားကို မလှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁၂ ရက်က ကျင်းပသည်။ **(အောက်ပုံ)**

မြို့နယ် ဘောလုံးအဖွဲ့ချုပ်က မြို့နယ်အတွင်းရှိ လက်ရွေးစင်ဘောလုံးသမား ၅၅ ဦးနှင့် ဘောလုံးဒိုင်အဖွဲ့ဝင်ဦးအတွက် တစ်ဦးလျှင် ဆန်ငါးပြည်နှင့် ဆေးရုံသုံး နှာခေါင်းစည်းသုံးခုစီ ထောက်ပံ့ခဲ့ပြီး မလှိုင်မြို့ ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်ရေးဆောင်ရွက်နေသည့် Saving Mahlaing Group နှင့် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများအား ထောက်ပံ့နေသည့် Quarantine Center Supporting Group (Q.C.S.G) အဖွဲ့တို့ကို အလှူငွေကျပ် ၅၀၀၀၀ စီ လှူဒါန်းခဲ့ကြသည်။




မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဘဏ္ဍာရေးမှူး Zaw & Striker Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးဇော်မင်းသန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရုံးဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ဆေးရုံ ဝန်ထမ်းများအား ဆေးရုံသုံး နှာခေါင်းစည်းများ ဆက်လက်ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၃**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း နှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

---

## လယ်ယာလုပ်ငန်းများတွင်ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အသိပေးကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လာမည့် စိုက်ပျိုးရာသီတွင် လယ်ယာထွက်ကုန်သီးနှံများ ထုတ်လုပ်မှုမကျဆင်းစေရေးနှင့် လတ်တလော ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသည့် ကိုဗစ်ကပ်ရောဂါကြောင့် လယ်ယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူလယ်သမားကြီးများ ထွန်ယက်ရေး၊ မျိုးရရှိရေး၊ သွင်းအားစုများ ရရှိသုံးစွဲရေးနှင့် ရင်းနှီးမြှုပ်နှံမှုငွေကြေးအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ချေးငွေ၊ အထောက်အပံ့နှင့် နိုင်ငံတော်ဘတ်ဂျက်တို့ဖြင့် နိုင်ငံနှင့်အဝှမ်းရှိ ဧက (၂)သိန်းတွင် သီးနှံစုံ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် စံပြကျေးရွာများတွင် သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့် တောင်သူများနှင့် အကျိုးတူလယ်ယာစနစ် (Contract Farming) ဧက(၂)သိန်း စိုက်ပျိုး ထုတ်လုပ်ခြင်း၊ စုစုပေါင်း ဧက (၄)သိန်း အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါဧက(၄)သိန်းတွင် ဆောင်ရွက်ရမည့် ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်း၊ ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ မြေဩဇာထည့်သွင်းခြင်း၊ ပေါင်းသတ်ဆေး/ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ ရေသွင်း/ရေထုတ်ပြုလုပ်ခြင်း၊ မျိုးကွဲပယ်နုတ်ခြင်းအပါအဝင် အပင်ပြုစုခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ ခူးဆွတ်ခြင်း၊ သန့်စင်ခြင်း၊ ထုပ်ပိုးခြင်းစသည့်လုပ်ငန်းများတွင် လုပ်သားများစွာ လိုအပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ များစွာ ပေါ်ပေါက်မည် ဖြစ်ပါသည်။

၃။ သို့ပါ၍ ဖော်ပြပါလယ်ယာလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (နေပြည်တော်၊ ရုံးချုပ်)၊ ဖုန်း-၀၆၇-၄၁၀၅၂၆ သို့ ဆက်သွယ်နိုင်ကြောင်းနှင့် နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများသို့ ဆက်သွယ်၍ စာရင်းပေးသွင်းထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

---

## စိန်တလုံးသရက် ရိတ်သိမ်းချိန်လွန်နည်းပညာအကြောင်း ပညာပေးလုပ်ငန်းများဆောင်ရွက်

**ကန့်ဘလူ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ရှိ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း(GAP) လက်မှတ်ရဥယျာဉ်ခြံ၌ စိန်တလုံးသရက် ရိတ်သိမ်းချိန် လွန်နည်းပညာအကြောင်း ဒေသခံခြံပိုင်ရှင်များအား အသိပညာပေးသည့် လုပ်ငန်းကို မေ ၁၂ ရက်က ဆောင်ရွက်ခဲ့ပြီး ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကွင်းတာဝန်ခံများ၊ လယ်ယာလုပ်သားများ တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးဝင်းရွှေက ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာများ စားသုံးနိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့် နည်းပညာများပေးလျက်ရှိကြောင်း၊ သီးနှံမျိုးစုံကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးပြီး GAP လက်မှတ်ရရှိရေးကိုလည်း ဆောင်ရွက်ပေးနေကြောင်း၊ ယခုအခါ ခရိုင်အတွင်း GAP လက်မှတ်ရသရက်ခြံ ၂၇ ခြံရှိပြီး နဂါးမောက်ခြံ ခြောက်ခြံရှိကြောင်း၊ ယခုအချိန်မှာ သရက်သီးများဆွတ်ခူးချိန်ဖြစ်၍ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ လယ်ယာလုပ်သားများအား ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း ဖြစ်ကြောင်းနှင့် ဈေးကွက်ရရှိရန်လည်း ချိတ်ဆက်ဆောင်ရွက်ပေးနေကြောင်း ပြောကြားသည်။



သရက်သီးရိတ်သိမ်းချိန်လွန်နည်းပညာအကြောင်း အသိပညာပေးစဉ်။

ကန့်ဘလူမြို့ ဥယျာဉ်ခြံကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်တည်ထောင်ခဲ့ပြီး သရက်သီးနှံ အဓိကစိုက်ပျိုးခဲ့ကြောင်း၊ GAP အသိအမှတ်ပြုလက်မှတ်ရ စိန်တလုံးသရက် ၁၅ ဧက၊ အပင်ပေါင်း ၁၅၀၀ စိုက်ပျိုးထားကြောင်း သိရသည်။ **မျိုးဝင်းညို**

## ချင်းပြည်နယ် ဟားခါးမြို့၌ ဆိုင်ကယ်ခိုးသူ လူငယ်လေးဦးကို ဖမ်းဆီးရမိ

**ဟားခါး မေ ၁၃**

ချင်းပြည်နယ် ဟားခါးမြို့ပေါ်တွင် မေလပထမပတ်က ဆိုင်ကယ်ခိုးယူသူ လူငယ်လေးဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟားခါးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ဖြိုးဝေ ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ဟားခါးမြို့ မြို့သစ်ရပ်ကွက် ဂေါက်ကွင်းအတွင်း နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် မြို့သစ်ရပ်ကွက်နေ တီမောသဲကို ဆိုင်ကယ်တစ်စီးဖြင့် လည်းကောင်း၊ ဖွန်ကွေ့ထန်ကို ရှေ့နောက်နံပါတ်ပြားမပါ၊ ကာဘာများဖြုတ်ထားသည့် အနက်ရောင် FZ ဆိုင်ကယ်ဖြင့် လည်းကောင်း တွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ၎င်းတို့နှစ်ဦးမှာ ပိုင်ဆိုင်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသဖြင့် ဆိုင်ကယ်များအား သိမ်းဆည်းခဲ့ပြီး ရဲစခန်းပိုင်နယ်မြေအတွင်းမှ ခိုးယူလာခြင်းဖြစ်ကြောင်း မသင်္ကာသဖြင့် ဟားခါးမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စစ်ဆေးဖော်ထုတ်ချက်များအရ ၎င်းတို့နှင့်အတူ အခြားလူငယ်နှစ်ဦးကိုလည်း ဆိုင်ကယ်များခိုးယူခဲ့ရာတွင် ပါဝင်ခဲ့ကြောင်းနှင့် ခိုးယူခဲ့သော ဆိုင်ကယ်များအနက် တီမောသဲ၏ နေအိမ်တွင် ဆိုင်ကယ်ငါးစီးကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ဆိုင်ကယ်ခိုးယူရာတွင်ပါဝင်သူ လူငယ်နှစ်ဦးနှင့်အတူ ဆိုင်ကယ်ခိုးယူသူ စုစုပေါင်း လူငယ်လေးဦးကို အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်ခွီရှိန်း**
**(ပြန်/ဆက်)**



ဆိုင်ကယ်ခိုးသူ လူငယ်လေးဦးအား ၎င်းတို့ခိုးယူခဲ့သည့် ဆိုင်ကယ်များနှင့်အတူ တွေ့ရစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၁၄ . ၅ . ၂၀၂၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၇:၀၀ – Breakfast News
၇:၃၅ – NRC အစီအစဉ် "ခမ်းနားထည်ဝါ အင်းသားတို့ရဲ့ရှေးလက်ရာ"
၈:၃၅ – နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)
၉:၅၀ – "ပြည်တော်ပြန်ခရီးနဲ့ နွေးထွေးတဲ့တိုင်းပြည်"
၁၀:၃၅– "လှမ်းလာခဲ့ပါ သစ်တောနှင့်သဘာဝ ဝန်းကျင်ပြတိုက်တည်ရှိရာ"
၁၃:၃၀– နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာခေါက်ဆွဲ" (အပိုင်း– ၂)

**ညပိုင်း**

၁၆:၃၀–"ဆန်းသစ်တီထွင် ဆေးဖက်ဝင် ပယင်းအလှရတနာအသွင်"
၁၇:၀၅– ပြည်သူ့အကျိုးပြုမှတ်တိုင်များ "ရန်ကုန်မြို့တော်တစ်ခွင်" (ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်)
၁၇:၁၅– "ဖြူစင်စိတ်ထား အလှူရှင်များနှင့် ပရဟိတလုပ်ငန်းများ"
၁၇:၃၅– လူမှုစီးပွားမြင်ကွင်းများ
၁၈:၅၀– "အန္တရာယ်နေ့ရက်တွေကို အားလုံးနဲ့အတူ ရင်ဆိုင်ကျော်လွှားမယ်"
၁၉:၂၀– နိုင်ငံခြားဇာတ်လမ်းတွဲ "နှလုံးသားခေါ်ဆောင်ရာ " (အပိုင်း– ၄၄)
၂၀:၀၀– ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
– နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့)
– တက္ကသိုလ်ရာပြည့် ဂုဏ်ပြုအစီအစဉ်များ
– မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## သဃ်္န်းကျွန်းနှင့် မိုးမိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၂ ရက် မွန်းလွဲ ၃ နာရီက သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ–၂၉ ရပ်ကွက် ကောက်စောလမ်း အိမ်အမှတ် (၅၅/ခ)ပထမထပ်ရှိ မသွင့်ဝါဝါဇော်(ခ)မဝါ၏ နေအိမ်တိုက်ခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းအား မတွေ့ရှိရဘဲ လှမျိုး(ခ)ဝေယံကိုတွေ့ရှိရပြီး ဗီရိုအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၃ နာရီခွဲက တပ်မတော်မှ မိုးမိတ်မြို့နယ် စင့်ကင်ကျေးရွာအုပ်စု စင့်ကင်ကျေးရွာ မြို့ရှောင်လမ်းတွင် လှငွေမောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ရွှေလေး မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရှာဖွေရန်တားဆီးစဉ် ရွှေလေးမှာ ဆိုင်ကယ်ကိုထား၍ ထွက်ပြေးသွားခဲ့ပြီး လှငွေကို ဖမ်းဆီးရမိကာ ဆိုင်ကယ်နှစ်စီးပေါ်မှ ငွေကျပ်သိန်း ၁၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ ပြားနှင့် လှငွေထံမှ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## သာဂရ–ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်းတွင် တရားမဝင်သစ်များ တင်ဆောင်လာသည့် ယာဉ်တစ်စီး ဖမ်းဆီးရမိ

**ရေတာရှည် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာန မြို့နယ်သစ်တောဦးစီးမှူး ဦးငြိမ်းချမ်းနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ကျောက်မဆင်(၂) ဘိနယ်အတွင်း တရားမဝင်သစ်များ ထုတ်ယူမှုမရှိစေရေးအတွက် ကင်းလှည့်ဆောင်ရွက်ခဲ့ရာ မေ ၁၃ ရက် နံနက် ၂ နာရီခန့်က သာဂရ–ကိုးပင်ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင် ၁၈ မှ လှည်းပွဲကြီးကျေးရွာသို့သွားရာလမ်းတွင် ကျော်သန်း (၃၇ နှစ်)အမှတ် ၉ ရပ်ကွက် အုတ်ကျွတ်တန်း တောင်ငူမြို့နေသူ မောင်းနှင်ပြီး ကြည်ဝင်း (၆၀နှစ်) ၁၀ မိုင်ကျေးရွာ သာဂရမြို့နေသူ လိုက်ပါလာသော ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပျဉ်းကတိုးခွဲသား ၃၆ ချောင်း၊ ၃ ဒသမ ၈၆၇၂ တန်ကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား သာဂရနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ဖားကန့်၌ ကိုဗစ်-၁၉ ကာလအတွင်း ဆိုင်ကယ်ခိုးယူခံရမှု များပြား

**ဖားကန့် မေ ၁၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ကိုဗစ်–၁၉ ကြောင့် ညမထွက်ရအမိန့် အပါအဝင် အသွားအလာများ ကန့်သတ်ပြီး လူစုလူဝေးများ ရှောင်ရှားနေရချိန် မေလ ဒုတိယပတ်အတွင်း ဆိုင်ကယ်ခိုးယူခံရသည့် အစီးရေပေါင်း ၁၀ စီးထက်မနည်း များပြားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ဖားကန့်မြို့ မြို့မရပ်ကွက်တွင် ဆိုင်ကယ်ခြောက်စီးနှင့် ၄ှက်ပျောတော ရပ်ကွက်တွင် ငါးစီး တစ်ပတ်အတွင်း ခိုးယူခံခဲ့ရပြီး နေ့ခင်းဘက် လူမြင်ကွင်းတွင် ရပ်ထားသည့် ဆိုင်ကယ်များအပြင် အချို့ကျေးရွာ ချင်းဆက်လမ်းများတွင် လူကိုရိုက်၍ ဆိုင်ကယ်လုယူသူများလည်း ရှိနေကြောင်း သိရသည်။

ဆိုင်ကယ်ခိုးယူခံရသူ အများစုက သက်ဆိုင်ရာနယ်မြေရဲစခန်းများတွင် အမှုဖွင့်တိုင်ကြားခြင်း နည်းပါးသည့်အတွက် ဆိုင်ကယ်ခိုးယူသူများကို ဖမ်းမိသည့်အခါ အမှုခိုင်မာအောင် မတည်ဆောက်နိုင်သည့် အခက်အခဲ ကြုံရကြောင်း သိရသည်။

**တာလင်းမောင် (ပြန်/ဆက်)**

## ထိုင်းလိဂ်-၂ ကလပ် ချင်းမိုင်ယူနိုက်တက်အသင်းသို့ ကျော်ကိုကို ပြောင်းရွှေ့

**ရန်ကုန် မေ ၁၃**

မြန်မာ့လက်ရွေးစင်အသင်း တိုက်စစ်မှူး ကျော်ကိုကိုသည် ထိုင်းလိဂ်–၂ ကလပ် ချင်းမိုင်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

ကျော်ကိုကိုသည် ပြီးခဲ့သည့်ရက်ပိုင်းက ထိုင်းလိဂ်–၁ကလပ် ဆူခိုထိုင်းအသင်းနှင့် လမ်းခွဲပြီးနောက် ရက်ပိုင်းအကြာမှာပင် ချင်းမိုင်ယူနိုက်တက်အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ကျော်ကိုကိုသည် ချင်းမိုင်ယူနိုက်တက် အသင်းနှင့် စာချုပ် ချုပ်ဆိုခဲ့ပြီး တစ်နှစ်စာချုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။ ကျော်ကိုကိုသည် ၂၀၁၈ ခုနှစ်ကတည်းက ထိုင်းကလပ်များတွင် သွားရောက်ကစားခဲ့ပြီး လေးသင်းမြောက် အသင်းအဖြစ် ချင်းမိုင်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ကျော်ကိုကိုသည် ၂၀၁၈ ရာသီတွင် ထိုင်းလိဂ်–၁ ကလပ် ချင်းရိုင်ယူနိုက်တက်အသင်း၊ ၂၀၁၉ ရာသီတွင် ထိုင်းလိဂ်–၁ ကလပ် ဆာမတ်ပရာခန်အသင်း၊ ၂၀၂၀ ရာသီတွင် ထိုင်းလိဂ်–၁ ကလပ် ဆူခိုထိုင်းအသင်းတို့တွင် ပါဝင်ကစားခဲ့သည်။ ကျော်ကိုကိုသည် ဆူခိုထိုင်းအသင်းတွင် လပိုင်းသာကစားခဲ့ပြီး ကျန်သည့်အသင်းများတွင် တစ်ရာသီကြာကစားခဲ့သည်။ ကျော်ကိုကိုသည် ချင်းရိုင်ယူနိုက်တက် အသင်းတွင် ဒူးဒဏ်ရာပြင်းထန်စွာရခဲ့ပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရသောကြောင့်နောက်ပိုင်းတွင် အကောင်းဆုံးပုံစံရရန် ရုန်းကန်နေရသည်။

ကျော်ကိုကိုသည် ဒဏ်ရာရရှိပြီးနောက်ပိုင်းမြန်မာ့လက်ရွေးစင်အသင်းတွင် ပုံမှန်ပါဝင်ခွင့်မရသလို အဓိကနိုင်ငံတကာပြိုင်ပွဲ အချို့ကိုလည်း လွဲချော်နေရသည်။ **ညီမြတ်သော်တာ**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ဆိုင်ကယ်ခုနစ်စီး ခိုးမှုမှ ပြစ်မှုကျူးလွန်သူနှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးနိုင်

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဧပြီ ၄ ရက်တွင် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း သတင်းရရှိသူ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၆)ရပ်ကွက် အောင်ပြည့်စုံလမ်းနေ တင်ထွန်းနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် အောင်သီတာလမ်းနေ ဇေယျာထွန်း(ခ)ဇေယျာတို့ နှစ်ဦးကို စစ်မေးရာ ဖေဖော်ဝါရီလအတွင်း လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၁)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမဘေးတွင် ရပ်ထားသည့် ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

၎င်းတို့နှစ်ဦးကို အခြားခိုးမှုများဖြင့် အသေးစိတ်စစ်ဆေးခဲ့ရာ မတ်လနှင့် ဧပြီလအတွင်း ဆိုင်ကယ်ခြောက်စီးကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်း ဆိုင်ကယ်ခြောက်စီးကို သိမ်းဆည်းရရှိပြီးဖြစ်၍ ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**စီဘယ်လေ့စ်ကို သက်တမ်းတိုးမည်မဟုတ်**

အာဆင်နယ်အသင်းသည် အသင်း၌ အငှားဖြင့် ကစားနေသည့် ရီးရဲမက်ဒရစ်အသင်းမှ ဒန်နီ စီဘယ်လေ့စ် (၂၃နှစ်)ကို လက်ရှိပရီမီယာလိဂ်ရာသီပြီးဆုံးသည်အထိ ထိန်းထားနိုင်ရန် မျှော်လင့်နေကြောင်း သိရသည်။ သို့သော်လည်း အာဆင်နယ်အသင်းအနေဖြင့် ၎င်းကို နောက်ထပ်ရာသီအတွက် သက်တမ်းတိုးသွားမည်မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဒမ်ဘီလီကို ချယ်လ်ဆီးက ခေါ်ယူလို**

လိုင်ယွန်တိုက်စစ်ကစားသမား ဒမ်ဘီလီ (၂၃နှစ်) ကို ချယ်လ်ဆီး အသင်းက ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့သော်လည်း အဆိုပါ ကစားသမားကိုယ်တိုင်က ချယ်လ်ဆီးအသင်းထက် မန်ယူအသင်းသို့သာ ပြောင်းရွှေ့လိုနေသည်။ ပြိုင်ဘက် မန်ယူအသင်းကလည်း ပေါင်သန်း ၆၀ ဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိလိမ့်မည်ဟု ယုံကြည်နေကြောင်း သိရသည်။

**တိုဒီဘိုကို ခေါ်ယူရေးတွင် လိုက်ပ်ဇစ် ပါဝင်လာ**

လိုက်ပ်ဇစ်အသင်းသည် ဘာစီလိုနာအသင်းမှ ပြင်သစ်ခံစစ်ကစားသမား တိုဒီဘို (၂၀နှစ်) ခေါ်ယူရေးတွင် အဲဗာတန်အသင်းနှင့်အပြိုင် ပါဝင်လာခဲ့ကြောင်း သိရသည်။

**အဲလ်မာရာကို ခေါ်ယူရန် စိတ်ဝင်စား**

မန်ယူအသင်းသည် အာဂျင်တီးနားကလပ် ဗီလက်ဆာဖီ အသင်းမှ အသက် ၁၉ နှစ်အရွယ် ကစားသမား အဲလ်မာရာကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ထို့အပြင် အာဆင်နယ်အသင်းကလည်း အဆိုပါ ကစားသမားကို ခေါ်ယူရန် ချိတ်ဆက်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဂိုမက်စ်နှင့် စာချုပ်သစ်ချုပ်ဆိုရန် မန်ယူသဘောတူညီမှု မရရှိသေး**

မန်ယူအသင်းသည် ဇွန်လတွင် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည်ဖြစ်သော အသက် ၁၉ နှစ်အရွယ် ကွင်းလယ်ကစားသမား အိန်ဂျယ် ဂိုမက်စ်နှင့် စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီမှု မရရှိသေးကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ဒိန်းမတ်ထိပ်တန်းလိဂ် မေ ၂၈ ရက်တွင် ပြန်လည်စတင်နိုင်ဖွယ်ရှိ**

ဒိန်းမတ်ထိပ်တန်းလိဂ်ကို မေ ၂၈ ရက်တွင် ဘောလုံးပွဲများ ပြန်လည်စတင်နိုင်ရန် စီစဉ်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပွဲအားလုံးကို တံခါးပိတ်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇော်**

# ကပ်ရောဂါဖြစ်ပွားနေချိန် ချေးငွေအစီအစဉ်တစ်ရပ်ကို ဝန်ကြီးချုပ်မိုဒီ အလေးပေး

**နယူးဒေလီ မေ ၁၃**

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကျရောက်မှုကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် အိန္ဒိယနိုင်ငံ၏ စီးပွားရေးကို အကူအညီပေးရန် ဒေါ်လာ ၂၆၀ ဘီလီယံကျော်တန်ကြေးရှိသည့် ချေးငွေအစီအစဉ်တစ်ရပ်ကို အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ကြေညာလိုက်ကြောင်း သိရသည်။

မေ ၁၂ ရက်က ပြည်သူများသို့ ပြောကြားခဲ့သည့် ရုပ်မြင်သံကြားမိန့်ခွန်း၌ ဝန်ကြီးချုပ်မိုဒီက ပြီးခဲ့သည့် မတ်လနှောင်းပိုင်းမှစတင်ခဲ့သည့် အပြင်မထွက်ရအမိန့်ကို စည်းမျဉ်းလမ်းညွှန်ချက်အသစ်များဖြင့် ထပ်မံတိုးချဲ့မည်ဖြစ်ပြီး အချို့လမ်းညွှန်ချက်များကိုမူ အတိုင်းအတာတစ်ခုအထိ ဖြေလျှော့ပေးမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်သစ်သည် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းထုတ်ကုန်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှပြီး အလုပ်လက်မဲ့ဖြစ်နေသူများနှင့် လုပ်ငန်းရပ်ဆိုင်းထားရမှုကြောင့် ထိခိုက်နစ်နာခဲ့သည့် စီးပွားရေးလုပ်ငန်းများအတွက် ရည်ရွယ်သည့် ချေးငွေအစီအစဉ်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ချေးငွေအစီအစဉ်နှင့် ပတ်သက်သည့် စည်းမျဉ်းအသစ်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရက ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

နိုင်ငံကို အချိန်ကြာမြင့်စွာ ပိတ်ဆို့ကန့်သတ်မှုပြုလုပ်ထားရခြင်းကြောင့် ထိခိုက်ယိုယွင်းလာသည့် စီးပွားရေးအခြေအနေနှင့် ပတ်သက်၍ ပြည်သူလူထု၏ စိုးရိမ်ကြောက်လန့်မှုများ လျော့ပါးသက်သာစေရန် အစိုးရက ကြိုးပမ်းနေခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ။

# ဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်နေသော်လည်း ရုရှားနိုင်ငံ၏စီးပွားရေး ပြန်ဖွင့်

**မော်စကို မေ ၁၃**

ရုရှားနိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှုသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ဒုတိယအများဆုံးဖြစ်နေသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးလုပ်ငန်းများ ပိတ်သိမ်းထားမှုကို ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း သိရသည်။

စီးပွားရေးဆိုင်ရာ ကန့်သတ်ပိတ်ဆို့ထားမှုများကို သမ္မတပူတင်က ဖယ်ရှားမှုအဆင့်ဆင့် စတင်လုပ်ဆောင်လိုက်ပြီးနောက် မေ ၁၂ ရက်တွင် ရုရှားနိုင်ငံရှိ ကုမ္ပဏီအချို့ စီးပွားရေးလုပ်ငန်းများ ပြန်လည် စတင်ဖွင့်လှစ်လျက်ရှိသည်။

သမ္မတပူတင်သည် ဗီဒီယိုကွန်ဖရင့်ဆွေးနွေးမှုများကို ရပ်ဆိုင်းလိုက်ပြီး နိုင်ငံ၏ ရေနံထုတ်လုပ်ရေးကို ပြန်လည်ထူထောင်မည့် နည်းလမ်းများကို ဆွေးနွေးရန် ရုရှားနိုင်ငံပိုင် ရို့စ်နက်ဖ် ရေနံကုမ္ပဏီအကြီးအကဲ အီဂေါ်စီချင်နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

မေ ၁၂ ရက်က မြို့တွင်းရှိလမ်းများပေါ်တွင် ယာဉ်အသွားအလာပိုများလာပြီး မြေအောက်ရထားဖြင့် စီးနင်းလိုက်ပါသည့် ခရီးသည်များ ပိုများလာကြောင်း ဒေသမီဒီယာက ဖော်ပြသည်။ ရုရှားနိုင်ငံအတွင်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် နေ့စဉ် ၁၀၀၀၀ ကျော်ရှိနေစဉ် စီးပွားရေးတစ်စိတ်တစ်ပိုင်း ပြန်လည် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံအတွင်း ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက်သည် ၂၃၂၀၀၀ အထိ မြင့်တက်လာခဲ့ကာ ကမ္ဘာပေါ်၌ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံနေရာတွင် ရှိနေသည်။

သမ္မတပူတင်၏ ပြောရေးဆိုခွင့်ရှိသူ ဒီမစ်ထရီပက်စကော့ မှာလည်း ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိရပြီး ဆေးရုံတက်ရောက်နေရကြောင်း ရုရှားသတင်းအေဂျင်စီက ဖော်ပြထားသည်။

**အေအက်ဖ်ပီ**



ကိုဗစ်–၁၉ တိုက်ဖျက်ရေးဆောင်ရွက်နေသည့် ရုရှားကျန်းမာရေးဝန်ထမ်းအချို့ကို တွေ့ရစဉ်။

# ဖူးခက်၌ လေဆိပ်နှင့်ဆိပ်ကမ်းများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်

**ဖူးခက် မေ ၁၃**

ထိုင်းနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရာ ကျွန်းတစ်ကျွန်းဖြစ်သည့် ဖူးခက်၌ ရက်အနည်းငယ်ကြာသည်အထိ ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ပေါ်ထွက်လာခြင်း မရှိသည့်အတွက် လေဆိပ်နှင့် ဆိပ်ကမ်းများ ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် ဘန်ကောက်မြို့မှ အာဏာပိုင်များ၏ ခွင့်ပြုချက်ရရှိရေး ကြိုးပမ်းနေကြောင်း သိရသည်။

ဖူးခက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဖကဖုန်တာဗီပါတနာက ဖူးခက်လေဆိပ်ကို လာမည့်စနေနေ့တွင် ပြန်လည် ဖွင့်လှစ်နိုင်ခွင့်ရရှိရေးအတွက် ထိုင်း ပြည်တွင်းလေကြောင်း အာဏာပိုင်အဖွဲ့သို့ ခွင့်ပြုချက်တောင်းခံမည်ဖြစ်ကြောင်း မေ ၁၃ ရက်တွင် ပြောကြားခဲ့သည်။ လက်ရှိချမှတ်ထားသည့် အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုမှာ မေ ၁၅ ရက်ညသန်းခေါင်အချိန် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ကျန်းမာရေး အာဏာပိုင်များက ကြိုးပမ်းလျက်ရှိရာ လေကြောင်းခရီးသွားလာမှုများကို ကန့်သတ်ရန်အတွက် ပြည်တွင်းလေကြောင်း အာဏာပိုင်အဖွဲ့က ဧပြီ ၃ရက်မှ စတင်ကာ လေဆိပ်ကိုပိတ်ထားရန် အမိန့်ထုတ်ခဲ့သည်။

သို့ဖြစ်ရာ ပြည်နယ်အတွင်း ရောဂါကူးစက်မှု လျော့ကျလာခဲ့ပြီးနောက်တွင် လေကြောင်းလိုင်းသုံးခုက ဖူးခက်သို့ ပြည်တွင်းခရီးသည်များအား ဝန်ဆောင်မှုပေးခြင်းကို ပြန်လည်စတင်ရန် ၎င်းတို့၏အစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့ကာ တစ်ရက်လျှင် ခရီးစဉ်တစ်ခုနှုန်းဖြင့် ပျံသန်း ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ ဖူးခက်ပြည်နယ်အတွင်းရှိ ဆိပ်ကမ်းများနှင့် အခြားလမ်းကြောင်းများအားလုံးကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြည်ထဲရေးဝန်ကြီးဌာနသို့ ခွင့်ပြုချက်တောင်းရန် ပြည်နယ်အာဏာပိုင်များက မေ ၁၃ ရက်တွင် သဘောတူလိုက်ကြောင်း သိရသည်။

**ဘန်ကောက်ပို့စ်**



မေ ၂ ရက်က ဖူးခက်လေဆိပ်၌ စောင့်ဆိုင်းနေကြသည့် ပြည်ပခရီးသည်များကို တွေ့ရစဉ်။

## တရုတ်နိုင်ငံရှိ စာသင်ကျောင်းများတွင် အားကစားအချိန် နှာခေါင်းစည်းတပ်ဆင်ခြင်းကိုတားမြစ်

**ပေကျင်း မေ ၁၃**

တရုတ်နိုင်ငံရှိ စာသင်ကျောင်းများတွင် အားကစားအချိန်၌ ကျောင်းသားများ ဆေးဘက်သုံးနှာခေါင်းစည်းများ တပ်ဆင်မှုကို တားမြစ်လိုက်ကြောင်းသိရသည်။ နှာခေါင်းစည်းတပ်ဆင်၍ အားကစားပြုလုပ်သည့် ကျောင်းသားသုံးဦး သေဆုံးမှုဖြစ်ပွားခဲ့ပြီးနောက်တွင် ထိုသို့ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်ဧပြီလက တရုတ်နိုင်ငံ စီကျန်းပြည်နယ်အရှေ့ပိုင်းနှင့် ကုန်းတွင်းပိုင်းပြည်နယ်များဖြစ်သည့် ဟီနန်နှင့် ဟူနန်တို့တွင် နှာခေါင်းစည်းတပ်ဆင်ကာ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခဲ့သည့် ကျောင်းသားများသေဆုံးမှုဖြစ်ပွားခဲ့သည်။

ကျောင်းသားများသည် နှာခေါင်းစည်းတပ်ဆင်လျက် တာဝေးအပြေးပြိုင်ခြင်းနှင့် တခြားသော အားကစားလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ကြသည်။ ကျောင်းသားများအနက်တစ်ဦးမှာ N 95 နှာခေါင်းစည်းတပ်ဆင်ထားခဲ့ကြောင်း သိရသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောပြချက်အရ N 95 နှာခေါင်းစည်းသည် အလွယ်တကူ လေမဝင်နိုင်ကြောင်းနှင့် အားကစားပြုလုပ်စဉ်အတွင်း အဆိုပါနှာခေါင်းစည်းကို တပ်ဆင်ခြင်းက မတော်တဆ ကျန်းမာရေးထိခိုက်မှုမျိုးမဟုတ်သည့်တိုင် လူကိုအန္တရာယ်ဖြစ်စေနိုင်ကြောင်း ပြောကြားခဲ့သည်။

ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကျဆင်းသွားသည့်ဒေသများရှိ အထက်တန်းနှင့် အလယ်တန်းကျောင်းများကို ပြန်လည်ဖွင့်လှစ်ထားချိန်တွင် အဆိုပါကိစ္စဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**အင်န်အိတ်ချ်ကေ**

## မွန်ဂိုလီးယား၌ အိတ်ချ်အိုင်ဗွီကူးစက်ခံရသူအရေအတွက် ၂၉၂ ဦးအထိ မြင့်တက်

**အူလန်ဘာတာ မေ ၁၃**

မွန်ဂိုလီးယားနိုင်ငံ၌ ပြီးခဲ့သည့်ဧပြီလအတွင်းက အိတ်ချ်အိုင်ဗွီပိုးထပ်မံကူးစက်ခံရသူလေးဦးကို တွေ့ရှိခဲ့ရပြီးနောက်တွင် နိုင်ငံအတွင်းအိတ်ချ်အိုင်ဗွီ ကူးစက်ခံရသူအရေအတွက် ၂၉၂ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

နိုင်ငံ့လူဦးရေ ၃ ဒသမ ၂ သန်းအနက် ထက်ဝက်ကျော်ခန့် မှီတင်းနေထိုင်ရာဖြစ်သည့် မြို့တော်အူလန်ဘာတာ၌ အိတ်ချ်အိုင်ဗွီကူးစက်ခံရသူလေးဦးကို ထပ်မံစစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

မွန်ဂိုလီးယား၌ပထမဆုံး အိတ်ချ်အိုင်ဗွီကူးစက်ခံရမှုကို ၁၉၉၂ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။ ထိုအချိန်မှစတင်ကာ နိုင်ငံတစ်ဝန်း၌ အေအိုင်ဒီအက်စ်ရောဂါကြောင့် သေဆုံးရသူ ၄၀ အထိ ရှိခဲ့ကြောင်း မွန်ဂိုလီးယား အမျိုးသားစာရင်းအင်းရုံးက ဖော်ပြခဲ့သည်။

ယခုနှစ်၏ပထမလေးလပတ်အတွင်း မွန်ဂိုလီးယားနိုင်ငံ၌ ကူးစက်ရောဂါ ဖြစ်ပွားမှုပေါင်း ၁၂၀၀၀ အထိရှိပြီး ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၄၂ဦး ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်ဒီမိုကရက်များက ကိုဗစ်-၁၉ ထိခိုက်မှုအတွက် ဒေါ်လာ သုံးထရီလီယံသုံးစွဲမည့်အစီအစဉ် အဆိုပြု

**ဝါရှင်တန် မေ ၁၃**

အမေရိကန် ဒီမိုကရက်များသည် မေ ၁၂ ရက်က အမေရိကန်ဒေါ်လာ သုံးထရီလီယံအား ကိုဗစ် – ၁၉ ကြောင့်ထိခိုက်မှုအတွက် ရန်ပုံငွေထူထောင်သည့်အနေဖြင့်လည်းကောင်း၊ သန်းချီသော အမေရိကန်အိမ်ထောင်စုများကို အရေးပေါ်ငွေကြေးထောက်ပံ့ရန်အတွက်လည်းကောင်း ဥပဒေတစ်ရပ်အဆိုပြုလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၁၃ ရက်က ဖော်ပြလိုက်သည်။

သူရဲကောင်း (သည်ဟီးရိုးအက်ဥပဒေ)ကို အမေရိကန်အောက်လွှတ်တော်က စတင်ခဲ့ပြီး ဒီမိုကရက်တစ် ဦးဆောင်အောက်လွှတ်တော်အစည်းအဝေး၌ ယခုသီတင်းပတ်အစောပိုင်းတွင် မဲပေးနိုင်မည်ဖြစ်သည်။

ရီပတ်ဘလစ်ကန်များထိန်းချုပ်ရာ အထက်လွှတ်တော်တွင် လွှတ်တော်အမတ်ခေါင်းဆောင်များက အရေးပေါ်ရန်ပုံငွေအသစ်တစ်ရပ်ခွင့်ပြုရန် လတ်တလောတွင် မလိုအပ်ဟုဆိုသောကြောင့် စာမျက်နှာ ၁၈၁၅ မျက်နှာပါရှိသော အဆိုပါအက်ဥပဒေသည် ကန့်ကွက်မှုများနှင့်ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကပ်ရောဂါသက်သာရေးဆိုင်ရာ ဆောင်ရွက်ချက်ဥပဒေလေးခုကို မကြာသေးမီလများက လက်မှတ်ရေးထိုးခဲ့သောကြောင့် လတ်တလော တင်ပြလာနိုင်သည့် ကိုဗစ်–၁၉ ဥပဒေပြဋ္ဌာန်းခြင်းကို အလျင်စလို ဆောင်ရွက်နိုင်ဦးမည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။



ဝါရှင်တန်ထိပ်တန်း ဒီမိုကရက်တစ်ခေါင်းဆောင် နန်စီပယ်လိုစီ။

အဆိုပါလက်မှတ်ရေးထိုးခဲ့သော ကပ်ရောဂါသက်သာရေးဆိုင်ရာ ဆောင်ရွက်ချက်ဥပဒေများမှာ မတ်လက လက်မှတ်ရေးထိုးခဲ့သော ဂရုစိုက်ကာကွယ်မှု အက်ဥပဒေဟု အမည်ရသည့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံ ကယ်ဆယ်ရေးအစီအစဉ်၊ အသွားအလာကန့်သတ်ပိတ်ဆို့မှုများကြောင့် အကြီးအကျယ်ပျက်စီးသွားသော စီးပွားရေးလုပ်ငန်းငယ်များအတွက် ချေးငွေထောက်ပံ့ရန် အမေရိကန်ဒေါ်လာ ၄၈၃ ဘီလီယံ ရန်ပုံငွေထူထောင်ရေးအစီအစဉ်၊ အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက ဂရုစိုက်ကာကွယ်မှု–၂ ဟု အမည်ပေးထားသည့် ကပ်ရောဂါအတွင်း အလုပ်အကိုင်ဆုံးရှုံးသွားသော အမေရိကန်ပြည်သူသန်းချီအတွက် ခံစားနေရသော လူမှုဒုက္ခအခက်အခဲများကို သက်သာစေရန်အတွက် ဒုတိယအသုတ် တစ်အိမ်ထောင်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ ထောက်ပံ့ပေးသည့် အစီအစဉ်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နေသူများကို ငွေကြေးထောက်ပံ့မှု၊ ဗိုင်းရပ်စ်စမ်းသပ်စစ်ဆေးမှုနှင့် ခြေရာခံမှုတို့ကို တိုးချဲ့ဆောင်ရွက်မှု၊ စီးပွားရေးလုပ်ငန်းငယ်များကို ချေးငွေထုတ်ချေးပေးမှု၊ အိမ်သုံးပစ္စည်းများ အထောက်အပံ့ပေးမှု၊ ဆင်းရဲသောမိသားစုများအတွက် အစားအစာလုံလောက်မှုရှိရန် အားဖြည့်ပေးမှု စသည်တို့ပါဝင်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် နိုင်ငံ့သမိုင်းတွင်အကြီးဆုံး ဘေးဒုက္ခအကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း ဝါရှင်တန်ထိပ်တန်း ဒီမိုကရက်တစ်ခေါင်းဆောင် နန်စီပယ်လိုစီက ပြောကြားလိုက်သည်။ လွှတ်တော်က ရဲရဲရင့်ရင့်ဆောင်ရွက်ဖို့လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ မိမိတို့အနေဖြင့် လုပ်သင့်လုပ်ထိုက်တာကို မလုပ်လျှင် နောက်ပိုင်းတွင် လူ့အသက်များ ပိုမိုဆုံးရှုံးနိုင်ဖွယ်ရှိကြောင်းနှင့် လူနေမှုဘဝများလည်း ပျက်စီးနိုင်ကြောင်း နန်စီပယ်လိုစီက ထပ်မံပြောကြားလိုက်သည်။

အထက်လွှတ်တော်နှင့် ရီပတ်ဘလစ်ကန်များက ဒီမိုကရက်များဖော်ပြထားသည့် ဥပဒေကို ဖောင်းပွနေသည့်စာရင်းမှ လျင်မြန်စွာ ဆန့်ကျင် ဖယ်ရှားသွားမည်ဖြစ်ကြောင်းနှင့် နန်စီပယ်လိုစီအဆိုပြုနေသည့် ဥပဒေသည် အထက်လွှတ်တော်ကို ဘယ်တော့မှ ဖြတ်ကျော်သွားမည်မဟုတ်ကြောင်း အထက်လွှတ်တော်အမတ် ဂျွန်ဘာရာဆိုက သတင်းထောက်များကို ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သော ဂီနီတွင် ဗိုင်းရပ်စ်ဆန္ဒဖော်ထုတ်မှုအတွင်း ခြောက်ဦးသေဆုံး

**ကိုနာခရီ မေ ၁၃**

ဂီနီတွင် ကိုဗစ် –၁၉ ကူးစက်ပြန့်ပွားမှုကို တားဆီးရန် လမ်းပိတ်ဆို့မှုများ ပြုလုပ်ထားသည့်အပေါ် မကျေနပ်သဖြင့် ဆန္ဒပြကြရာ လူခြောက်ဦး သေဆုံးသွားကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက မေ ၁၂ ရက်တွင် ပြောကြားသည်။

အနောက် အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သော ဂီနီ၏မြို့တော် ကိုနာခရီမြို့အနီးရှိ ကိုရာမြို့တွင်ငါးဦး သေဆုံးပြီး ဒူဘရီကာမြို့တွင် တစ်ဦးသေဆုံးသွားကြောင်း ရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ မိုရီကာဘာက အေအက်ဖ်ပီသို့ပြောကြားလိုက်သည်။

လူအုပ်ကြီးသည် ဂီနီမြို့တော် ကိုနာခရီနှင့် တခြားကျန်ရှိသည့် အစိတ်အပိုင်းများကြား ယာဉ်သွားယာဉ်လာ တားဆီးထိန်းချုပ်ထားသော လမ်းပိတ်ဆို့မှုများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြောင်း မိုရီကာဘာက ဆက်လက်ပြောကြားလိုက်သည်။





မြို့တော်ကိုနာခရီတွင် လုံခြုံရေးဆောင်ရွက်နေသော ရဲများကိုတွေ့ရစဉ်။

ဆန္ဒပြသူများက ၎င်းတို့သည် မြို့တော်ဝင်ပေါက်နှင့် ထွက်ပေါက်များတွင် ရဲများ၏ မညှာမတာဆက်ဆံမှုများနှင့် ခြိမ်းခြောက်မှုများကြောင့် စိတ်ပျက်နေရကြောင်း ပြောကြားသည်။ ဂီနီသည် ကိုရိုနာဗိုင်းရပ်စ်ဒဏ်ခံနေရသည့် အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းနှင့် ရောဂါကူးစက်ခံရသူပေါင်း ၂၂၁၃ ဦးရှိပြီး သေဆုံးသူ ၁၁ ဦးရှိကြောင်း သိရသည်။ ဆင်းရဲချွတ်ခြုံကျနေသည့် နိုင်ငံတွင် ရေဆိုးနုတ်စနစ်များကလည်း အလွန်ညံ့ဖျင်းလျက်ရှိပြီး ၎င်းက ပြင်းထန်သော ကပ်ရောဂါဖြစ်ပွားမှုကို လက်ယပ်ခေါ်နေသလိုဖြစ်ကာ ပိုမိုစိုးရိမ်ထိတ်လန့်စရာ ဖြစ်စေသည်။

၂၀၁၃ခုနှစ်နှင့် ၂၀၁၆ ခုနှစ်ကြားကာလများတွင် ဂီနီတွင် အီဘိုလာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၅၀၀ ရှိခဲ့သည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံတွင် အသက် ၂၈ နှစ်အရွယ် ဂျပန်ဆူမိုနပန်းသမားတစ်ဦး ကိုဗစ်-၁၉ ကူးစက်ခံရပြီး သေဆုံး

**တိုကျို မေ ၁၃**

ဂျပန်နိုင်ငံတွင် အသက် ၂၈ နှစ်အရွယ် ဂျပန်ဆူမိုနပန်းသမားတစ်ဦး ကိုဗစ်–၁၉ ကူးစက်ခံရပြီး သေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် မေ ၁၃ ရက်က ဖော်ပြလိုက်သည်။

ဂျပန်ဆူမိုအသင်း တာကာဒါကာဝါသင်တန်းကျောင်းမှ အငယ်တန်းနပန်းသမား ရှိုဘူရှီသည် ကိုဗစ်–၁၉ ရောဂါဖြစ်ပြီးနောက် ခန္ဓာကိုယ်တွင်းအင်္ဂါများ အလုပ်မလုပ်တော့ဘဲ မေ ၁၃ ရက်က သေဆုံးခဲ့ကြောင်း သိရသည်။ ဂျပန်ဆူမိုအသင်းက ရှိုဘူရှီသည် ဖျားနာခြင်း၊ မောပန်းခြင်းနှင့် အသက်ရှူခက်ခဲသည့်ပြဿနာများကို ရင်ဆိုင်ခဲ့ရပြီး တိုကျိုရှိ ဆေးရုံသို့ ဧပြီ ၈ ရက်တွင် တင်လိုက်ရသည်။ နောက်ပိုင်း၌ ၎င်းတွင် ကိုဗစ်–၁၉ ရောဂါတွေ့ရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။ ဧပြီ ၁၉ ရက်တွင် ၎င်း၏အခြေအနေမှာ ဆိုးရွားလာပြီး ၎င်းကို အထူး ကြပ်မတ်ကုသဆောင်သို့ ပို့လိုက်ရသည်။ ၎င်းသည် ပရော်ဖက်ရှင်နယ် ဆူမိုအဆင့်ခြောက်ဆင့်တွင် အဆင့်လေးဆင့်ရှိ နပန်းသမားတစ်ဦးဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ကိုဗစ်–၁၉ ကြောင့် သေဆုံးသွားသော ဂျပန်ဆူမိုနပန်းသမား။



မော်စကိုရှိ အများပြည်သူသုံးသယ်ယူပို့ဆောင်ရေးယာဉ်တွင် နှာခေါင်းစည်းတပ်ဆင်ကာ စီးနင်းလိုက်ပါသူများကို တွေ့ရစဉ်။

# ကန့်သတ်ပိတ်ဆို့မှုများ ပြန်ဖွင့်လာသောကြောင့် ပြင်းထန်သောအကျိုးဆက်ကို ခံစားရနိုင်ကြောင်း ဗိုင်းရပ်စ်ကျွမ်းကျင်ပညာရှင် သတိပေး

**ဝါရှင်တန် မေ ၁၃**

ပြင်သစ်နိုင်ငံတွင် ကျောင်းများကို မတ် ၁၂ ရက်က ပြန်လည်ဖွင့်လှစ် ခဲ့သလို ရုရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တို့တွင် လုပ်ငန်းခွင်များသို့ ပြန်လည် ဝင်ရောက်နေကြပြီဖြစ်သောကြောင့် အမေရိကန်ထိပ်တန်း ကူးစက်ရောဂါကျွမ်းကျင်သူတစ်ဦးဖြစ်သူ အန်တိုနီဖော်စီက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် ချမှတ်ထားသော အသွားအလာကန့်သတ်ပိတ်ဆို့မှုများကို လျင်လျင်မြန်မြန် ဖြေလျှော့မှုများက ပြင်းထန်သော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်ကြောင်း သတိပေးတိုက်တွန်းလိုက်သည်။

ဖော်စီက ကမ္ဘာ့စီးပွားရေးကန့်သတ်ပိတ်ဆို့မှုများကို အလျင်အမြန် ဖယ်ရှားလိုက်ခြင်းက နောက်ထပ်ကူးစက်မှုတစ်ခုကို ဖြစ်ပေါ်စေနိုင်ကြောင်းနှင့် လက်ရှိကိုဗစ်–၁၉ ကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးမှုသည် ၂၉၀၀၀၀ ကျော်လာပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ပြင်သစ်နိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်မှုကိုကာကွယ်ရန် ဆရာမများက နှာခေါင်းစည်းများတပ်ပြီး ခုံများကို သတ်မှတ်အကွာအဝေးအတိုင်း ချဲထားလျက် မူလတန်းကျောင်းများနှင့် မူကြိုကျောင်းများကို ပြန်လည်ဖွင့်လှစ်လျက်ရှိသည်။ ပညာရေးဝန်ကြီး ဂျန်မိုက်ကယ် ဘလန်ကွာက ကျောင်းများပြန်ဖွင့်ခြင်းကို ကြိုဆိုဂုဏ်ပြုလိုက်ပြီး ပါရီရှိ ကျောင်းများအပါအဝင် နိုင်ငံတစ်ဝန်းရှိကျောင်းများကိုလည်း တဖြည်းဖြည်းချင်း ပြန်လည် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။


အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယကူးစက်မှုအများဆုံးဖြစ်သည့် ရုရှားနိုင်ငံတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်သူပေါင်း ၂၃၂၀၀၀ အထိ မြင့်တက်လာသော်လည်း အသွားအလာကန့်သတ်ပိတ်ဆို့မှုဆိုင်ရာ စည်းမျဉ်းများကို လျှော့ချလိုက်ကြောင်း သိရသည်။ ဖော်စီက ကိုဗစ်–၁၉ကြောင့် အမေရိကန်၏ သေဆုံးမှုကိန်းဂဏန်းသည် တရားဝင်ဖော်ပြသည့် ကိန်းဂဏန်းထက် မြင့်တက်နိုင်ကြောင်း ပြောကြားသည်။ အမေရိကန်၏ ကိုဗစ်–၁၉ ကြောင့်သေဆုံးမှုနှုန်းသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ကာ ၈၂၀၀၀ ကျော်လာ ပြီဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်ရေးမှာ ပါဝင်ကူညီမယ့် ကင်းလှည့်စက်ရုပ်

ကလျာမိုးမြင့်

**စင်ကာပူနိုင်ငံမှာ ကပ်ရောဂါအခြေအနေကိုထိန်းချုပ်နိုင်ဖို့အတွက် ဒေသခံပြည်သူတွေ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းကို လိုက်နာကျင့်သုံးစေမယ့် နည်းလမ်းသစ်တွေကို အစိုးရက ကြိုးစားလုပ်ဆောင်နေတာ တွေ့ရပါတယ်။**



## ကင်းလှည့်နေတဲ့စက်ရုပ်

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာပဲ အစိုးရက boston Dynamic ရဲ့အဝါနဲ့အနက်ရောင်ပါရှိတဲ့ ခွေးပုံသဏ္ဌာန် ဖန်တီးထုတ်လုပ်ထားတဲ့ စက်ရုပ်တွေကိုဒေသရှိ ပန်းခြံတစ်ခြံမှာ စတင် ချထားလိုက်ပြီဖြစ်ကြောင်းကို ကြေညာခဲ့ပါတယ်။ ခြေလေးချောင်းရှိတဲ့ စက်ရုပ်ခွေး တစ်ကောင်ဟာ ဒီရက်ပိုင်းအတွင်းမှာ အဆိုပါပန်းခြံဧရိယာတစ်ဝိုက် ကင်းလှည့်နေခဲ့ပြီး တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေကြဖို့ အရေးကြီးတယ်ဆိုတဲ့အကြောင်း အသံသွင်းထားတဲ့ အသိပေးစကားသံကို ထုတ်လွှင့်နေခဲ့ပါတယ်။

စက်ရုပ်ခွေးလို့ခေါ်နိုင်တဲ့ အဲဒီကိရိယာမှာ ကင်မရာတွေလည်းတပ်ဆင်ထားပြီး ဒီကင်မရာတွေက အနီးအနားပတ်ဝန်းကျင်မှာရှိနေတဲ့ အရာတွေကို စောင့်ကြည့်စစ်ဆေးနိုင်ပြီး ပန်းခြံထဲမှာ လူဘယ်နှယောက်စုဝေးနေတယ်ဆိုတာကို တာဝန်ရှိသူတွေက ခန့်မှန်းတွက်ချက်နိုင်စေဖို့ အကူအညီပေးတယ်လို့ သိရပါတယ်။

## စဉ်းစားကြံဆ

စက်ရုပ်မှာတပ်ထားတဲ့ ကင်မရာတွေဟာ သီးခြားစီသို့မဟုတ် တစ်ယောက်တည်းရှိနေတဲ့သူတွေကို ခြေရာခံမှတ်သားနိုင်ခြင်းမရှိသလို အဲဒီလူရဲ့ ပုဂ္ဂိုလ်နဲ့သက်ဆိုင်တဲ့ ဘယ်အချက်အလက်ကိုမှ ကောက်ယူသိမ်းဆည်းခြင်းမပြုဘူးလို့ အစိုးရက စောင့်ကြည့်စက်ရုပ်တွေနဲ့ပတ်သက်ပြီး ရှင်းပြထားပါတယ်။

စင်ကာပူနိုင်ငံဟာ အရှေ့တောင်အာရှဒေသမှာ ကိုဗစ်-၁၉ ကူးစက်ခံရမှု အမြင့်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်နေသလို မကြာသေးခင် အချိန်လေးအတွင်းမှာတင် တစ်နိုင်ငံလုံးရောဂါကူးစက်မှုနှုန်းကလည်း တစ်ဟုန်ထိုးမြင့်တက်လာခဲ့တာကြောင့် အစိုးရက ရောဂါကူးစက်မှုအခြေအနေကို ထိန်းချုပ်နိုင်မယ့်နည်းတွေကို အမျိုးမျိုး စဉ်းစားကြံဆခဲ့ရပါတယ်။

## စည်းကမ်းလိုက်နာစေမည်

လူအများနဲ့ ရောနှောဆက်ဆံခြင်းမှ ရှောင်ရှားခြင်း(သို့မဟုတ်)တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းကို မလိုက်နာသူတွေရှိရင် အဲဒီလူတွေကို မဖြစ်မနေ စည်းကမ်းလိုက်နာစေဖို့အတွက် ဒီနည်းကိုထုတ်ဖော် စမ်းသပ်နေတာဖြစ်တယ်လို့ အာဏာပိုင်တွေက ဆိုပါတယ်။

ခွေးပုံသဏ္ဌာန် စောင့်ကြည့်စက်ရုပ်ကို အသုံးပြုလုပ်ဆောင်သွားမယ့် ပိုင်းလော့ပရောဂျက်အစီအစဉ်ကို လက်ရှိမှာ ပန်းခြံတစ်ခုမှာ ရက်သတ္တပတ်နှစ်ပတ်ကြာတဲ့အထိ အချိန်အကန့်အသတ်နဲ့ ဆောင်ရွက်နေတယ်လို့သိရပြီး ဒီအစီအစဉ်နဲ့ကောင်းကောင်းအလုပ်ဖြစ်တယ်ဆိုရင် အစီအစဉ်ကို ထပ်တိုးလုပ်ဆောင်ဖို့ အာဏာပိုင်တွေက ထပ်ပြီးစဉ်းစားသွားမှာဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

## တစ်ကျော့ပြန်ဖြစ်ပွား

စင်ကာပူနိုင်ငံဟာ ကိုဗစ် – ၁၉ ကူးစက်မှုကို တုံ့ပြန်ဆောင်ရွက်မှုတွေ ကျကျနန လုပ်ဆောင်ခဲ့ပြီးပြီလို့ ကြွေးကြော်ခဲ့တဲ့ နိုင်ငံတွေထဲမှာ ပါဝင်လာတာ ဘယ်လောက်မှ မကြာသေးလိုက်ခင်မှာပဲ ကိုဗစ်-၁၉ ဒုတိယလှိုင်းလို့ ဆိုရမယ့် ရောဂါကူးစက်မှု နောက်တစ်ကျော့ပြန်လည်ဖြစ်ပွားခြင်းကို ရင်ဆိုင်နေရပြန်ပါတယ်။ အစိုးရက ဗိုင်းရပ်စ်ပိုးစစ်ဆေးဖို့ လွတ်သွားတယ်လို့ ယူဆရတဲ့လူတွေလည်း အစုလိုက်ပိုများလာခဲ့ပြီး နေ့စဉ်ကူးစက်မှုနှုန်းကလည်း မြန်မြန်ဆန်ဆန် ထိုးတက်ခဲ့ပါတယ်။

ပြီးခဲ့တဲ့မတ်လ ၁၇ ရက်ကစပြီး စင်ကာပူရဲ့ ရောဂါကူးစက်ခံရတဲ့ အတည်ပြုလူနာ အရေအတွက်ဟာ ၂၆၆ ဦးကနေ၂၁၇၁၇ ဦးအထိ တိုးပွားလာခဲ့တယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်က ကောက်ယူထားတဲ့ အချက်အလက်တွေမှာ ဖော်ပြနေပါတယ်။ ပြည်သူလူထုအတွင်းမှာ ရောဂါကူးစက်မှုအခြေအနေပိုဆိုးလာတဲ့အတွက် အစိုးရက တုံ့ပြန်ဆောင်ရွက်ရမယ့် နည်းပညာရပ်တွေကို ပိုမိုရယူနိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။

## ခြေရာခံဆော့ဖ်ဝဲဖန်တီး

ပြီးခဲ့တဲ့မတ်လအတွင်း စင်ကာပူမှာ ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရတဲ့သူ တစ်ယောက်ယောက်နဲ့ နီးနီးကပ် ကပ် ထိတွေ့မှုရှိခဲ့ကြောင်း သိရှိနိုင်စေမယ့် ဘလူးတုအသုံးပြုခြေရာခံ ဆော့ဖ်ဝဲတစ်ခုကို တစ်နိုင်ငံလုံးအသုံးပြုနိုင်ဖို့ ဖန်တီးခဲ့ပါတယ်။ အခုအသုံးပြုနေတဲ့ စောင့်ကြည့်စက်ရုပ်ဟာ တခြားလုပ်ဆောင်နိုင်တဲ့ စွမ်းရည်တစ်ခုလည်းရှိပြီး ဒေသဆိုင်ရာသီးခြားကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်တဲ့ အဆောက်အအုံတစ်ခုမှာဆိုရင် လူနာတွေဆီ ဆေးဝါးတွေ သယ်ဆောင်လာပေးဖို့လည်း အကူအညီပေးတယ်လို့ အစိုးရကဖော်ပြပါတယ်။

လွန်ခဲ့တဲ့နှစ်အနည်းငယ်အကြာတုန်းက အွန်လိုင်းဗီဒီယိုတွေမှာ ပျံ့နှံ့ခဲ့ပြီး စိတ်ဝင်တစားဖြစ်ခဲ့ကြတဲ့ တောင်ပေါ်တက်နိုင်၊ လှေကားပေါ်တက်နိုင်တဲ့အပြင် ယုတ်စွအဆုံး သင်သောက်ဖို့ အအေးခွက်ကိုတောင် ယူလာပေးနိုင်တယ်ဆိုတာကို ပြသခဲ့တဲ့စက်ရုပ်တွေကို အများအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွေ၊ တူညီတဲ့အလုပ်တွေကို ထပ်ကာတလဲလဲ လုပ်ကိုင်ရတဲ့ ကားတပ်ဆင်စက်ရုံလိုနေရာမျိုးတွေမှာ စောင့်ကြည့်ထောက်လှမ်းမှုတွေ လုပ်ဆောင်ဖို့အတွက် အသုံးပြုခဲ့ကြတယ်လို့ ဘော့စတွန် ဒိုင်နမစ်ကုမ္ပဏီက ပြောပါတယ်။

## အများပြည်သူဘေးကင်းလုံခြုံစေဖို့

ပြီးတော့ ဒီစက်ရုပ်တွေကို အများပြည်သူဘေးကင်းလုံခြုံစေရေးကိုအဓိကထားတဲ့ အကြောင်းပြချက်တွေနဲ့လည်း ချထားခဲ့ကြပါတယ်။ သာဓကပြရရင် ခပ်ဝေးဝေးကနေ အန္တရာယ်ရှိတယ်လို့ ယူဆရတဲ့ သံသယရှိ ထုပ်ပိုးပစ္စည်းတွေကို စက်ရုပ်အသုံးပြုပြီး စစ်ဆေး ထောက်လှမ်းမှု ပြုလုပ်တာမျိုးပါ။

အန္တရာယ်ရှိတဲ့ ပါဆယ်တစ်ခုဖြစ်နေခဲ့မယ်ဆိုရင်တောင် စက်ရုပ်ကိုအသုံးပြုလိုက်တဲ့အတွက် လူတွေမှာ ထိခိုက်မှု မရှိနိုင်တော့ပါဘူး။ စက်ရုပ်ရဲ့ လျင်မြန်သွက်လက်မှုအတွက် မော်ဒယ်မြှင့်ထားတယ်လို့ စင်ကာပူအစိုးရက ပြောပါတယ်။

## ကွဲပြားခြားနားချက်

ဘီးတပ်ထားတဲ့စက်ရုပ်တွေနဲ့ ကွဲပြားခြားနားတဲ့အချက်ကတော့ Spot လို့ခေါ်တဲ့စက်ရုပ်တွေက မြေပြင်အနေအထားအမျိုးမျိုးကို ဖြတ်ကျော်သွားလာပြီး အလုပ်လုပ်နိုင်သလို အနှောင့်အယှက်အတားအဆီးတွေကိုလည်း ကောင်းစွာ ဖယ်ရှားသွားလာနိုင်တဲ့အတွက် အများပြည်သူရှိရာ ပန်းခြံတွေနဲ့ ဥယျာဉ်စိုက်ခင်းတွေမှာ စောင့်ကြည့်လုပ်ငန်းတွေ ဆောင်ရွက်ဖို့ အကောင်းဆုံးစက်ရုပ်တွေ ဖြစ်လာစေတယ်လို့ သိရပါတယ်။

လူတွေကိုယ်တိုင်မလုပ်ဆောင်နိုင်တဲ့ တချို့အရာတွေမှာ နည်းပညာအကူအညီတွေ ရယူခြင်းက တစ်ခါတစ်ရံမှာ သိသာထင်ရှားတဲ့ အကျိုးကျေးဇူးတွေ ဖြစ်ထွန်းစေပါတယ်။ လက်ရှိမှာတော့ စောင့်ကြည့်စက်ရုပ်တစ်ရုပ်နဲ့အတူ အနည်းဆုံးပန်းခြံစောင့်တစ်ဦးက ကင်းလှည့်သွားမှာ ဖြစ်တယ်လို့ အာဏာပိုင်တွေက ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား-စီအင်န်အင်န်**

# နိုင်ငံတကာသတင်းတိုထွာ

## သီရိလင်္ကာ၌ ယခုနှစ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၈၉၀၀ ရှိ

**ကိုလံဘို မေ ၁၃**

သီရိလင်္ကာနိုင်ငံ၌ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကူးစက်ဖြစ်ပွားသူ ၁၈၉၀၀ အထိရှိခဲ့ကြောင်း အမျိုးသားသွေးလွန်တုပ်ကွေးရောဂါ ပပျောက်ရေး ယူနစ်အဖွဲ့၏ ဖော်ပြချက်အရ သိရသည်။

လက်ရှိသွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ အရေအတွက်သည် မုတ်သုံမိုးရာသီအပြီးတွင် ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိသေးကြောင်း အဆိုပါအဖွဲ့၏ သတိပေးခဲ့မှုကို ဒေသမီဒီယာက မေ ၁၃ ရက်တွင် ဖော်ပြသည်။

ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ မရှိသေးသော်လည်း မိုးပိုမိုရွာသွန်းဖွယ်ရှိနေသောကြောင့် ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေလည်း ပိုမိုပြင်းထန်လာနိုင်သေးကြောင်း အမျိုးသားသွေးလွန်တုပ်ကွေး ပပျောက်ရေး ယူနစ်အဖွဲ့ ဒါရိုက်တာ ဒေါက်တာ အာရူနာဂျာရာစီကီရာက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အနောက်ဘက်ကမ်း၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်း လူငယ်တစ်ဦး သေဆုံး

**ဟီဘရွန် မေ ၁၃**

သိမ်းပိုက်ခံ အနောက်ဘက်ကမ်းဒေသ၌ မေ ၁၃ ရက်တွင် ဖြစ်ပွားသည့် ပဋိပက္ခအတွင်း အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းဆယ်ကျော်သက် လူငယ်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

တောင်ပိုင်း ဟီဘရွန်မြို့လမ်းဆုံအနီးရှိ အယ်လ်ဖာဝါ ဒုက္ခသည်စခန်း၌ အစ္စရေးတပ်ဖွဲ့ဝင်များက အသက် ၁၅ နှစ်ရှိ ပါလက်စတိုင်းလူငယ် ဇာရစ်ကွေစီယာ၏ ဦးခေါင်းကို သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

ပစ်ခတ်မှုများအတွင်း နောက်ထပ် ပါလက်စတိုင်းပြည်သူ လေးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ဒုက္ခသည်စခန်းသို့ ဝင်ရောက်လာခဲ့ပြီးနောက် ရုန်းရင်းဆန်ခတ်အခြေအနေများဖြစ်ပေါ်ခဲ့ကာ သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၃-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၇) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၈၇) ခု၊ စုစုပေါင်း (၁၅၄)ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၁၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာ (၁၈၁) ဦးရှိပြီ ဖြစ်ပါသည်။

၃။ (၁၃-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၃) ဦး (Case-35,147,150) ရှိသဖြင့် စုစုပေါင်း (၇၉)ဦးရှိပြီး ၎င်းတို့အနက် (၆၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၂-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၃-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၈၃) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၃-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၇) ခု |
| (၁၃-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၈၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၁၈၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၇၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၁၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ / မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID - 19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 181 | ၅၂ နှစ် | မ | အလုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case -179) | မရှိပါ။ | ဝေဘာဂီအထူးကုဆေးရုံ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

## ဇေယျာသီရိမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများသို့ စစ်ဆေး

**နေပြည်တော် မေ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် ဥတ္တရခရိုင်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သည့် မြို့နယ်အဆင့်ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းက ဇေယျာသီရိမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများသို့ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ပြန့်ပွားမှုကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

စစ်ဆေးမှုတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မောင်မောင်ချင်း ဦးဆောင်၍ အဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ်အတွင်းရှိ အုတ်လုပ်ငန်း၊ သစ်စက်၊ ကျောက်ခွဲစက်၊ ဆန်စက်၊ စက်သုံးဆီဆိုင်၊ ကွန်ကရစ်လုပ်ငန်း၊ မုန့်တိုက်နှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ နေပြည်တော်ပုံနှိပ်တိုက်များသို့သွားရောက်ကာ လက်ဆေးကန်ထားရှိမှု၊ ဝန်ထမ်းများနှာခေါင်းစည်း တပ်ဆင်မှု၊ မျက်နှာအကာအကွယ်များတပ်ဆင်မှု၊ နှာခေါင်းစည်းများလုံလောက်မှု ရှိ/မရှိ ၊ လက်အိတ်စွပ်ခြင်း၊ အဖျားတိုင်းကိရိယာများဖြင့် အဖျားတိုင်းတာခြင်းများ ရှိ/မရှိ၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးနှင့် တစ်ဦး နီးကပ်မှု မရှိစေရန် ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းခွင်ကြမ်းပြင်များအား ပိုးမွှားများကပ်တွဲမှု မရှိစေရန် ဆေးကြောသန့်စင်ခြင်း၊ ပိုးသတ်ဆေး ဖျန်းခြင်းစသည့် ကျန်းမာရေး သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ထွန်းလင်း (ပြန်/ဆက်)**






ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။



စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

## စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မေ ၁၂ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ( ၃/၂၀၂၀ ) ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ယခုအခါတွင် တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုမှာ ကလေးမြို့တွင် ခြောက်ဦး နှင့် စစ်ကိုင်းမြို့တွင် တစ်ဦးရှိလာပြီဖြစ်သဖြင့် ရောဂါ ပြန့်ပွားမှုအား ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး အစီအမံကောင်းများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းပါဝင်ညှိနှိုင်း ဆွေးနွေးပေးကြရန်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးမည်ဖြစ်ပြီး လိုအပ်ပါက မိမိတို့အထက်ဌာန သို့ တင်ပြရမည့် လမ်းညွှန်မှုခံယူရန်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အထက်ဌာနသို့တင်ပြကာ လမ်းညွှန်မှုခံယူ သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး ကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်က ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီ(၆)ခုမှ မိမိတို့ ကော်မတီ များအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်နေမှုအခြေ အနေများ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြေရှင်း ဆောင်ရွက်ပေးလိုသည့်အချက်များအား ဝိုင်းဝန်းဖြေရှင်း ပေးစေလိုကြောင်း တင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြ သည့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် အားလုံးပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုသည့် အချက်များအား အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ MGS Breweries Co., Ltd မှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်း

**ပဲခူး မေ ၁၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ MGS Breweries Co., Ltd မှ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ လာရောက်ထောက်ပံ့လှူဒါန်းခြင်းကို မေ ၁၃ ရက်က တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ထောက်ပံ့မှုနှင့် ပတ်သက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက သဘာဝဘေးနှင့် ကြုံတိုင်းစီးပွားရေး လုပ်ငန်းရှင်ကြီးများက လာရောက်လှူဒါန်းကြသလို စေတနာ့ ဝန်ထမ်းများကလည်း ဘယ်အချိန်အခါမျိုးပဲဖြစ်ဖြစ် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ အစိုးရအဖွဲ့မှလည်း စေတနာ့ဝန်ထမ်းများကို ပြန်လည်ကူညီထောက်ပံ့ပေးနိုင်ရေး မြို့နယ်အလိုက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ယခုလိုကျန်းမာရေး အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းမှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် MGS Breweries Co., Ltd မှ MD ဦးသန့်ဇင်ထွန်းနှင့် ဦးနေမင်းထွန်းတို့က တစ်ကိုယ်ရေ ကာကွယ်ရေး ဝတ်စုံ ၁၅၀၊ ကိုဗစ်-၁၉ ကျန်းမာရေးအသိပညာပေးစာအုပ် ၁၅၀ နှင့် ဆန်အိတ် ၅၀ တို့ကို ထောက်ပံ့လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦး၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ဆန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေ၊ MGS Breweries Co., Ltd မှ MD ဦးသန့်ဇင်ထွန်း၊ ဦးနေမင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



ကိုဗစ် – ၁၉ ရောဂါတိုက်ဖျက်ရေးအတွက် MGS Breweries Co., Ltd မှ အလှူငွေများ လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံယူစဉ်။

## ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ လယ်ကုန်းဇီးအုန်၊ လယ်ကုန်းဗက်လင်နှင့် လယ်ကုန်းမလိယန် IDP စခန်းများနှင့် မိုးကောင်းမြို့နယ်ရှိ မဟောင်နှစ်ခြင်း၊ မိုးကောင်းနှစ်ခြင်း IDP စခန်း စုစုပေါင်း IDP စခန်း ငါးခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၇၄၂ ဘူး၊ ဆပ်ပြာ ၁၇၆၂ ခဲ၊ အဝတ် နှာခေါင်းစည်း ၂၉၂ ခု၊ လက်ဆေးစင် နှစ်ခု၊ အပူချိန်တိုင်း ကိရိယာ ငါးခု၊ Hand Speaker နှစ်ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုနှင့် ဗီနိုင်း နှစ်ချပ်တို့ ထောက်ပံ့ခဲ့သည်။



အလားတူ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အမျိုးသားကျောင်း၊ ကရချောင်း၊ မောသိကရုံ၊ ဝိဘဂ္ဂဝါဒီ၊ မုဒ္ဒေါမော်၊ ဓမ္မာရာမ၊ မဟာမုနိဗုဒ္ဓဝိဟာရ၊ နန်းရွှေဂူ၊ မဟာဇေယျ သိဒ္ဓိပဌာန်၊ မဏိရတနာ၊ ဆည်ကြီး၊ အလိုတော်ပြည့်၊ မဟာဝိဇယာရာမ၊ ဆုတောင်းပြည့်၊ ဒကျွေါင်း၊ မဟာအောင်မြေဘုံ၊ တေဇရာမကမ္မဌာန်း၊ သာသနာ့ဗိမာန်နှင့် မဟာသိမဝံသ ယာယီတိုက်ပွဲရှောင်စုရပ်များ၊ ဘူးသီးတောင်မြို့နယ်ရှိ ဝရက္ခန်းကျေးရွာနှင့် မြောင်းနားယာယီတိုက်ပွဲရှောင်စုရပ်များ၊ မြောက်ဦးမြို့နယ်ရှိ မြောက်ဦးတိမ်ညို ယာယီတိုက်ပွဲရှောင်စုရပ်နှင့် အမ်းမြို့နယ်ရှိ ဒုက္ကံကျေးရွာဘက်စုံသုံးခန်းမ၊ ဈေးတောင်ရပ်ကွက်နှင့် မိုးလုံလေလုံ အားကစားခန်းမ ယာယီတိုက်ပွဲရှောင်စုရပ် စုစုပေါင်း စုရပ် ၂၅ ခုသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၆၅၅၂ ခု၊ ဆပ်ပြာ ၈၄၅ တောင့်၊ လက်ဆေးစင် ကိုးခု၊ လက်သန့်ဆေးရည် ၁၈၇ ဘူး၊ အပူချိန်တိုင်းကိရိယာ နှစ်ခု၊ ထုံးအိတ် ၄၅ အိတ်၊ ဗီနိုင်း ခုနစ်ချပ် တို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တနိုင်းမြို့နယ်၌ အဝတ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေး

**တနိုင်း မေ ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်၍ လမုန်ကျေးရွာ စက်ချုပ်သင်တန်းမှ သင်တန်းသူဟောင်းများ၏ အကူအညီဖြင့် မေ ၃ ရက်မှစတင်၍ လက်လုပ် အဝတ်နှာခေါင်းစည်းများ ချုပ်လုပ်ပြီး အခမဲ့ ဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါ သင်တန်းသူဟောင်းများက ချုပ်လုပ်ပြီးစီးသော လက်လုပ်အဝတ်နှာခေါင်းစည်း အချို့ကို မေ ၁၁ ရက်က ကျေးရွာ VDP ကော်မတီ ၁၅ ဦးထံ အခမဲ့ ဖြန့်ဝေပေးခဲ့သည်။ ဆက်လက် ၍ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီထံသို့ အဝတ်နှာခေါင်းစည်း ၇၅၀ ကို ထပ်မံချုပ်လုပ်ကာ ဖြန့်ဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**စိုင်းထင်ကျော် (ပြန်/ဆက်)**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID–19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် မေ ၁၃**


သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID–19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၇ ရက်က ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၇ မြို့နယ်ရှိ နေရာ ၁၁၅ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၆၆ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၀ ကီလိုဂရမ်၊ ရေ ၅၂၂၀ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို တာဝန်ရှိသူများမှ လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အလားတူ မေ ၈ ရက်က ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်း များကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၂ မြို့နယ်ရှိ နေရာ ၁၀၂ နေရာများတွင် မီးသတ် ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၇၅ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၇ ကီလို ဂရမ်၊ ရေ ၄၉၂၀ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



မေ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ်အတွင်း COVID–19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၇ ရက်က မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် အမှတ်(၁) ရပ်ကွက်တွင် COVID–19 ကာကွယ်ဆေး ဖျန်းစဉ်။



မေ ၇ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ပိတ္တောကျေးရွာဓမ္မာရုံနှင့် (အလယ်)ကျောင်းတိုက်တွင် COVID–19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၇ ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်ဖြူပညာရေး ကောလိပ် Quarantine Center တွင် COVID–19 ကာကွယ်ဆေးဖျန်းစဉ်။



မေ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်အတွင်း COVID–19 ကာကွယ် ဆေးဖျန်းစဉ်။



မေ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း COVID–19 ကာကွယ်ဆေးဖျန်းစဉ်။

# ညောင်ဦးမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**ညောင်ဦး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန် ပြည်သူ့အကျိုးပြု ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့ နံနက် ၈ နာရီက ညောင်ဦးမြို့ရှိ ပုဂံရွှေပြည် ကားကြီးကွင်း၊ ပုဂံဘူတာ (ယာပုံ)၊ ကရုဏာရှင်အခမဲ့ဆေးခန်းနှင့် နာရေးအခမဲ့ကူညီမှုအသင်း ရုံးများသို့ သွားရောက်ပြီး ပိုးသတ်ဆေးများ ပက်ဖျန်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက် သွားနိုင်ရေးအတွက် ပိုးသတ်ဆေးများ ပက်ဖျန်းပေးရာတွင် ညောင်ဦးမြို့နယ် သဘာဝဘေး အန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ ပရဟိတအသင်းသားများ စုပေါင်းအဖွဲ့က ညောင်ဦးမြို့ရှိ လူသွားလူလာများသော နေရာများဖြစ်သည့် ပုဂံရွှေပြည်ကားကြီးကွင်းရှိ ကားအဝင်အထွက်လမ်းများ၊ ခရီးသွားဧည့်သည် နားနေဆောင်များ၊ မော်တော်ယာဉ်ရပ်နားရာနေရာများ၊ ပုဂံဘူတာရှိ အဝင်အထွက်လမ်းများ၊ ရထားစီးခရီးသည် နားနေဆောင်များနှင့် ရထားရပ်တန့်ရာနေရာများ၊ ကရုဏာရှင်အခမဲ့ဆေးခန်းရှိ စားပွဲ၊ ကုလားထိုင်များ၊ လူနာနားခိုဆောင်များနှင့် လူအဝင်အထွက်များသည့် နေရာများ၊ နာရေးအခမဲ့ကူညီမှုအသင်းရုံးရှိ နာရေးပို့ဆောင်သောယာဉ်များနှင့် အဝင်အထွက်လမ်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး နေရာအနှံ့ ပိုးသတ်ဆေးများ လိုက်လံပက်ဖျန်း ဆောင်ရွက်ပေးခဲ့ကြောင်း ညောင်ဦးမြို့နယ် သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီစောင့်ရှောက်ရေးအဖွဲ့ချုပ်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဝင်းလှိုင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ကျိုင်းတုံမြို့၌ မဖြစ်မနေ အပြင်ထွက်သွားလာရသူများအား နှာခေါင်းစည်းတပ်ဆင်ရန် အသိပညာပေး

**ကျိုင်းတုံ မေ ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ကာလအတွင်း မဖြစ်မနေ အပြင်ထွက်သွားလာရသူများအား နှာခေါင်းစည်းများ တပ်ဆင်သွားလာရန် အသိပညာပေးခြင်းကို ယမန်နေ့က လူစည်ကားသောနေရာများတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ စည်ပင်သာယာရေးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ လူငယ်ပရဟိတအဖွဲ့များက ကိုဗစ်-၁၉ ကာလအတွင်း မဖြစ်မနေအပြင်ထွက်သွားလာရသည့် ပြည်သူများအား နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်ရန်နှင့် နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခြင်းကို လူစည်ကားရာ မြို့မဈေး၊ ယန်မခမ်းဈေး၊ မြို့လယ်ကျောက်တိုင်၊ ပါလျံမြို့ရိုးတံခါး၊ ကားကြီးကွင်းနှင့် နောင်နွန်းဂိတ်တို့တွင် ဆောင်ရွက်ကြသည်။

ထို့အပြင် အများပြည်သူအကျိုးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် နေအိမ်ပြင်ပသွားလာရာတွင် နှာခေါင်းစည်းများ တပ်ဆင်ရန် မေ ၁၀ ရက်မှ ၁၃ ရက်အထိ အသိပညာပေးကာလအဖြစ်သတ်မှတ်ပြီး မေ ၁၄ ရက်မှစတင်ကာ နှာခေါင်းစည်းများ စနစ်တကျ လုံခြုံစွာတပ်ဆင်ခြင်းမရှိဘဲ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာနေသူများအား နှာခေါင်းစည်း ၁၀ ခု ဝယ်ယူစေ၍ တစ်ခုကို ၎င်းမှ တပ်ဆင်ပြီး ကျန်ကိုးခုအား မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီသို့ ပေးအပ်လှူဒါန်းသွားရမည်ဖြစ်ကာ ဝယ်ယူရန်ငြင်းဆိုခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားသည်။

**အောင်ဇင်မြင့် (ပြန်/ဆက်)**



# ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၃**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထား ကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်တွင် လူတိုင်းနှာခေါင်းစည်း စနစ်တကျတပ်ဆင်ရေး ကြပ်မတ်ဆောင်ရွက်

**သာစည် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် နေအိမ်ပြင်ပသွားလာသူတိုင်း နှာခေါင်းစည်း စနစ်တကျ တပ်ဆင်သွားလာရေးအတွက် ယနေ့ နံနက် ၈ နာရီမှစတင်၍ အဖွဲ့ ခြောက်ဖွဲ့ခွဲပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် မြို့အဝင် လေးနေရာတွင် အဖွဲ့လေးဖွဲ့၊ မြို့မဈေးကြီးတွင် တစ်ဖွဲ့နှင့် မြို့တွင်း မိတ္ထီလာ - တောင်ကြီး ကားလမ်းတစ်လျှောက်တွင် Mobile အဖွဲ့တစ်ဖွဲ့တို့က နှာခေါင်းစည်း စနစ်တကျတပ်ဆင်ထားခြင်း မရှိသူများ၊ နှာခေါင်းစည်း လုံးဝတပ်ဆင်ထားခြင်းမရှိဘဲ မြို့တွင်းဝင်ထွက်သွားလာနေသူများကို စနစ်တကျတပ်ဆင်ရန် အသိပညာပေးခြင်း၊ အမည်နှင့် နေရပ်လိပ်စာများ ရယူထားခြင်းနှင့် နှာခေါင်းစည်း နှစ်ခုလျှင် ငွေကျပ် ၁၀၀၀ ဖြင့် ဝယ်ယူစေကာ ချက်ချင်းတပ်ဆင်စေခြင်းနှင့် ပညာပေးကာလဖြစ်သော မေ ၁၅ ရက်ကျော်ပါက နှာခေါင်းစည်း နှစ်ခုလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ဝယ်ယူတပ်ဆင်ရမည်ဖြစ်ကြောင်း၊ နှာခေါင်းစည်းစနစ်တကျ လုံခြုံစွာ တပ်ဆင်သွားလာခြင်းအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ခြင်းမှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မေ ၈ ရက်က ပြည်သူများသိရှိစေရန် အသိပေးကြေညာချက်ကို ယခင်ရက်များက အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခဲ့ပြီးဖြစ်ရာ ထိုကြေညာချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့များတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း (သာစည်)**




# မြရည်နန္ဒာတန်ဖိုးမျှတ အိမ်ရာတိုက်ခန်းနေရာများကို ဇွန်လဆန်းတွင် မဲစနစ်ဖြင့် ရောင်းချပေးမည်

**မန္တလေး မေ ၁၃**

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်သည့် ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာတန်ဖိုးမျှတ အိမ်ရာ တိုက်ခန်း ၅၈၆ ခန်းကို ဝယ်ယူခွင့် ရရှိပြီးသူများအတွက် တိုက်ခန်းနေရာ များအား ဇွန်လဆန်းတွင် မဲစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။



မြရည်နန္ဒာတန်ဖိုးနည်းအိမ်ရာ။

**မဲနှိုက် ရောင်းချပေးမည်**

အဆိုပါ တိုက်ခန်းများ ဝယ်ယူခွင့်အတွက် လျှောက်ထားသူများကို မတ် ၁၀ ရက်တွင် ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ပြီး အဆိုပါ ဝယ်ယူခွင့် ရရှိသူများအနေဖြင့် အာမခံ စပေါ်ငွေကျပ်သိန်း ၂၀ ကြိုတင် ပေးသွင်း၍ တိုက်ခန်းနေရာများကို မဲစနစ်ဖြင့် ရောင်းချပေးရန် ဆောင်ရွက်နေစဉ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ယာယီရပ်ဆိုင်း ထားခဲ့ပြီး ယခုအခါလာမည့် ဇွန်လ ဆန်း၌ ယင်းတိုက်ခန်းနေရာများ အတွက် မြို့တော်ခန်းမတွင် ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ် တားဆီး ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ မဲနှိုက်ရောင်းချပေးသွား မည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

**မေတ္တာရပ်ခံ**

"တိုက်ခန်းဝယ်ယူခွင့်ရရှိသူတွေ က မိမိတို့နေထိုင်ရမယ့် အခန်းနေရာ အတွက် မဲနှိုက်ဝယ်ယူခွင့်ရရှိဖို့ သတ်မှတ်ထားတဲ့ စပေါ်ငွေကျပ် သိန်း ၂၀ ပေးသွင်းဖို့ ကျန်ရှိသူတွေ ပေးသွင်း နိုင်ဖို့ မေ ၁၃ ရက်ကနေ ၂၅ ရက် အတွင်း ရတနာပုံဘဏ်က မြို့တော် ခန်းမမှာ လာရောက်လက်ခံပေးမှာ ဖြစ်ပါတယ်။ မဲနှိုက်ရောင်းချပေးမယ့် အစီအစဉ်ကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းတွေနဲ့ ကိုက်ညီအောင် မြို့တော်ခန်းမအတွင်း မှာ စနစ်တကျ နေရာချထားပြီး ပြုလုပ် မှာ ဖြစ်ပါတယ်။ ဒါကြောင့် မဲနှိုက်ဖို့ လာကြသူတွေအနေနဲ့ အငြိမ်းစား ဝန်ထမ်းကလွဲပြီး တခြားသူတွေ ခေါ်မလာကြဖို့ မေတ္တာရပ်ခံပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ တိုက်ခန်းနေရာအတွက် စပေါ်ငွေ ပေးသွင်းပြီးသူများအား မဲစနစ်ဖြင့် ရောင်းချရာတွင် လျှောက် ထားသူ အမျိုးအစားအလိုက် ဇွန် ၁ ရက်တွင် နိုင်ငံ့ဝန်ထမ်းများကိုလည်း ကောင်း၊ ဇွန် ၂ ရက်တွင် အငြိမ်းစား ဝန်ထမ်းများကိုလည်းကောင်း၊ ဇွန် ၃ ရက်တွင် ပြည်သူလူထု လျှောက်လွှာ များကိုလည်းကောင်း၊ ဇွန် ၄ ရက်တွင် ကုမ္ပဏီဝန်ထမ်းများကို လည်းကောင်း သတ်မှတ်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကိုဗစ်-၁၉ ကာလ ပြည်သူများအဆင်ပြေစေရေး အလုပ်သမားမှတ်ပုံတင်ကတ်များ ဆောင်ရွက်ပေး

**ရန်ကုန် မေ ၁၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးတွင် ကိုဗစ်- ၁၉ ကာကွယ်တိုက်ဖျက်ရေးကာလ ပြည်သူအများစုအဆင်ပြေစေရေးအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက သုံးခွနှင့် ခရမ်းမြို့နယ်များမှ ပြည်သူ များအား အလုပ်သမားမှတ်ပုံတင်ကတ်ပြားများကို မေ ၁၂ ရက်က ဆောင်ရွက် ပေးလျက်ရှိသည်။

ရပ်ဝေးမှလာရောက်ဆောင်ရွက်ကြသည့် ပြည်သူများ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စေရေးအတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးအောင်ကိုထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ကြည်ကြည်စန်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနက သတ်မှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ နှာခေါင်းစည်းများ တပ်ဆင်ခြင်း၊ သတ်မှတ်အကွာအဝေးမှဆောင်ရွက်ခြင်းတို့ကို ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ သန်လျင်နှင့် ကျောက်တန်းမြို့နယ်များမှ အလုပ်သမားမှတ်ပုံတင် လာရောက်ဆောင်ရွက်သူများအား အဆင်ပြေစေရန် မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးတွင် နေရာခွဲ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



# အသားတိုး ဆိတ်မွေးမြူရေးလုပ်ငန်းများ ပြည်တွင်းဈေးကွက်သာရှိ၍ အရောင်းအဝယ်ကျဆင်း

**မိတ္ထီလာ မေ ၁၃**

မိတ္ထီလာမြို့နယ် ဆူးဖြူကွက်ကျေးရွာ၌ အသားတိုး ဆိတ် မွေးမြူရေးလုပ်ငန်းများ ကိုဗစ်-၁၉ ဖြစ်ပွားမှု ကြောင့် ပြည်ပ ဈေးကွက်မရှိဘဲ ပြည်တွင်းဈေးကွက် သာရှိ၍ အရောင်းအဝယ်ကျဆင်းလျက်ရှိကြောင်း ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများထံက သိရသည်။

အသားတိုး ဆိတ်မွေးမြူရေးလုပ်ငန်းများကို ၂၀၁၂ ခုနှစ်မှ စတင်၍ လုပ်ကိုင်ကြပြီး အသားတိုး ဆိတ်များ မွေးမြူရာတွင် တစ်နှစ်သားရှိသည့် ဆိတ် အထီးများကို ဝယ်ယူမွေးမြူသည်။

ထိုသို့ ဝယ်ယူပြီးနောက် ခြောက်လအထိ ခြံအတွင်း ကုလားပဲခွံ၊ ပဲမျိုးစုံ၊ ဆီးဖတ်၊ ဝါစေ့ဖတ် တို့ကို တစ်နေ့လေးကြိမ် ကျွေးမွေးပြီး ဆိတ်များ အညောင်းမမိစေရန် ခြံအပြင်ဘက်ထုတ်၍ တစ်နေ့ နှစ်ကြိမ်ရေတိုက်ခြင်းကို ဆောင်ရွက်ပေးလျက် ရှိသည်။

ထို့အပြင် ဆိတ်မွေးမြူရေးခြံများ သန့်ရှင်း သပ်ရပ်စေရန်အတွက်လည်း တစ်နေ့နှစ်ကြိမ် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ပေးရသည်။

ယင်းသို့ အသားတိုးဆိတ်များကို ခြောက်လ အကြာ မွေးမြူပြီး ပြန်လည်ရောင်းချရာတွင်လည်း မူဆယ်၊ မြဝတီဘက်များမှ ဆိတ်ပွဲစားများက ကျေးရွာအရောက် အသားတိုးဆိတ်များကို လာ ရောက် ဝယ်ယူလျက်ရှိသည်။

ထိုသို့ ဝယ်ယူရောင်းချရာတွင် တစ်နှစ်သား ဆိတ် အထီးတစ်ကောင် ငွေကျပ်တစ်သိန်းနှုန်း ပေးဝယ်ရပြီး ပြန်လည်ရောင်းချရာတွင် ငွေကျပ် တစ်သိန်း ခုနစ်သောင်း ရရှိ၍ အသားတိုးဆိတ်မွေး မြူသည့်လုပ်ငန်းမှာ အဆင်ပြေကြောင်း။

ယခုဆိုလျှင် အလုပ်သမား ၃၀ ကျော်ဖြင့် အသားတိုးဆိတ် ကောင်ရေ ၁၁၂၀ ကို ခြံ ၁၄ ခြံဖြင့် မွေးမြူထားပြီး စီးပွားဖြစ်လုပ်ကိုင်နေသည့် အပြင် ကျေးရွာအတွင်းရှိ အိမ်ထောင်စုဝင်များ အလုပ် အကိုင်ရရှိစေရေး အသားတိုးဆိတ်များ မွေးမြူနိုင် စေရန် ငွေအရင်းအနှီးများ စိုက်ထုတ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ယင်းသို့ အသားတိုးဆိတ်များ မွေးမြူ လျက်ရှိရာမှ ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် မူဆယ်၊ မြဝတီဘက်မှ ပွဲစားများက အသားတိုးဆိတ်များ ဝယ်ယူခြင်း မရှိသောကြောင့် ပြည်ပဈေးကွက် မရှိဘဲ ပြည်တွင်းဈေးကွက်သာရှိ၍ အသားတိုး ဆိတ်များ ရောင်းဝယ်သည့် လုပ်ငန်းများမှာ ကျဆင်းလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃-၅-၂၀၂၀

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၉၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၉၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၂၅၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၂၀/၄၈၅ ကျပ် | ၄၅၀/၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၃၀/၄၉၅ ကျပ် | ၄၆၅/၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၃၂၀/၃၅၅ ကျပ် | ၃၈၀/၃၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၄၆၀/၅၀၀ ကျပ် | ၅၂၅/၅၄၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၁၅ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၃၅ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၉၉၉ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၇၃၈ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၂၂ . ၈ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၉၁၈ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၁၉၉ . ၆၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၁၈ . ၇၆၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၁၅ . ၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၂၇ . ၁၁ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၄ . ၁၇၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၁၆၃၂ | ၁၇၁၀၈၅၀၀ |
| MTSH | ၃၆၀၀ | ၃၆၅၀ | ၃၇၄၅ | ၁၃၄၈၂၀၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၂၃ | ၁၉၀၉၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၉၃၇ | ၂၂၀၁၉၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၄ | ၁၂၁၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပူပြင်းရာသီရောက်လာပြီ ရေကို ချွေတာဖို့လိုသည်

မေယု - မျိုးအောင်(MANA)

**ရေသည် သက်ရှိသတ္တဝါများအတွက် အရေးပါဆုံးဓာတ်ဖြစ်ပြီး ရေဓာတ်မရှိပါက အသက်ရှင်နိုင်မည် မဟုတ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင်လည်း ရေသည် အဓိက အခန်းကဏ္ဍ၌ ပါဝင်နေသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေထုဖြင့် ဖုံးလွှမ်းထားသော်လည်း လူသားများအသုံးပြုနိုင်သော သန့်စင်သည့် ရေပမာဏမှာ ၂ ဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။**

မျက်မှောက်ကာလ၌ ကမ္ဘာကြီး၏ ရေအရင်းအမြစ်များ တဖြည်းဖြည်း ယုတ်လျော့လာသည်။ ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်း၊ လူမှုဘဝဖွံ့ဖြိုးလာခြင်းကြောင့် ရေသုံးစွဲမှု ပိုမိုများပြားလာခြင်း၊ စီမံခန့်ခွဲမှု အားနည်းသော နိုင်ငံများတွင် ရေပြုန်းတီးမှုများပြားလာခြင်း၊ ရေကိုလိုအပ်သည်ထက် ပိုမိုသုံးစွဲနေခြင်း၊ စက်ရုံအလုပ်ရုံများမှ ရေကို ပိုမိုသုံးစွဲရခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ရေသယံဇာတများ ဆုံးရှုံးနေခြင်းတို့မှာ ရေအရင်းအမြစ်များ လျော့ပါးလာရခြင်း၏ အကြောင်းရင်းခံများဖြစ်သည်။

### ကမ္ဘာ့ရေနေ့ သတ်မှတ်ခဲ့

လူသားတို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးလာမှုကို ကာကွယ်ရန် ၁၉၉၂ ခုနှစ် ဇွန်လက ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ရာသီဥတု ညီလာခံ၏ အစီအစဉ် (၂၁) နောက်ဆက်တွဲ ဆုံးဖြတ်ချက်အရ နှစ်စဉ် မတ် ၂၂ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ပထမဆုံး ကမ္ဘာ့ရေနေ့ အခမ်းအနားများကို ၁၉၉၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ စတင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံကလည်း အဆိုပါအထိမ်းအမှတ်အခမ်းအနားများကို ၂၀၁၄ ခုနှစ်မှစတင်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ဦးဆောင်ကျင်းပလျက်ရှိသည်။

### ရေရှားပါးမှုများနှင့် ရင်ဆိုင်နေကြရ

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများ၏ စုစုပေါင်း ရေအရင်းအမြစ် ၁၆ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ထားပြီး အာရှဒေသ၏ ရေအရင်းအမြစ် ၁၂ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသည်။ အလယ်ပိုင်းခြောက်သွေ့သော အပူပိုင်းဒေသများမှလွဲ၍ ရွာသွန်းမိုးရေကောင်းမွန်ခြင်း၊ မြစ်ချောင်းများနှင့်သဘာဝရေကန်များစွာ ရှိနေခြင်းနှင့် မြေအောက်ရေထိန်းထားနိုင်သော အလွှာရှိနေခြင်းတို့မှာ သဘာဝက ပေးအပ်ထားသောလက်ဆောင်မွန်ဖြစ်သည်။ သို့ရာတွင် လူဦးရေတိုးပွားလာမှုနှင့် မြို့ပြဖွံ့ဖြိုးလာမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများကြောင့် နိုင်ငံတစ်ဝန်းရှိမြို့များတွင် ရေလိုအပ်ချက် မြင့်မား လာသည်။ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးလာခြင်းတို့ကြောင့် ရေအရင်းအမြစ်များ အလျင်အမြန် လျော့ပါးလျက်ရှိသည်။ မြန်မာနိုင်ငံဒေသတချို့၌ ရေရှားပါးမှုများနှင့် ရင်ဆိုင်နေကြရပြီဖြစ်သည်။

**"လူသားတို့အတွက် အဓိကလိုအပ်ချက်ဖြစ်သော ရေကို လူတို့၏ စည်းကမ်းမဲ့မှုများကြောင့်လည်းကောင်း၊ မဆင်မခြင် လုပ်ဆောင်မှုများကြောင့်လည်းကောင်း တစ်စထက်တစ်စ ကမ္ဘာ့ရေချိုအရင်းအမြစ်များ လျော့နည်းကျဆင်းလာသည်။ ထိုသို့ ဆက်လက်လျော့နည်းလာမည်ဆိုပါက ၂၀၃၀ ပြည့်နှစ်သို့ ရောက်သည့်အခါ ကမ္ဘာ့လူဦးရေ ၁ ဒသမ ၈ ဘီလီယံသည် ရေရှားပါးမှုများနှင့် ကြုံတွေ့ရမည်ဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံသည် ရေမလုံလောက်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ကုလသမဂ္ဂက ခန့်မှန်းထား"**

နွေရာသီ ရေရှားပါးမှုကို စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီ၊ နေပြည်တော်၊ ကယား၊ မွန်၊ ရခိုင်၊ ရှမ်းတို့ပါဝင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတို့ရှိ မြို့နယ်ပေါင်း ၉၃မြို့နယ်၊ ကျေးရွာပေါင်း ၂၀၈ ရွာတို့မှ နေထိုင်သူတို့ ခံစားခဲ့ကြရသည်။ သာမန်အားဖြင့် ရေရှားပါးမှုဖြစ်ပေါ်မည်ဟု မျှော်မှန်းကြမည် မဟုတ်သည့် ဒေသများဖြစ်သည့် မြစ်ချောင်း အင်းအိုင်များ ပေါများသော ဧရာဝတီတိုင်းဒေသကြီးနှင့် အေးမြသောရာသီဥတုရှိသည့် ရှမ်းပြည်နယ်တို့တွင်ပါ ခြောက်သွေ့ ရာသီ ရေရှားပါးပြတ်လပ်မှုကို ခံစားခဲ့ကြရသည်။

ရာသီဥတုပြောင်းလဲလာခြင်း၊ သဘာဝပတ်ဝန်း ကျင်ယိုယွင်းပျက်စီးလာခြင်း စသည့်အကြောင်းတရားများကြောင့် ခြောက်သွေ့ရာသီရောက်ရှိလာသည်နှင့် မိမိနိုင်ငံရှိ ဒေသအများအပြားတို့တွင် သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့ကြရသည်မှာ နှစ်စဉ်လိုလိုဖြစ်လာနေပြီဖြစ်ရာ ဆယ်စုနှစ်နှင့်ချီနေပြီ ဖြစ်သည်။ ကျေးလက်ဒေသများ သောက် သုံးရေရှားပါးပြတ်လပ်မှုများ နှင့် စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နှစ်က ကျေးရွာပေါင်း ၂၀၆ ရွာတွင် နွေရာသီကာလ ရေရှားပါးမှု အခက်အခဲနှင့် ကြုံတွေ့နိုင်မည်ဟု မျှော်မှန်းစီစဉ်ခဲ့ပြီး လက်တွေ့တွင် ကျေးရွာပေါင်း ၃၈၉ ရွာ၌ ရေဖြန့်ဝေခြင်း လုပ်ငန်းများ အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့သည်။

### သောက်သုံးရေဖူလုံစေရေး

ယင်းကျေးရွာများ သောက်သုံးရေဖူလုံစေရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများ၊ နိုင်ငံတော်ရန်ပုံငွေများဖြင့် ကျေးရွာပေါင်း ၉၃ ရွာတွင် ရေပေးရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၇၃ ရွာကို ရေရရှိရေးဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန် ၅၉ ရွာကို လာမည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန် လျာထားကြောင်းလည်း သိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသများ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရာတွင် အဝီစိတွင်း၊ လက်တွင်းများ တူးဖော်ပေးခြင်း၊ မြေသားမိုးရေလှောင်ကန်များ တည်ဆောက်ပေးခြင်း စသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော် ပေးလျက်ရှိပြီး အချို့ကျေးရွာများတွင် ဖော်ပြပါနည်းလမ်းများဖြင့် ဆောင်ရွက်ပေးနိုင်သည့် အခြေအနေမရှိခြင်းကြောင့် ရေသယ်ယာဉ်များဖြင့် ရေပေးဝေခဲ့ရကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေးရေး၊ ကျန်းမာသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ကျေးရွာပေါင်း ၈၀၆၄ ရွာရှိ ကျေးလက်ပြည်သူ လူဦးရေ ၅ ဒသမ ၂၆ သန်းအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်း ၉၅၇၁ခုကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၆၉၁ ရွာရှိ လူဦးရေ ၁ ဒသမ ၃ သန်းအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၁၇၂၀ ကို ဆောင်ရွက်မည်ဖြစ်သည်ဟုလည်း သိရသည်။

ကမ္ဘာ့လူဦးရေ ၁ ဘီလီယံခန့်သည် လုံခြုံဘေးကင်းသော သောက်သုံးရေ မရရှိနိုင်သေးသည့်အတွက် ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် သက်ရောက်မှုများရှိလာသည်။ လူဦးရေ သန်း ၂၅၀၀ ခန့်သည်လည်း ကျန်းမာရေးနှင့် ညီညွတ်သောရေကို ဖူလုံစွာမရရှိကြသေးပေ။ လေ့လာသုံးသပ်သူများ၏ အဆိုအရ ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် ၂၀၂၅ ခုနှစ်အရောက်တွင် ရေကိုအခြေခံသောရောဂါများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သိရသည်။ ၂၀၃၀ပြည့်နှစ်တွင် ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ရေလိုအပ်ချက် ၅၀ ရာခိုင်နှုန်းကျော်လွန်မည်ဟု ဆိုသည်။

လူတစ်ဦးသည် ရေကိုဖူလုံစွာသောက်သုံးထားပါက ဦးနှောက်၊ ခန္ဓာကိုယ်ဆဲလ်များ အစာချေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့် ကြွက်သားများ၏ လုပ်ဆောင်ချက်များ ကောင်းမွန်အောင် အထောက်အကူပြုစေရုံသာမက အသားအရေ ခန်းခြောက်မှု၊ ပြင်ပရောဂါဝင်ရောက်မှုတို့ကိုပါ ကာကွယ်ပေးသည့်အပြင် ခန္ဓာကိုယ်အပူချိန်ကိုပါ ထိန်းညှိပေးသည်။ ထို့ပြင် ရေကို လုံလောက်စွာ သောက်သုံးခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှု လျော့နည်းသက်သာခြင်း၊ စိတ်ရွှင်လန်းစေခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မူးဝေအော့အန်သည့် ဝေဒနာများမှ သက်သာစေခြင်း၊ အစာကြေလွယ်ခြင်း၊ ဝမ်းချုပ်ခြင်းမှ ကင်းဝေးခြင်း၊ ခန္ဓာကိုယ် အလေးချိန် လျော့ကျခြင်း၊ အဆိပ်အတောက်ဖြစ်ပွားနိုင်မှုမှ လျော့ပါးစေခြင်း၊ ခန္ဓာကိုယ်အေးမြမှုကို ထိန်းချုပ်ပေးခြင်းစသည့် အကျိုးကျေးဇူးများစွာကို ရရှိစေသည်။

လူသားတို့အတွက် အဓိကလိုအပ်ချက်ဖြစ်သော ရေကို လူတို့၏ စည်းကမ်းမဲ့မှုများကြောင့်လည်းကောင်း၊ မဆင်မခြင် လုပ်ဆောင်မှုများကြောင့်လည်းကောင်း တစ်စထက် တစ်စ ကမ္ဘာ့ရေချိုအရင်းအမြစ်များ လျော့နည်းကျဆင်းလာသည်။ ထိုသို့ ဆက်လက်လျော့နည်းလာမည်ဆိုပါက ၂၀၃၀ ပြည့်နှစ်သို့ ရောက်သည့်အခါ ကမ္ဘာ့လူဦးရေ ၁ ဒသမ ၈ ဘီလီယံသည် ရေရှားပါးမှုများနှင့် ကြုံတွေ့ရမည်ဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံသည် ရေမလုံလောက်မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

ရေကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိ ရေကဏ္ဍဆိုင်ရာဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ဆယ်စုနှစ်အဖြစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက သတ်မှတ်ထားသည်။ ရေဆိုင်ရာ လုပ်ငန်းများသည် မြန်မာနိုင်ငံအတွက်သာမက နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့်လုပ်ငန်း တစ်ရပ်ဖြစ်ရာ မှန်ကန်သော အကျိုးရလဒ်များရရှိစေရေး အထူးပင်လိုအပ်လှသည်။

### အရေးကြီးသည့် ကဏ္ဍ

တိုးတက်များပြားလာသော လူဦးရေအတွက် ရေလိုအပ်ချက်သည် ကမ္ဘာကြီးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်သကဲ့သို့ ကမ္ဘာကြီးတည်တံ့ခိုင်မြဲရေးနှင့် ရေအရင်းအမြစ်လုံခြုံမှုရှိရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေမည်သာဖြစ်သည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့နေရာအနှံ့အပြား၌ ရေကိုအလုအယက်ရယူရန် ကြိုးပမ်းမှုများကြောင့် အုပ်စုအချင်းချင်း၊ နိုင်ငံအချင်းချင်း အငြင်းပွားမှုများတင်းမာမှုများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံအသီးသီး အနေဖြင့် ထိုသို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်မှာ မိမိတို့နိုင်ငံရှိ ရေအရင်းအမြစ်များအပေါ် စနစ်ကျသည့် စီမံခန့်ခွဲမှု၊ ရေသယံဇာတထိန်းသိမ်းမှုတို့က အရေးကြီးသည့် ကဏ္ဍသို့ ရောက်လာသည်။

ကမ္ဘာကြီးသည် ပုံမှန်ထက် အပူချိန် ၂ ဒီဂရီစင်တီဂရိတ်တိုးလာလျှင် မြစ်၊ ချောင်းများ ရေခန်းခြောက်နိုင်ပြီး ၃ ဒီဂရီစင်တီဂရိတ်အထိ တိုးလာပါက မြေအောက်ရေ ဆုတ်ယုတ်လျော့ပါးသွားမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဆိုထားရာ ကမ္ဘာကြီးအဓွန့်ရှည်ရေးသည် သက်ဆိုင်ရာ နိုင်ငံအသီးသီး၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မှုနှင့် ရေသယံဇာတများကို စနစ်တကျ စီမံခန့်ခွဲနိုင်မှုတို့အပေါ် မူတည်နေပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ဘော်လခဲမြို့နယ် ဘူးခူကျေးရွာတွင် စတုတ္ထအကြိမ် သောက်သုံးရေဂါလန် ၆၀၀ ဖြန့်ဝေ



**ဘော်လခဲ မေ ၁၃**

ကယားပြည်နယ် အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘော်လခဲ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက ဘူးခူကျေးရွာတွင် ပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစံမြ နှင့် ဝန်ထမ်းများက စတုတ္ထအကြိမ် ရေဂါလန် ၆၀၀ ကို ယမန်နေ့က ကျေးရွာအရောက် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဘူးခူကျေးရွာရှိ အိမ်ခြေ ၅၂ အိမ်မှ လူဦးရေ ၂၇၅ ဦးတို့အတွက် ရေဂါလန် ၆၀၀ ကို သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် အိမ်ထောင်စုများအလိုက် စနစ်တကျ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

ဘော်လခဲမြို့နယ်အတွင်းရှိကျေးရွာများတွင် နွေရာသီကာလ သောက်သုံးရေ ရှားပါးမှုများ ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံမြ ဖုန်း - ၀၈၃-၅၀၁၀၉ သို့ဆက်သွယ်၍ အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

ငြိမ်းသူ

# ကော့သောင်းမြို့၌ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ ဆိုက်ကပ်စစ်ဆေးမည့်တံတားတစ်စင်း ဆောက်လုပ်လျက်ရှိ

**ကော့သောင်း မေ ၁၃**

ကော့သောင်းခရိုင်အတွင်း ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးတင်ငါးချရန်နှင့် ရေထွက်ကုန်ပစ္စည်းများ စစ်ဆေးနိုင်ရန်အတွက် Free On Boat (FOB) စစ်ဆေးရေးတံတား တစ်စင်းကို ကော့သောင်းမြို့ရွှေဟင်္သာရပ်ကွက်အတွင်းရှိ ကမ်းနီးကမ်းဝေး ငါးလုပ်ငန်းကုမ္ပဏီများ တည်ရှိရာ ရေလုပ်ငန်းဇုန်တွင် မေလပထမပတ်က စတင်ဆောက်လုပ်လျက်ရှိသည်။ **(ယာပုံ)**

အဆိုပါတံတားတွင် အဖွဲ့စုံဖြင့် ခရိုင်အတွင်းမှ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ငါးသယ်ရေယာဉ်များ Free On Boat (FOB) ဆိပ်ကမ်းရောက်တန်ဖိုး စစ်ဆေးမှုလုပ်ငန်းများကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုင်းနိုင်ငံ ငါးဈေးကွက်သို့ ရေထွက်ကုန်ပစ္စည်းများ အရည်အသွေး စံချိန်စံညွှန်းအမီ တင်ပို့ရောင်းချရန် ဖြစ်ကြောင်း သိရသည်။

ကော့သောင်းမြို့ အနေဖြင့် ရေထွက်ကုန် တင်ပို့ရောင်းချမှုသည် နိုင်ငံတော်အတွက် နှစ်စဉ် နိုင်ငံခြားငွေရှာဖွေပေးရာ မြို့ဖြစ်သော်လည်း ယခင်က နိုင်ငံတော်ပိုင် ရေထွက်ကုန်ပစ္စည်းတင်ချ စစ်ဆေးရန် ဆိပ်ခံဖောတံတားမရှိခဲ့သည့်အတွက် ပုဂ္ဂလိကပိုင် ဆိပ်ခံတံတားများတွင် လုပ်ငန်းအဆင်ပြေစေရေး ဆိုက်ကပ်စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယခုနှစ်အတွင်း တံတားချဉ်းကပ်လမ်းနှင့် ဆိပ်ခံဖောတံတားအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တာဝန်ယူ တည်ဆောက်ခြင်းဖြစ်ရာ လာမည့် စက်တင်ဘာလအတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရန် လျာထားကြောင်း၊ ကော့သောင်းခရိုင်အနေဖြင့် တစ်နေ့လျှင် ပျမ်းမျှငါးလှေ ၃၁ စင်းခန့်ဖြင့် ငါးတန်ချိန်တစ်ထောင်ကျော်ကို တင်ပို့လျက်ရှိပြီး တစ်နေ့ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၉၅ သန်းခန့် ရှာဖွေပေးလျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်က ပြောသည်။

အဆိုပါတံတား ဆောက်လုပ်ပြီးစီးပါက ခရိုင်အတွင်း ငါးဖမ်း ငါးသယ်ရေယာဉ်များ ဆိုက်ကပ်စစ်ဆေးမှု လွယ်ကူစွာဖြင့် နိုင်ငံခြားသို့ ရေထွက်ပစ္စည်းတင်ပို့နိုင်မှု ပိုမိုကောင်းမွန်လာမည် ဖြစ်ကာ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာနိုင်ပြီး ဒေသတွင်း အသေးစား လက်လုပ်လက်စား ရေလုပ်ငန်း လုပ်ကိုင်သူများလည်း အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)



# သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော ကျေးရွာများသို့ သောက်သုံးရေ သွားရောက်လှူဒါန်း

**မင်းဘူး မေ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရာသီဥတု ပူပြင်းခြောက်သွေ့မှုကြောင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော မင်းလှကျင်းကျေးရွာနှင့် ကျောက်ပယ်ကျေးရွာတို့သို့ ယမန်နေ့က သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။ **(ယာပုံ)**



"ကျွန်တော်တို့ ကျေးရွာကို အခုလိုသောက်သုံးရေ လိုအပ်နေတဲ့ အချိန်မှာ လာရောက်ပြီး ရေလှူဒါန်းပေးတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ သောက်ရေက ကန်ရေကို အသုံးပြုရတဲ့အတွက် ကန်ရေခန်းခြောက်သွားတော့ သောက်ဖို့ရေသန့် မရှိဖြစ်နေတာပါ။ အခု လောလောဆယ်တော့ လေးပင်ရွာက ဝယ်သောက်နေရပါတယ်။ ကျွန်တော်တို့ ရွာမှာ အိမ်ထောင်စု ၂၀၀ ရှိပြီး လူဦးရေ ၇၀၀ ကျော် ရှိပါတယ်။ မင်းလှကျင်း အုပ်စု ကျောက်ပယ်ကျေးရွာကတော့ အိမ်ထောင်စု ၈၃ စုရှိပြီး လူဦးရေ ၃၀၀ ကျော်ရှိပါတယ်" ဟု မင်းလှကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ပြောသည်။

အဆိုပါသောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော ကျေးရွာများသို့ ဦးခိုင်မြဲ မိသားစုက သောက်ရေ ၂၀ လီတာ ဘူးကြီး ၄၂၀ ကိုလည်းကောင်း၊ နယ်မြေခံတပ်ရင်းမှ သောက်ရေ ၂၀ လီတာဘူးကြီး ၁၀၀ ကို လည်းကောင်း၊ မီးသတ်ရေ သယ်ယာဉ်ဖြင့် သုံးရေ ဂါလန် ၁၈၅၀ ကို ဦးသန်းမြင့်အောင် မိသားစု လေးပင်ကျေးရွာကလည်းကောင်း လှူဒါန်းသည်။

ထိုသို့ရေလှူဒါန်းရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ မင်းဘူး(စကု) မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် ရေအလှူရှင်များက သောက်သုံးရေများကို သွားရောက်လှူဒါန်းခဲ့ကြပြီး နှာခေါင်းစည်းများကိုလည်း ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျော်စိုးဝင်း၊ မောင်မောင်

# မိတ္ထီလာမြို့နယ်အတွင်း ကုန်စည်စီးဆင်းမှု အဆင်ပြေစေရန် ယာဉ်လိုင်း ၁၆ လိုင်းဖြင့် ဆောင်ရွက်လျက်ရှိ

**မိတ္ထီလာ မေ ၁၃**

မိတ္ထီလာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ကုန်စည်စီးဆင်းမှု အဆင်ပြေစေရန် ကုန်စည်ပို့ဆောင်ရေးယာဉ်လိုင်း ၁၆ လိုင်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌထံက သိရသည်။

မိတ္ထီလာမြို့မှ ရန်ကုန်မြို့၊ မန္တလေးမြို့အပါအဝင် အခြားမြို့များသို့ ကုန်စည်စီးဆင်းရာတွင် ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကုန်စည်ပို့ဆောင်ရေးယာဉ်လိုင်း ၁၆ လိုင်းဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း မိတ္ထီလာမြို့မှ အခြားမြို့များသို့ ကုန်စည်များပို့ဆောင်သည့် ကုန်တင်ယာဉ်များ သွားလာရေးအဆင်ပြေစေရန် ထောက်ခံချက်များ လိုအပ်ပါက ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့် လျင်မြန်ရေးအတွက် ကုန်တင်ကားများအပြင် ခရီးသည်တင်ယာဉ်များကိုလည်း ခရီးသည်များ တင်ခွင့်မပြုဘဲ ကုန်များသာ တင်၍ ပြေးဆွဲနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ခရီးသည်တင်ယာဉ်များ ကုန်များတင်ဆောင်၍ ပြေးဆွဲခွင့်ပေးခြင်းမှာ ကိုဗစ်-၁၉ ကာလအတွင်း ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ စားဝတ်နေရေး အဆင်ပြေစေရန် ခွင့်ပြုပေးရခြင်းဖြစ်ကြောင်း၊ ယင်းသို့ ကုန်များတင်ရာတွင်လည်း ငရုတ်၊ ကြက်သွန် စသည့်ကုန်စည်များတင်လျက်ရှိကြောင်း သိရသည်။

အဆိုပါကုန်စည်များစီးဆင်းရာတွင်ယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ ကုန်တင်ဆောင်သည့် ယာဉ်များ ဂိတ်များတွင် ညအိပ်ရပ်နားမှု မရှိစေဘဲ ဖြတ်သန်းခွင့်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပြောသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြား

### နွေရာသီကာလ အပူရှိန်ပြင်းထန်ချိန်နှင့် COVID-19 ရောဂါ ဖြစ်ပေါ်နေချိန်တို့တွင် ပြည်သူများ သတိပြုလိုက်နာဆောင်ရွက်ရန် အသိပေးပန်ကြားခြင်း

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားနေသည့် ယခုကာလ၌ ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်၍ အပူရှိန်ပြင်းထန်မှုနှင့်အတူ မီးလောင်ခြင်း၊ ရေတွင်းရေကန်များ ခန်းခြောက်မှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ တစ်ခါတစ်ရံ လေပြင်းတိုက်၍ မိုးသီးကြွေခြင်းနှင့် အပူရှိန်မြင့်မားမှုကြောင့် ဖြစ်ပေါ်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုခံစားရခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

အပူရှိန်မြင့်မားသည့် နွေရာသီကာလတွင် ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့ကို ခံစားရလေ့ရှိရာ ယခုကဲ့သို့ COVID-19 ရောဂါဖြစ်ပွားချိန်တွင် ပိုမိုသတိပြုနေထိုင်ရန်လိုအပ်ပြီး ပူပြင်းသည့်နွေရာသီနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရန်လည်း လိုအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နွေရာသီကာလ အပူဒဏ်ခံစားရမှုများမှ လျော့နည်းသက်သာစေရန်အတွက် ယခင်နှစ်က အပူရှောင်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုနှစ်တွင် COVID-19 ရောဂါကြောင့် လူစုလူဝေးများမဖြစ်စေရေးအတွက် အပူရှောင်စခန်းများကို ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော်လည်း သောက်သုံးရေများ ဖြန့်ဝေခြင်း၊ ရေတွင်း၊ ရေကန်ငယ်များ တူးဖော်ပြုပြင်ပေးခြင်း၊ ရေသိုလှောင်ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအပါအဝင် အခြားဌာနအဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

လိုအပ်ပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇၃၄၀၄၆၆၆ နှင့် ၀၆၇၇၃၄၀၄၇၇၇ တို့ကို ဆက်သွယ်အကူအညီတောင်းခံနိုင်ပါသည်။

**ပြည်သူများအနေဖြင့်လည်း ယခုကဲ့သို့ အပူရှိန်ပြင်းထန်ချိန်တွင် ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ရန် အသိပေးပန်ကြားအပ်ပါသည်။**

- အရိပ်ရ၍ အေးမြသောနေရာများတွင် နေပါ။
- အဆောက်အဦများ၌ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ပါ။
- ရေများများသောက်ပါ။
- နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
- အရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များ ဝတ်ဆင်ပါ။
- အပူရှိန်ပြင်းထန်သည့် အချိန်များတွင် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို မော်တော်ကားအတွင်း၊ အလုံပိတ်ထားသည့် အခန်းများအတွင်း တစ်ဦးတည်းထားခဲ့ခြင်းမှ သတိပြုရှောင်ရှားပါ။
- နေ့လယ်နေ့ခင်းအချိန်များ၌ ကလေးငယ်များကို အဆောက်အဦများ၏ ပြင်ပနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့သော နေရာများတွင် လှုပ်ရှားကစားခြင်းမျိုး မပြုပါစေနှင့်။
- ပူပြင်းသော နေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ရှားပါ။
- မလိုအပ်ပါက လျှပ်စစ်မီးလုံး၊ မီးချောင်းများ ဖွင့်ထားခြင်း မပြုပါနှင့်။
- ပူပြင်းခြောက်သွေ့မှုလွန်ကဲသောကြောင့် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်ကို သတိပြုပါ။
- မလိုအပ်ဘဲ ရေများ လေလွင့်ပြုန်းတီးမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်ပါ။
- ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို COVID-19 ရောဂါ ကူးစက်ပျံ့နှံ့နေချိန် အရှိန်ပြင်းထန်သည့်ကာလတွင် ပိုမိုထိခိုက်ခံစားရခြင်းနှင့် အသက်ဆုံးရှုံးခြင်းများမရှိစေရန် အိမ်ထဲ၌သာ နေစေခြင်းဖြင့် ကာကွယ်စောင့်ရှောက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် လှိုင်သာယာနှင့် တာမွေမြို့နယ်များ၌ ကျန်းမာရေးစစ်တမ်း ကောက်ယူရေးဆွေးနွေး

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ခန်းမ (၃)၌ ယမန်နေ့က တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဝင် ဌာနဆိုင်ရာများနှင့် လှိုင်သာယာ၊ တာမွေမြို့နယ်များ၌ ကျန်းမာရေး စစ်တမ်းကောက်ယူရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။ **(အောက်ပုံ)**

တိုင်းဒေသကြီးဝန်ကြီးချုပ်က လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်– ၁၉ ရောဂါကာလအတွင်း ပြည်သူများ အနေဖြင့် မိမိအိမ်မှ စတင်ထွက်ရှိလာသည့်နှင့် နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ရန် လိုအပ်ကြောင်း၊ နှာခေါင်းစည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကြိုတင်၍ ပြည်သူလူထုကြားကို ရောက်ရှိအောင် ဝေငှပေးမည်ဖြစ်ကြောင်း၊ မလိုက်နာပါက ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ မေလ ၁၆ ရက်တွင် လှိုင်သာယာ၊ ၁၇ ရက်တွင် တာမွေမြို့နယ်များ၌ ကျန်းမာရေးစစ်ဆေးသည့် စက်နှင့် စစ်ဆေးခံမည့်သူအတွက် အခန်းသီးသန့်ပြုလုပ်ထားသည့် ရွှေ့လျားမော်တော်ယာဉ်လေးစီးဖြင့် ကျန်းမာရေးစစ်တမ်း ကောက်ယူခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့် ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ပါမောက္ခချုပ်ဒေါက်တာ ဇော်ဝေစိုးတို့က လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များ၊ ပါဝင်ဆောင်ရွက်မည့် ကျန်းမာရေးဝန်ထမ်းများ၏ အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လှိုင်သာယာမြို့နယ်နှင့် တာမွေမြို့နယ်တို့မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကျန်းမာရေးစစ်တမ်း ကောက်ယူမည့်နေရာများ၊ ပါဝင်ဆောင်ရွက်ပေးမည့် အုပ်ချုပ်ရေးဝန်ထမ်းများနှင့် လူမှုကူညီရေး စေတနာ့ဝန်ထမ်းများ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသော တိုင်းဒေသကြီး ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ဆန်းကျော်ဦး(ပြန် /ဆက်)**





## ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ပေါ်ရှိ ဘာသာရေးကျောင်းများသို့ အလှူငွေများ သွားရောက်လှူဒါန်း

**လွိုင်ကော် မေ ၁၃**

ကယားပြည်နယ်အတွင်းရှိ ဘာသာရေးကျောင်းများ အသီးသီးမှ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများက တင်ပြခဲ့မှုအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့နှင့်အတူ ယမန်နေ့က လွိုင်ကော်မြို့ပေါ်ရှိ ဘာသာရေးကျောင်းများသို့ သွားရောက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မင်္ဂလာရပ်ကွက်ရှိ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းသို့ သွားရောက်ပြီး ဘုရားကျောင်းအသစ် ဆောက်လုပ်ခြင်းအတွက် အလှူငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ ထို့နောက် ဒေါဥခူရပ်ကွက်ရှိ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းသို့ သွားရောက်ပြီး ကျောင်းဝင်းအတွင်း၌ ဘုရားကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း လုပ်ငန်းအတွက် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းသို့ သွားရောက်ပြီး ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ကျောင်းဝင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် ပြည်နယ် သံဃနာယက ကျောင်းဆောင်သစ်တွင် တည်ထားကိုးကွယ်မည့် စေတီတော်အတွက် ငွေကျပ် ၁၅ သိန်း၊ **(အပေါ်ပုံ)** ထို့နောက် ပုဗ္ဗာရုံ ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး သဘာဝဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ကျောင်းအုတ်တံတိုင်း ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ထွန်းလေး (ပြန်/ဆက်)**

## ပဲခူးမြို့ ကလိ(တပ်ကလေး)ကျေးရွာအနီး၌ သောက်သုံးရေကန် တူးဖော်လှူဒါန်း

**ပဲခူး မေ ၁၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ပဲခူးမြို့ ကလိ (တပ်ကလေး) ကျေးရွာအနီး၌ မြန်မာ့ထိပ်တန်းစီးပွားရေးအဖွဲ့ ကုမ္ပဏီလီမိတက်မှ မုဒိတာသောက်သုံးရေကန် တူးဖော်လှူဒါန်းခြင်း အခမ်းအနားပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပဲခူးမြို့ ကလိ (တပ်ကလေး) ကျေးရွာအနီး ခြောက်ထပ်ဆေးရုံကြီး အနောက်ဘက်တွင် သောက်သုံးရေကန် တူးဖော်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ မြန်မာ့ထိပ်တန်းစီးပွားရေးအဖွဲ့ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်နိုင်နှင့် တာဝန်ရှိသူများက သောက်သုံးရေကန်(မုဒိတာရေကန်) ကို အစိုးရအဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါ မုဒိတာရေကန်သည် ပဲခူးမြို့ ကလိကျေးရွာနှင့် ပြည်တော်သာကျေးရွာအကြား ကလိခုတင် ၅၀၀ ဆံ့ခြောက်ထပ်ဆေးရုံ၏ အနောက်ဘက်ရှိ မြေအကျယ် ၁၀ ဧကအတွင်း၌ အကျယ် ၄ ဒသမ ၅ ဧက၊ ရေဂါလန် ၁၀ သန်း ကျော်ဆံ့သည့် ရေကန်အဖြစ် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာ့ထိပ်တန်းစီးပွားရေးအဖွဲ့ ကုမ္ပဏီလီမိတက်က တူးဖော်လှူဒါန်းထားခြင်းဖြစ်ပြီး ကလိခုတင် ၅၀၀ ဆံ့ ခြောက်ထပ်ဆေးရုံ၊ ကလိကျေးရွာ၊ ပြည်တော်သာကျေးရွာ၊ ပြည်တော်သာမြို့သစ်အိမ်ရာများသို့ ရေပေးဝေနိုင်မည်ဖြစ်သည်။

ယခုအခါတွင် ကလိခုတင် ၅၀၀ ဆံ့ ခြောက်ထပ်ဆေးရုံသို့ ခြောက်လက်မရေပိုက်များဖြင့် ရေသွယ်တန်းခြင်းလုပ်ငန်း လုပ်ဆောင်နေပြီဖြစ်သည့်အပြင် Isolation Unit အဖြစ်ထားရှိသည့် တိုင်းဒေသကြီး ကုသရုံး နှစ်ထပ်ဆောင်ကိုလည်း ရေပေးဝေနေပြီဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




## ရှမ်းပြည်နယ်ဝန်ကြီးချုပ် လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ် ဝယ်ယူပြီးလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချရန်အတွက် သဘောတူညီစာချုပ် လက်မှတ်ရေးထိုးပွဲတက်ရောက်

**တောင်ကြီး မေ ၁၃**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ Eastern Shinn Lon Manufacturing Co.,Ltd.နှင့် လာအိုနိုင်ငံ MCM ကုမ္ပဏီတို့ ပူးပေါင်း၍ လာအိုနိုင်ငံမှ လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ်ဝယ်ယူပြီး သက်သာသောဈေးနှုန်းဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချရန်အတွက် သဘောတူညီစာချုပ် လက်မှတ်ရေးထိုးခြင်းကို ယမန်နေ့က တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က တာချီလိတ်မြို့အနေဖြင့် ထိုင်းနိုင်ငံမှ ဓာတ်အားဝယ်ယူသုံးစွဲ နေရသောကြောင့် အိမ်ထောင်စုအားလုံးနှင့် ကျေးရွာအချို့တွင် ဓာတ်အားမရရှိသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ Eastern Shinn Lon Manufacturing Co.,Ltd. သည် လာအိုနိုင်ငံမှ လျှပ်စစ်ဓာတ်အား ၃၀ မဂ္ဂါဝပ် ဝယ်ယူဖြန့်ဖြူးပေးရန် ၁၁၅ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁၅/၆၆/၂၂/၁၁ ကေဗွီအဆင့်ဆင့် ဓာတ်အားခွဲရုံများကို ခန့်မှန်းကုန်ကျစရိတ်အနေဖြင့် ဘတ်ငွေ ၄၉၀ ဒသမ ၆၅သန်း ၊ မြန်မာငွေကျပ် ၂၀၂၇ ဒသမ ၄၈သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း၊ ရင်းနှီးကျခံ တည်ဆောက်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက ပထမအဆင့် အနေဖြင့် တာချီလိတ်မြို့နယ် ပြင်ပကျေးရွာများဖြစ်သည့် မိုင်းဖုန်း(က)၊(ခ)၊ ဖန်မင်ကျေးရွာအုပ်စု၊ မိုင်းကိုးကျေးရွာအုပ်စု၊ ဆေခမ်းရပ်ကွက်တို့အပါအဝင် ကျေးရွာပေါင်း ၁၃၃ ရွာ၊ အိမ်ထောင်စု ၅၅၃၀ တို့ လျှပ်စစ်မီးရရှိနိုင်မည် ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ ဆောက်လုပ်ဆဲ ဟိုတယ်လုပ်ငန်းခွင်များနှင့် တာချီလိတ်မြို့တွင်း ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိလာပါက ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် ဆက်လက်လုပ်ဆောင်မည်ဟု သိရှိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာကြိုဆို အားပေးကြောင်း ပြောကြားသည်။

ဆက်လက်၍ Eastern Shinn Lon Manufacturing Co.,Ltd . က သဘောတူညီမှုစာချုပ်လက်မှတ်ရေးထိုးခြင်းနှင့် ပတ်သက်၍ ဒါရိုက်တာ ဦးစိုင်းအောင်ဟိန်းမွန်း ရှင်းလင်းတင်ပြပြီး ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်၊ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှုန်တစ်လုံး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေလင်းနှင့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ သဘောတူညီမှုစာချုပ်လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပြင်ဦးလွင်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ပြင်ဦးလွင် မေ ၁၃**

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၈) မ–၂ တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မေ ၉ ရက်က အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

မြို့နယ်သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေးတာဝန်ခံ ဒေါက်တာအောင်ထွန်းဝင်းက ယခုကာလသည် ခြင်များ ပေါက်ဖွားတတ်သော ကာလဖြစ်ကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့်အတူ ခြင်ခိုအောင်းနိုင်သော နေရာများကို ရှင်းလင်းရန်လိုအပ်ကြောင်း အသိပညာပေးခဲ့ပြီး ကော့လိန်မြို့နယ် ကျန်းမာရေးမှူး မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေး အဓိကသတင်းစကား ရှစ်ချက်ကို အသိပညာပေးနှိုးဆော်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများကလည်း လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ယခုကဲ့သို့ အသိပညာပေးခြင်းကို မေလမှ စက်တင်ဘာလအထိ မြို့ပေါ်ရပ်ကွက်များကို တစ်ပတ်လျှင် နှစ်ကြိမ် ရပ်ကွက်အရောက်အလှည့်ကျ ကွင်းဆင်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။ **မြတ်ဆုမွန်**

## ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကျော်ချီးမြှင့်ပေးမည့် Regular Season Playoffs ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၁၃**
၂၀၁၇ ခုနှစ်မှ စတင်ကာ ကမ္ဘာတစ်ဝန်းရှိ e-sports လောကကို ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စီစဉ်ကျင်းပလျက်ရှိသည့် Mobile Legends: Bang Bang Professional League သည် ယခုနှစ် ၂၀၂၀ အထိ သုံးကြိမ်တိုင်အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ MPL-MM S4 ပွဲစဉ်များကို ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် ကိုဗစ်-၁၉ ကြောင့် နောက်ဆုတ်ခဲ့ရသော်လည်း ယခုအခါ Moonton မှ ပုံမှန်ပွဲစဉ်များကို မေ ၁၆ ရက် မှစ၍ ဇွန် ၇ ရက် အထိ ပြန်လည်ကျင်းပမည်ဖြစ်ပြီး Grand Final ပွဲကို ဇွန် ၂၀ရက်နှင့် ၂၁ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ပွဲစဉ်အချိန်များနှင့် ပတ်သက်ပြီး Moonton ၏ e-sports Director ဖြစ်သူ Lucas Mao က "ကျွန်တော်တို့အနေနဲ့ ဒီပြိုင်ပွဲကြီးမှာ ပါဝင်ကြသူအားလုံးရဲ့ ကျန်းမာရေးနဲ့ လုံခြုံရေးအတွက် ဂရုတစိုက် စီစဉ်ဆောင်ရွက်ထားပြီး ကျွန်တော်တို့နှစ်သက်တဲ့ဂိမ်းကို တာဝန်သိတတ်စွာနဲ့ ပျော်ပျော်ရွှင်ရွှင်ပြန်လည်ကစားလိုပါတယ်။ အခု ပြန်လည်ရေးဆွဲထားတဲ့ ပွဲစဉ်အချိန်ဇယားကတော့ ၂၀၂၀ ပြည့်နှစ် လိဂ်ပြိုင်ပွဲကြီးမှာ ပါဝင်ကြမယ့် ကစားသမားတွေ၊ ဝန်ထမ်းတွေနဲ့ အားပေးကြမယ့် ပရိသတ်တွေရဲ့ ကျန်းမာရေးကို ထည့်သွင်းစဉ်းစားပြီး စီစဉ်ထားတာဖြစ်တဲ့အတွက် ဒီနှစ်ပြိုင်ပွဲရဲ့ ထူးခြားမှုကိုလည်း ဆက်လက် ထိန်းသိမ်းထားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပွဲစဉ်အချိန်ဇယားအသစ် ရေးဆွဲတဲ့နေရာမှာ ပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းတွေရဲ့ လမ်းညွှန်ချက်တွေကို တိကျစွာလိုက်နာသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပရိသတ်အားလုံးနဲ့ မိတ်ဖက်တွေအားလုံးကိုလည်း ဒီ Season ကို အမှတ်တရ ရှိနေစေဖို့ ကျွန်တော်တို့နဲ့အတူ အားအင်အပြည့်နဲ့ ပါဝင် အားပေးကြဖို့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

MPL-MM S4 သည် မြန်မာနိုင်ငံ၏ အကြီးကျယ်ဆုံးနှင့် လူကြိုက်အများဆုံး Mobile Legends: Bang Bang Esports ဂိမ်းပြိုင်ပွဲဖြစ်ပြီး ပရော်ဖက်ရှင်နယ်ကစားသမားများအနေဖြင့်လည်း အဆိုပါပြိုင်ပွဲမှတစ်ဆင့် ၎င်းတို့၏ ကျွမ်းကျင်မှုကို နိုင်ငံအဆင့်သို့ ထုတ်ဖော်ပြသနိုင်မည်ဖြစ်သည်။ အဆိုပါ လိဂ်ပြိုင်ပွဲတွင် ဆုကြေးငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကျော် (မြန်မာငွေကျပ်သိန်း ၇၅၀ ကျော်) ပေးအပ်မည်ဖြစ်ပြီး ချန်ပီယံဆုရရှိသောအသင်းကို အမေရိကန်ဒေါ်လာ ၁၃၀၀၀ (မြန်မာငွေကျပ် ၁၉၅ သိန်းခန့်) နှင့် ဒုတိယနှင့် တတိယ ရရှိသောအသင်းများအား အမေရိကန်ဒေါ်လာ ၆၀၀၀ (မြန်မာငွေကျပ် ၈၅ သိန်းခန့်) နှင့် အမေရိကန်ဒေါ်လာ ၃၀၀၀ (မြန်မာငွေကျပ် ၄၅ သိန်းခန့်) ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## တနင်္သာရီမြို့ ဗောဓိကမ်းတံတား တည်ဆောက်ရေး ၆၂ ရာခိုင်နှုန်းပြီးစီး

**တနင်္သာရီ မေ ၁၃**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နှင့် ဗောဓိကမ်းကျေးရွာသို့ ငဝန်မြစ်ကိုဖြတ်၍ ဆက်သွယ်မည့် ချောင်းငယ်မြစ်ကူး ဗောဓိကမ်းတံတားတည်ဆောက်ရေးလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းနှင့်အဖွဲ့က ၂၀၁၈ ခုနှစ် မေ ၁ ရက်ကစ၍ စီမံကိန်းလုပ်ငန်းများ တာဝန်ယူတည်ဆောက်လျက်ရှိရာ ယနေ့အထိ ၆၂ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့ (၄)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဝင်းအောင်ထံက သိရသည်။

ဗောဓိကမ်းတံတားသည် အရှည် ၇၈၇ ပေ (မီတာ ၂၄၀)၊ တံတားခန်းဖွင့်မှုမှာ ၃၀ မီတာ ရှစ်ခန်းပါရှိ၍ တံတားအမျိုးအစားမှာ အောက်ခြေအုတ်မြစ်အချင်း (၁ ဒသမ ၂ မီတာ) ရှိသော ဘိုးပိုင်ဖြစ်၍ ကိုယ်ထည်မှာ အာစီကွန်ကရစ်၊ အပေါ်ထည်မှာ P.C Girder & Decking Slab၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ၃ ပေစီ၊ ရေလမ်းကင်းလွတ်အကျယ် ၆၆ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၇ ပေ၊ ခွင့်ပြုယာဉ်နှင့် ကုန်အလေးချိန်မှာ ၇၅ တန်ဖြစ်ကြောင်း သိရသည်။

ယင်းတံတား စီမံကိန်းလုပ်ငန်းကို (ချဉ်းကပ်လမ်း အပါအဝင်) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။



ဗောဓိကမ်းတံတား တည်ဆောက်နေစဉ်။

အဆိုပါ ဗောဓိကမ်းတံတား မတည်ဆောက်မီအချိန် နှစ်ကာလများနှင့် လက်ရှိတံတားတည်ဆောက်နေစဉ်ကာလများအတွင်း တနင်္သာရီမြို့၏ တစ်ဖက်ကမ်းဖြစ်သော ဗောဓိကမ်းကျေးရွာဘက်ခြမ်းတွင် ရှိကြသည့် ဆင်ခြေဖုန်းကျေးရွာအုပ်စု၊ ဘန်လောကျေးရွာအုပ်စု၊ သကျက်ကျေးရွာ အုပ်စု၊ ညောင်ပင်ကွင်းကျေးရွာအုပ်စု၊ သိန်ခွန်းကျေးရွာအုပ်စုနှင့် တကူကျေးရွာအုပ်စု၊ သာရဘွင်ကျေးရွာအုပ်စု စသည့် ကျေးရွာအုပ်စုများရှိ ကျေးရွာနေပြည်သူများ အနေဖြင့် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုများအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် တနင်္သာရီ- ဗောဓိကမ်းကူးတို့လုပ်ငန်း လိုင်စင်ရ ကူးတို့ရေယာဉ်ကိုသာ အားကိုးအားထား ပြုနေရခြင်း ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**







## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၁၃**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၁၆ ရက်(စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် သတိအလွန်မေ့တတ်သော ကိုကိုနှင့် သူ၏ အဖေအကြောင်းကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ကိုကို ညီညီ" မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ ဗဟုသုတတိုးပွားစေရန်အလို့ငှာ ထူးခြားငှက်အမျိုးအစားတချို့အကြောင်းကို တင်ဆက်ထားသည့် "ထူးခြားငှက်များအကြောင်း တစေ့တစောင်း" သုတဆောင်းပါး၊ ရွှေပိုး၏ သူတစ်ပါးအပေါ် အထင်သေးနှိမ့်ချပြုမူပြောဆိုမိရာက နောင်တရကာ နောင်တွင် ထိုကဲ့သို့ အမှားမပြုလုပ်မိစေရန် မိမိကိုယ်မိမိ သတိပြုမိပုံအကြောင်းကို ရေးဖွဲ့ထားသည့် "ရွှေပိုး-လျော်ကြေး" နှစ်မျက်နှာ ကာတွန်း၊ စာကြည့်တိုက်ကိုခေါ်လာပေးသော သူငယ်ချင်းညီညီနှင့် စာစောင်ဖတ်ရန် စာစောင်ရွေးပေးသော စာကြည့်တိုက်မှူးတို့အပေါ် ကျေးဇူးတင်မိသော မောင်ထွေးအကြောင်းကို သရုပ်ဖော်ထားသည့် ဝတ္ထုကဏ္ဍတို့အပါအဝင် ရွှေသွေးအင်္ဂလိပ် စကားဝိုင်း၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၁၃**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ပြဇာတ်စာပေ တတိယဆုရရှိသည့် စာရေးဆရာ ဝတ်ရည်ခင်(ပဲခူး)၏ " ပန်သစ္စာဆိုခဲ့ဖူးပါသည်နှင့် ပြဇာတ်တိုများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။



ယင်းစာအုပ်တွင် ပြဇာတ်တိုငါးပုဒ်ပါဝင်ပြီး မြန်မာ့လူ့အဖွဲ့အစည်းတွင် တွေ့မြင်ရသော အဖြစ်အပျက်များကို ရှုထောင့်အထွေထွေမှ သရုပ်ဖော်ရေးသားထားပြီး ပြဇာတ်များတွင် လောကကြီးလက်တွေ့ကျသည်ကိုသာ လက်ခံပြီး လူ့ခွစာအဖြစ် အပြောခံရသူ မာနကြီးသူသည် သားဦးစနေ မွေးဖွားသည့်အခါ ခေတ်မမီသော ရှေးရိုးအယူအဆကိုပင် စွဲကိုင်ကြောင်း မိဘမေတ္တာသရုပ်ဖော်ရေးဖွဲ့ထားသော ပြဇာတ်တိုအပါအဝင် အခြားပြဇာတ်တိုများကိုလည်း သရုပ်ဖော်ရေးဖွဲ့ထားသည့် ပြဇာတ်စာအုပ်တစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ် ၁၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှေးမြန်မာတို့၏ ရေနံ၊ ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာ တူးဖော်ရေးလုပ်ငန်းများ (အပိုင်း-၁)

## သိပ္ပံစာရေးဆရာကိုကိုအောင်

အမေရိကန်သမ္မတ ဂျိန်းဘူကနင်လက်ထက် ၁၈၅၉ ခုနှစ် ဩဂုတ်လ ၂၈ ရက်တွင် အမေရိကန် ပြည်ထောင်စု ပင်ဆယ်ဗေးနီးယားပြည်နယ် မြောက်ပိုင်း၌ ဗိုလ်မှူးကြီးအက်ဒွင်ဒရိတ်၏ ရေနံတွင်းမှ ရေနံများ စတင်ထွက်ရှိသည်။ စက်မှုစွမ်းအား (Machanical Power) ဖြင့် တူးဖော်ခြင်းမှာ အစကနဦး ဖြစ်သောကြောင့် ထိုနေ့ကို မျက်မှောက်ရေနံခေတ် စတင်သောနေ့ဟု သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်က မြန်မာ့မြေပေါ်မှထွက်ရှိသော ရေနံစိမ်းများကို အင်္ဂလန်သို့ပင် တင်ပို့နေပြီဖြစ်သည်။

### မြန်မာ့ရေနံသမိုင်း

မြန်မာနိုင်ငံ၏ ရေနံတွေ့ရှိခဲ့ပုံကို ဒဏ္ဍာရီဆန်ဆန် ပြောစမှတ်ပြုကြသည်။ မြန်မာသက္ကရာဇ် ၉၀၆ ခုနှစ်တွင် ပုဂံပြည့်ရှင် တန်နက်မင်းကို စလေငခွေးက လုပ်ကြံပြီး နန်းတက်သောအခါ တန်နက်မင်း၏မိဖုရားများနှင့် ခြွေရံ သင်းပင်းများက ထွက်ပြေးတိမ်းရှောင်ကြရာမှ ဆိပ်သာကွန်းထောက်(ယခုရေနံချောင်း) ဒေသသို့ ရောက်ရှိကာ ရေနံကိုတွေ့ရှိခဲ့ကြသည်ဟုဆိုသည်။ အချို့ကလည်း အလောင်းစည်သူမင်းလက်ထက်က ဖောင်တော်နှင့်လှည့်လည်ရာမှ မိဖုရားနှင့်ခြွေရံသင်းပင်းများက ရေနံမြေကို တွေ့ရှိခဲ့ကြသည်ဟု ဆိုကြသည်။ တန်နက်မင်း၏ မိဖုရားများနှင့် ခြွေရံသင်းပင်းများသည် ရေနံလုပ်ငန်းကို လုပ်ကိုင်စားသောက်ကြသည်မှစတင်ကာ တွင်းရိုးတွင်းစားများ ပေါ်ပေါက်လာသည်ဟုလည်း အဆိုရှိသည်။

၁၃ ရာစု နှစ်ကုန်ပိုင်းလောက်တွင် မြန်မာနိုင်ငံကို ဖြတ်သန်းသွားခဲ့ဖူးသော တရုတ်ဘုန်းတော်ကြီး တစ်ပါးကလည်း ထိုစဉ်က မြန်မာနိုင်ငံတွင် ရေနံလုပ်ငန်းဖြစ်ထွန်းနေသည်ကို တွေ့ခဲ့ရသည်ဟု မှတ်တမ်းတင်ခဲ့သည်။ ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံတွင် ပုဂံခေတ်ဦးပိုင်းကတည်းက ယခုရေနံချောင်းဒေသတွင် ရေနံကို တွေ့ရှိခဲ့ကြပြီး တူးဖော်အသုံးပြုတတ်ကြပြီဟု ယူဆရသည်။

ရှေးအခါက ရေနံကို ပိုး၊ ပုရွက်၊ ခြစသည်တို့၏အန္တရာယ်မှ ကာကွယ်သောဆေးအဖြစ် အသုံးပြုခဲ့ကြသည်။ ပိဋကတ်တော် ပေထုပ်၊ပေရွက်များကို ရေနံသုတ်၍ မပျက်စီးအောင် ထိန်းသိမ်းခဲ့ကြသည်။ သိမ်၊ ကျောင်း၊ ဇရပ်နှင့် လှေ၊ လှည်းစသည်တို့ကိုလည်း ရေနံသုတ်ခြင်းဖြင့် တာရှည်ခံပြီး ပိုးမွှားအဖျက်အဆီးရန်မှ ကာကွယ်ပေးခဲ့ကြသလို၊ ဆေးဝါးအဖြစ်လည်း အသုံးပြုခဲ့ကြသည်ဟု ယူဆရသည်။ နောက်ပိုင်းကာလများသို့ ရောက်ရှိမှသာ မီးတိုင်၊ မီးခွက်များ၌ မီးထွန်းဆီအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်မည်ဟု ခန့်မှန်းရသည်။

### ရှေးက ရေနံတူးဖော်ပုံ

ရေနံမြေဒေသတွင် ရေနံကိုစတင်တွေ့ရှိချိန်က ရေနံများသည် မြေပြင်ပေါ်သို့ စိမ့်ထွက်လျက် အိုင်ကလေးများ ဖြစ်ထွန်းနေခဲ့ဟန်ရှိသည်။ အချို့နေရာများတွင်မူ မြင့်ရာမှနိမ့်ရာသို့ စမ်းချောင်းကလေးများကဲ့သို့ စီးဆင်းနေခဲ့ကြလိမ့်မည်ဟု ခန့်မှန်းရသည်။ အထုတ်အယူ များလာသောအခါ ရေနံကို လက်ယက်တွင်းများဖြင့် တူးဖော်ယူခဲ့ကြရာမှ ရေနံတွင်းများက တစ်စတစ်စ နက်သည်ထက်နက်လာခဲ့ရာ ၁၈ ရာစုအလယ်လောက်တွင် ရေနံတွင်းများသည် ပေ ၁၀၀ မှ ၃၀၀ အထိ နက်နေပြီဟု ဆိုကြသည်။

ရေနံတူးဖော်စက တွင်းတိမ်များဖြစ်၍ ပင်ပန်းခက်ခဲခြင်းမရှိခဲ့ပေ။ တွင်းများ နက်လာသောအခါ၌မူ အလွန်ခေတ်နောက်ကျသော သမားရိုးကျ တွင်းတူးနည်းကိုပင် အသုံးပြုကြရသဖြင့် ပင်ပန်းခက်ခဲလှသည်။ ရေနံတွင်းကို တူရွင်းပြား၊ တူရွင်းစောက်များဖြင့်တူးကာ၊ တွင်းဝမှ လေးပေငါးပေခန့် မြင့်သော နေရာတွင် စိုက်ထားသည့် သစ်ခွ နှစ်ခုပေါ်တွင် သစ်တုံးကိုတန်းပြု၍ သစ်သားစက်သီးများ တပ်ဆင်ထားပြီး တွင်းတူးသူကို စက်သီးကြိုးဖြင့် အတင်အချပြုလုပ်ပေးကြသည်။ ထိုကဲ့သို့ အတင်အချပြုလုပ်ရာ၌ ကြိုးကို ကျန်လူများက ဝိုင်းဝန်းဆွဲရသဖြင့် ကြိုးဆွဲရသက်သာစေရန် မြေနိမ့် ဆင်ခြေလျှောဘက်သို့ ဆွဲကြသည်။ တွင်းတူးထားသည့် မြေစာများကို နှီးပုံးများ၊ ခြင်းတောင်းများဖြင့် ထည့်ပေးသည်ကို တွင်းပေါ်မှလူများက စက်သီးကြိုးဖြင့်ဆွဲယူရသည်။ ရေနံရလာသောအခါတွင်လည်း ထိုနည်းအတိုင်း စက်သီးကြိုးများဖြင့် ဆွဲတင်ကြရသည်။

တွင်းတူးစဉ်၌ လေးထောင့်ကွက်ရိုက်ထားသော သစ်သားခွေများကို တစ်ခုပြီးတစ်ခုဆင့်၍ ချထားရသည်။ ထိုသစ်သားပေါင်များသည် အတွင်းနံရံပြိုမကျအောင် ကျားကန်ပေးထားသကဲ့သို့ ဖြစ်နေသောကြောင့် တွင်းတူးသူ၏ အသက်အန္တရာယ်ကို ကာကွယ်ပေးထားသည်။ တွင်းထဲမှရေနံကို မြေစာတင်သည့် နည်းလမ်းအတိုင်း သစ်သား စက်သီးတွင် တပ်ထားသောကြိုးဖြင့် တွင်းပေါ်ရှိလူအများက အပေါ်မှနေ၍ ဆွဲယူကြရသည်။ သစ်စေးသရိုးကိုင်ထားသော နှီးပုံးက ရေလုံသဖြင့် ထိုနှီးပုံးများ၊ မြေအိုးများဖြင့် ဆွဲယူရရှိသော ရေနံကို မြေတွင် တစ်ဝက်မြှုပ်ထားသည့် စဉ့်အိုးများထဲသို့ လောင်းထည့်ကာ စုဆောင်းကြရသည်။

"ရေနံထွက်နှုန်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားသားမှတ်တမ်းများက တစ်ခုနှင့် တစ်ခု ကွာခြားလွန်းနေသည်။ ကရောဖွတ်၏ အဆိုအရ ၁၈၂၇ ခုနှစ်တွင် ရေနံတူးဖော်ရရှိနှုန်းမှာ ပိဿာပေါင်း ၂၂ သန်းကျော်ဖြစ်၍ ယူးလ်၏ မှတ်တမ်းအရမူ ၁၈၅၅ ခုနှစ်က ပိဿာပေါင်း ၇ သန်းကျော်သာရှိသည်။ ကာနယ် စထရိဗာ၏ မှတ်တမ်းကမူ ၁၈၇၃ ခုနှစ်တွင် ပိဿာပေါင်း ၆ သန်းကျော်ဟု ဆိုပြန်သည်။ အကယ် စင်စစ်အားဖြင့် ရေနံထုတ်လုပ်မှုသည် ၁၈၇၃ ခုနှစ်အထိ ဆက်တိုက် တိုးတက်ခဲ့ပြီး နောက်ပိုင်းတွင် ၁၈၈၅ ခုနှစ်အထိတိုင် လုပ်ငန်း ကျဆင်းသွားသည်။ ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် ၁၈၈၆ ခုနှစ်မှ ၁၈၈၉ ခုနှစ်အထိ မြန်မာ့လက်တူးတွင်းများမှ နှစ်စဉ်ပိဿာပေါင်း ၆ သန်းကျော်သာ ထွက်ရှိတော့သည်။"



ချောက်မြို့နယ်အတွင်း ရေနံတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

### ရေနံသယ်ပို့ရောင်းဝယ်ခြင်း

စဉ့်အိုးကြီးများထဲမှ ရေနံကို စဉ့်အိုးငယ်များဖြင့်ကဲ့ယူကာ အထမ်းသမားဖြင့်လည်းကောင်း၊ လှည်းများဖြင့် လည်းကောင်း မြစ်ဆိပ်ရှိလှေများပေါ်သို့ သယ်ပို့သည်။ ရေနံလှေများက ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ အောက်ပြည် မြို့ရွာများသို့ ပို့ဆောင်ရောင်းချကြသည်။ မြစ်ဆိပ်တွင် ရေနံတင်ရန် စောင့်နေသော လှေကြီးများမှာ ၇၀ ကျော် ၈၀ နီးပါးမျှရှိပြီး လှေတစ်စင်းလျှင် ရေနံ တန်ချိန် ၆၀ ကျော် တင်ဆောင်နိုင်သည်။

မြန်မာ့ရေနံလုပ်ငန်းသည် အိုးလုပ်ငန်း၊ လှေလုပ်ငန်း၊ လှည်းလုပ်ငန်းများနှင့် ဆက်နွှယ်နေသော လုပ်ငန်း ဖြစ်သည်။ ရေနံတွင်းများတိုးပွားကာ ထုတ်လုပ်ရောင်းချမှု တိုးတက်လာသည်နှင့်အမျှ စဉ့်အိုးကြီးငယ်များ၊ လှေများ၊ လှည်းများအသုံးပြုမှုက ပိုမိုလာသဖြင့် ထိုလက်မှုလုပ်ငန်းများလည်း တိုးတက်လာခဲ့သည်။

### မြန်မာ့ရေနံ ထုတ်လုပ်နိုင်မှု

တွင်းရိုးတွင်းစားများပိုင်သော ရေနံတွင်းများမှာ တွင်းကုန်းနှင့် ဘေးမဲ့သီးသန့် မြေတို့တွင် ရှိကြသည်။ တွင်းကုန်းမှာ ၂၉၅ ဧကကျယ်၍ ဘေးမဲ့က ၁၅၅ ဧကကျယ်ဝန်းသည်။ ဗဒုံမင်းလက်ထက် နေပြည်တော်သို့ လာရောက်သော ဗြိတိသျှကိုယ်စားလှယ် ကက်ပတိန်ကောက်(စ်)က ရေနံတွင်းပေါင်း ၅၂၀ ရှိပြီး ၁၇၉၅ ခုနှစ်မှ ၁၇၉၇ ခုနှစ်အတွင်း နှစ်စဉ် ရေနံပိဿာပေါင်း ၅၆ သန်းကျော် ထုတ်လုပ်နိုင်သည်ဟုဆိုသည်။

ရေနံထွက်နှုန်းနှင့်စပ်လျဉ်း၍ နိုင်ငံခြားသားမှတ်တမ်းများက တစ်ခုနှင့် တစ်ခု ကွာခြားလွန်းနေသည်။ ကရောဖွတ်၏အဆိုအရ ၁၈၂၇ ခုနှစ်တွင် ရေနံတူးဖော်ရရှိနှုန်းမှာ ပိဿာပေါင်း ၂၂ သန်းကျော်ဖြစ်၍ ယူးလ်၏ မှတ်တမ်းအရမူ ၁၈၅၅ ခုနှစ်က ပိဿာပေါင်း ၇ သန်းကျော်သာရှိသည်။ ကာနယ် စထရိဗာ၏ မှတ်တမ်းကမူ ၁၈၇၃ ခုနှစ်တွင် ပိဿာပေါင်း ၆ သန်းကျော်ဟု ဆိုပြန်သည်။ အကယ်စင်စစ်အားဖြင့် ရေနံထုတ်လုပ်မှုသည် ၁၈၇၃ ခုနှစ်အထိ ဆက်တိုက်တိုးတက်ခဲ့ပြီး နောက်ပိုင်းတွင် ၁၈၈၅ ခုနှစ်အထိတိုင် လုပ်ငန်းကျဆင်းသွားသည်။ ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် ၁၈၈၆ ခုနှစ်မှ ၁၈၈၉ ခုနှစ်အထိ မြန်မာ့လက်တူးတွင်းများမှ နှစ်စဉ်ပိဿာပေါင်း ၆ သန်းကျော်သာ ထွက်ရှိတော့သည်။

မြန်မာ့ရေနံသည် အေဒီ ၁၇၀၀ ကျော်အချိန်ကတည်းက အင်္ဂလန်နိုင်ငံသို့ ပို့ဆောင် ရောက်ရှိနေပြီ ဖြစ်သည်။ ၁၇၀၉ ခုနှစ်မှ ၁၇၄၃ ခုနှစ်အတွင်း သန်လျင်တွင် အင်္ဂလိပ်တို့က ကုန်တိုက်ဖွင့်ထားခဲ့ရာ၊ ထိုအချိန်က မြန်မာ့ရေနံကို ပြည်ပသို့ထုတ်ခွင့်မပြုဘဲ ပိတ်ပင်ထားသည့်ကြားကပင် ကုန်သည်များက တိတ်တဆိတ် ထုတ်ယူသွားခဲ့ကြသည်။ အောက်မြန်မာနိုင်ငံကို ဗြိတိသျှတို့က သိမ်းပိုက်ပြီးသည့်နောက်ပိုင်းတွင် မြန်မာ့ရေနံထုတ်လုပ်မှုမှာ ရှေးကထက် ပိုလာသည်။ ထွက်သမျှရေနံများကိုလည်း အောက်မြန်မာနိုင်ငံရှိ နိုင်ငံခြားသားကုန်သည်များက ဝယ်ယူခဲ့ကြသည်။

### မင်းတုန်းမင်းလက်ထက် ရေနံလုပ်ငန်း

မင်းတုန်းမင်းလက်ထက်က ရေနံချောင်းဝန်ကြီး၏သမီးကို မိဖုရားမြှောက်သည်မှ အစပြုကာ မိဖုရားဘက်ကပါလာသော ရေနံတွင်းများနှင့် အခြားသိမ်းပိုက်ရရှိသော တွင်းများအပါအဝင် စုစုပေါင်း ၁၆၄ တွင်းကို တော်တွင်းများဟုသတ်မှတ်ခဲ့သည်။ တွင်းရိုး တွင်းစားများပိုင် ရေနံတွင်းများနှင့် တော်တွင်းများမှ ထွက်သမျှသော ရေနံကို မင်းတုန်းမင်းလက်ထက်တွင် ကုန်တော်ဟု သတ်မှတ်ထားသဖြင့် မည်သူမျှရောင်းချခွင့်မရှိဘဲ ရေနံ ရောင်းဝယ်ရေးလုပ်ငန်းကို ဘုရင်က ချုပ်ကိုင်ထားသည်။ ရေနံထုတ်လုပ်ရောင်းချခြင်းကို ဘုရင်ကချုပ်ကိုင်ကာ ဘုရင့်အမှုထမ်းများဖြင့် စနစ်တကျ လုပ်ဆောင်လာမှုကြောင့် ရေနံလုပ်ငန်းသည် ရှေးကထက် အဖိတ်အစဉ်နှင့် အလေအလွင့် နည်းပါးလာသည်။ ဗဒုံမင်းလက်ထက် ကပ္ပတိန်ကောက်(စ်)လာရောက်ခဲ့ချိန်က ရေနံချောင်းဒေသသို့ သွားရောက်ကာ ရေနံထုတ်လုပ်ပုံကို လေ့လာကြည့်ရှုခဲ့သည်။ ရေနံတွင်းမှရရှိသော ရေနံများကို မြစ်ဆိပ်သို့ ပို့ဆောင်ရာ၌ အဖိတ်အစင် အဆုံးအရှုံးများပြားကြောင်း၊ လမ်းတစ်လျှောက်တွင် အိုးကွဲစများနှင့် ရေနံများဖြင့် ပြည့်နှက်နေကြောင်း သူ၏မှတ်တမ်းတွင် ဖော်ပြထားသည်။ ရေနံဈေးမှာ တွင်းဈေးပိဿာ ၁၀၀ လျှင် ငါးမတ်၊ မြစ်ဆိပ်ပေါက်ဈေးမှာ ပိဿာ ၁၀၀ လျှင် နှစ်ကျပ် ဖြစ်သည်။ ထိုစဉ်က ရေနံတွင်းတစ်တွင်းလျှင် တစ်နှစ် ပျမ်းမျှ ပိဿာ ၃၀၀ မှ ၅၀၀ အထိ ထွက်ရှိခဲ့ပြီး၊ မင်းတုန်းမင်းလက်ထက်တွင် ရေနံစိမ်းပိဿာ ၁၀၀ ကို တစ်ကျပ်ခွဲ ဈေးရှိခဲ့သည်။

တူးဖော်ခြင်းလုပ်ငန်းကို မူလပိုင်ရှင်များဟု သတ်မှတ်ထားသော တွင်းရိုးတွင်းစားများကသာ လုပ်ကိုင်ခဲ့ကြသည်။ ၁၈၅၀ ပြည့်နှစ် ကျော်လွန်သည်အထိ ရေနံတွင်းများကို တွင်းရိုးမဟုတ်သူများသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ကြပေ။ တွင်းရိုးတွင်းစားများသည် ရေနံတွင်းသစ်ကို မိမိတို့သဘောကျတူးနိုင်သည် ဆိုသော်လည်း တွင်းပိုင်ရှင် အချင်းချင်း တစ်ဦးနှင့်တစ်ဦး ပြဿနာမဖြစ်စေရန်အတွက် လက်ရှိတွင်းမှ ၄၅ ပေအတွင်း တွင်းသစ်မတူးရဟု သတ်မှတ်ချက်ထားရှိသည်။ ထို့ပြင် တွင်းရိုးတွင်းစားတစ်ဦးသည် တစ်နှစ်လျှင် ၁၂ တွင်းထက်ပို၍ တူးခွင့်မရှိပေ။

မြန်မာ့ရေနံလုပ်ငန်းသည် မင်းတုန်းမင်းလက်ထက်တွင် များစွာ တိုးတက်ခဲ့ပြီး ရေနံတူးဖော်သူများက ဆယ်ခိုင့်တစ်ခိုင် (တစ်ဆယ်ရာခိုင်နှုန်း) အခွန်တော်ပေးဆောင်ကြရသည်။ ထွက်သမျှရေနံကို ပိဿာ ၁၀၀ လျှင် တစ်ကျပ်ခွဲနှုန်းဖြင့် ဘုရင့်ထံတွင် ရောင်းချကြရသည်။ ထိုရေနံများကို အောက်မြန်မာနိုင်ငံ ဗြိတိသျှကုန်သည်ကြီးများထံသို့ ဘုရင်ကရောင်းချခဲ့ရာ၌ တစ်နှစ်နှင့်တစ်နှစ် ရေနံချိန်နှင့်ဈေးနှုန်းမှာ အတက်အကျရှိကြောင်း အောက်ပါ အတိုင်းတွေ့ရှိရသည်။ ။

| | တန်ဖိုးကျပ် | မောင်း(၁မောင်း=၈၂ ၁/၂ ပေါင်) |
|---|---|---|
| ၁၈၆၂-၆၃ | | ၉၃၂၃၃ |
| ၁၈၇၀-၇၁ | ၃၁၉၈၉၇ | ၁၇၄၈၂၅ |
| ၁၈၇၁-၇၂ | ၆၁၃၀၅၄ | ၁၄၁၃၃၀ |
| ၁၈၇၅-၇၆ | ၅၇၂၇၆၉ | ၉၂၉၇၇ |
| ၁၈၇၆-၇၇ | ၁၂၁၃၁၁၇ | ၁၈၉၆၂၀ |

ထိုစဉ်က လန်ဒန်ဈေးကွက်တွင် မြန်မာ့ရေနံပေါက်ဈေးမှာ တစ်တန်လျှင် စတာလင်ပေါင် ၄၀ မှ ၄၅ ပေါင်အတွင်း ရှိခဲ့သည်။ (ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်က ကိုဗစ်-၁၉ ကာလအတွင်း သင်္ဘောသားများအရေး ညှိနှိုင်းကူညီပေးနေ

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)သည် ကိုဗစ်-၁၉ ကာလအတွင်း သက်ကြီးအငြိမ်းစားသင်္ဘောသားများအား ကူညီထောက်ပံ့ပေးခြင်း၊ ပြည်ပတွင် သင်္ဘောကုမ္ပဏီများမှ လုပ်ငန်းတာဝန် ပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့နေရ သည့် သင်္ဘောသားများအားကူညီပေးခြင်းနှင့် သင်္ဘော တက်ကာလုပ်ငန်းစတင်ထမ်းဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ သင်္ဘောသားညီနောင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

" ကိုဗစ်-၁၉ ကြောင့် ခရီးသွားလာမှုတွေ ကန့်သတ်လိုက်တော့ သင်္ဘောသားတွေ သင်္ဘောကဆင်းပြီး မြန်မာပြည် ပြန်လာဖို့ နဲ့ သင်္ဘောပြန်တက်သူတွေ သွားဖို့၊ ကိုဗစ်-၁၉ ကင်းရှင်းကြောင်း ထောက်ခံစာရဖို့ အခက်အခဲရှိနေတာတွေ လူမှုကွန်ရက်ပေါ် မှာ ဖေဖော်ဝါရီလမှာ တွေ့လာတယ်။ သင်္ဘောကုမ္ပဏီတွေ၊ သင်္ဘောပိုင်ရှင်တွေကလည်း တောင်းဆိုလာတယ်။ ကျွန်တော်တို့အဖွဲ့ချုပ်က မတ်လလယ်မှာ နိုင်ငံတော်ကို အသနားခံစာပေးပို့တော့ နိုင်ငံခြားရေးဝန်ကြီးဌာနက သင်္ဘောသားစာရင်း ပြုစုထားဖို့ မှာကြားတယ်။ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သင်္ဘောသားဌာနကိုလည်း စာပို့ပေးပါတယ်။ နောက်တစ်ခုက သက်ကြီး အငြိမ်းစားသင်္ဘောသားများကို နှစ်စဉ်ထောက်ပံ့ပေးတဲ့စာရင်းအရ လူ ၃၀၀ ကျော်ရှိတာ၊ အခု ကိုဗစ်-၁၉ ကာလအတွင်းမှာ အဆင်ပြေအောင် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်တို့ကို အိမ်တိုင်ရာရောက် လိုက်ဝေပေးနေတာ အခုဆို လူတစ်ရာကျော်ပါပြီ။ တချို့လည်း ဖုန်းနံပါတ်နဲ့၊ လိပ်စာတွေပြောင်းကုန်လို့ အဆက်အသွယ်မရတာလည်း ရှိတယ်။ နယ်မှာရှိတဲ့ သင်္ဘောသားတွေလည်း အခက်အခဲရှိပါက အကူအညီတောင်းခံလို့ ရပါတယ်"ဟု မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်(MSF)ဥက္ကဋ္ဌ ဦးစိုးမင်းအောင်က ပြောသည်။

သင်္ဘောပြန်တက်မည့် သင်္ဘောသားအများစုမှာ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှတစ်ဆင့် သင်္ဘောတက်ရသဖြင့် ယင်းနိုင်ငံများသို့ လေကြောင်းလိုင်းအချို့ ပြန်လည် ပြေးဆွဲပေးလာ၍ အဆင်ပြေလာကြောင်း သင်္ဘောသားများထံမှ သိရသည်။

ပြည်ပမှပြန်လာသည့် သင်္ဘောသားများအား လှည်းကူးမြို့နယ် ကျန်းမာရေးဦးစီးဌာနက တာဝန်ယူထားသည့် အမြန်လမ်း (၀) မိုင်ရှိ ဓမ္မရုံသီကျောင်းတိုက်၌ အသွားအလာကန့်သတ်ထားရှိပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ထားသည့် စည်းကမ်းအတိုင်း ကိုဗစ်-၁၉ ကာကွယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံသို့ ပြန်ရောက်လာသည့် သင်္ဘောသားများအနေဖြင့် သတ်မှတ်ရက်အတိုင်း အသွားအလာကန့်သတ်စောင့်ကြည့်ခံ နေထိုင်ရမည်ဖြစ်ကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

ကယ်ဆယ်ရေးလေယာဉ် မရောက်သည့် နိုင်ငံများမှ မြန်မာနိုင်ငံသို့ ပြန်လာလိုသည့် သင်္ဘောသားအချို့ ကုန်တင်လေယာဉ်ဖြင့် လိုက်ပါနိုင်ကြောင်း သိရသည်။ အီရန်နိုင်ငံတွင် အသွားအလာကန့်သတ်မှုကြောင့် ပိတ်မိနေသည့် မြန်မာသင်္ဘောသားများကလည်း ယူအေအီးရှိ မြန်မာသံရုံးသို့ အကြောင်းကြားထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပင်လယ်ကူးသင်္ဘောသားပေါင်း ၅၆၀၀၀ ခန့်ရှိနေပြီး ငါးပုံတစ်ပုံကျော်မှာ အရာရှိများဖြစ်ကြကြောင်း CDC စာအုပ် သက်တမ်းရှိစာရင်းအရ သိရသည်။ သင်္ဘောသား ၂၅၀၀၀ ခန့်မှာ ပင်လယ်ကူး သင်္ဘောများပေါ်တွင် ပုံမှန်တာဝန်ထမ်းဆောင်နေပြီး ၂၅၀ ခန့်မှာ လစဉ် Crew ပြောင်းလဲ တာဝန်ထမ်းဆောင်လျက်ရှိကာ ထိုသို့ တာဝန်ထမ်းဆောင်ခြင်းမှ နိုင်ငံခြားဝင်ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ရရှိနေကြောင်း၊ ယခင်က နိုင်ငံတော်သို့ ဝင်ငွေခွန်ပေးရသော်လည်း ယခုအခါ မပေးဆောင်ရကြောင်း သိရသည်။ **သန့်ဇင်ဝင်း**



## ရေရှားပါးနေသည့်ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ညောင်ဦး မေ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့များရှိ ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသည့် ကျေးရွာများသို့ အလှူရှင်များနှင့် ပရဟိတအဖွဲ့အစည်းများ စုပေါင်း၍ မေ ၁၂ ရက်က သောက်သုံးရေများ သွားရောက်လှူဒါန်းကြောင်း သိရသည်။

သောက်သုံးရေ အခက်အခဲရင်ဆိုင်နေရသည့် ငါ့သရောက်မြို့ ထန်းပေါက်ကုန်းကျေးရွာနေ ပြည်သူများအား ပုဂံ၊ ညောင်ဦးနှင့် မန္တလေးမြို့များမှ စေတနာရှင်များ၏ လှူဒါန်းငွေဖြင့် သောက်သုံးရေဂါလန် ၄၀၀၀ ကို ဖြူစင်မေတ္တာ ရေလှူအသင်းနှင့် သုမင်္ဂလာ ရေလှူအသင်းတို့ကလည်းကောင်း၊ ညောင်ဦးမြို့မှ စေတနာရှင် မချောစုဝင်းမိသားစု၏ အလှူငွေဖြင့် ညောင်ဦးမြို့ ကုန်းရှည်ကျေးရွာသို့ သောက်သုံးရေ ဂါလန် ၃၀၀၀ ကို ဖြူစင်မေတ္တာရေလှူအသင်းကလည်းကောင်း သွားရောက်လှူဒါန်းသည်။

မိုးနည်းသော အပူပိုင်းဒေသဖြစ်သည့် ပုဂံ၊ ညောင်ဦးနှင့် ငါ့သရောက်မြို့နယ်များရှိ ပြည်သူအများစုမှာ နွေရာသီကာလများတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုပြဿနာများ တွေ့ကြုံလေ့ရှိပြီး ကျေးရွာအချို့မှာ အလှူရှင်များက လှူဒါန်းသည့် ရေများကိုသာ အားထားမှီခိုနေရကြောင်းနှင့် သောက်သုံးရေလှူဒါန်းလိုသည့် စေတနာရှင် ပြည်သူများအနေဖြင့် ရေလှူပရဟိတအသင်းများမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဖေလိန်း(ပုဂံ)**

## စဉ့်ကိုင်မြို့နယ်မှ သရက်ခြံအချို့ကို စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများလက်မှတ် ပေးအပ်

**စဉ့်ကိုင် မေ ၁၃**

စဉ့်ကိုင်မြို့နယ်မှ သရက်သီးစိုက်ပျိုးထုတ်လုပ်သည့် ခြံလုပ်ငန်းရှင်များအနေဖြင့် ၂၀၁၉-၂၀၂၀ အတွင်း စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) အသိအမှတ်ပြုလက်မှတ်များ ရရှိရေးအတွက် စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားခဲ့ရာ လျှောက်ထားသူများထဲမှ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် သရက်ခြံလုပ်ငန်းရှင်များအား GAP လက်မှတ်များကို မေ ၁၂ ရက်က စဉ့်ကိုင်မြို့နယ်ရှိ ညောင်ပင်ကြီးနည်းပညာ စင်တာ၌ ပေးအပ်ခဲ့သည်။

"ပြည်သူများ အစားအသောက် အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချမှုရှိစေရန်၊ သီးနှံအရည်အသွေး ပိုမိုကောင်းမွန်စေရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ပိုမိုကာကွယ်နိုင်ရန်၊ ခြံလုပ်သားများရဲ့ ကျန်းမာရေးနှင့် လူမှုဘဝ သာယာစေရန်နှင့် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (GAP)လက်မှတ် ပေးအပ်ခဲ့ခြင်းဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စိုးစိုးက ပြောသည်။

သရက်ခြံစိုက်ပျိုးထုတ်လုပ်သည့် ခြံလုပ်ငန်းရှင်များအနက် ဆည်ရွာ၊ ဆီဆုံ၊ ဒေါင်ကြီးကွေ့၊ သပြေရိုးကျေးရွာများမှ ၄၂ ဧက စိုက်ပျိုးထားသည့် သရက်ခြံခြောက်ခြံကို ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် စဉ့်ကိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စိုးစိုးတို့က GAP လက်မှတ်များ ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# ရမည်းသင်းမြို့၌ နှာခေါင်းစည်းတပ်ဆင်ရန် နှိုးဆော်ပြီး မလိုက်နာသူများကိုအရေးယူ

**ရမည်းသင်း မေ ၁၃**

ရမည်းသင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ကြရန် အသိပညာပေးခြင်းနှင့် မတပ်သူများအား အရေးယူခြင်းကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းဟန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်သည့်အဖွဲ့က မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်၍ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ရေး နှိုးဆော်မှုများ ပြုလုပ်ခဲ့ပြီး အရေးယူမှုအဖြစ် မေ ၁၂ရက်အထိ နှာခေါင်းစည်းမတပ်သူ ၂၉၃၃ ဦးအား နှာခေါင်းစည်းနှစ်ခုကို ကျပ်တစ်ထောင်ဖြင့် ဝယ်ယူတပ်ဆင်စေခဲ့ကြောင်း သိရသည်။

နှာခေါင်းစည်းနှစ်ခုကို ကျပ်တစ်ထောင်ဖြင့် ဝယ်ယူစေသည့် အရေးယူမှုကို မေ ၁၅ ရက်အထိ ပညာပေးကာလအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး နောက်ပိုင်းရက်များတွင် နှာခေါင်းစည်းနှစ်ခုကို ကျပ် ၅၀၀၀ ဖြင့် ဝယ်ယူစေသည့် အရေးယူမှု ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အနေဖြင့် ပြည်သူများ နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရန် နှိုးဆော်မှုများ



နှာခေါင်းစည်းမတပ်သူများအား တာဝန်ရှိသူများ စစ်ဆေးစဉ်။

ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**

# ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးမြစ်ချင်းဆေးထိုးသားဖောက်ခြင်းများဆောင်ရွက်

**လွိုင်ကော် မေ ၁၃**

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ပြည်နယ်အတွင်း ငါးသယံဇာတများတိုးပွားစေရေးအတွက် လွိုင်ကော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရှိ တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံတွင် ငါးမြစ်ချင်းငါးမျိုး ဆေးထိုးသားဖောက်ခြင်းကို ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဒုတိယဦးစီးမှူးတို့ ဦးဆောင်၍



ငါးမြစ်ချင်းဆေးထိုးသားဖောက်လုပ်ငန်း ဆောင်ရွက်နေစဉ်

မေ ၁၃ ရက်က ဆောင်ရွက်ခဲ့သည်။

ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရွှေဝါငါးကြင်းများကို သဘာဝနည်းဖြင့်လည်းကောင်း၊ ကျန် ငါးမျိုးများဖြစ်သည့် ထိုင်းငါးခုံးမကြီး၊ မြက်စားငါးကြင်း၊ ငါးမြစ်ချင်းတို့ကို ဆေးထိုးသားဖောက်ခြင်းဖြင့် လည်းကောင်း မွေးမြူသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သဘာဝ ရေပြင်များဖြစ်သည့် ရေကန်များ၊ ချောင်းများနှင့်ဆည်တမံများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို လွိုင်ကော်မြို့ရှိတစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးစခန်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးသားဖောက်စခန်းများမှ ရယူဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင် သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအဖြစ် ဧပြီ ၂၉ ရက်က ဒီးမော့ဆိုမြို့နယ် ကန်ခုနစ်ဆင့်နှင့် ငွေတောင်ဆည်တို့တွင် ငါးမျိုးစိုက်ထည့်မှုများ ပြုလုပ်ခဲ့ပြီး မေ ၁၅ ရက်တွင်လည်း လွိုင်ကော်မြို့နယ်ရှိ နောင်ယားကန်နှင့် ထေးငွားလျားကန်တို့တွင် ငါးမျိုးစိုက်ထည့်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမွေးစိုက်ရာသီဖြစ်သည့် ယခုလမှစ၍ ဩဂုတ်လအထိ ပြည်နယ်အတွင်းရှိ သဘာဝရေပြင်များတွင် ဆက်လက်၍ ငါးမျိုးများ စိုက်ထည့်သွားမည်ဖြစ်ကြောင်း ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးမှ သိရသည်။ **ထွန်းလေး (ပြန်/ဆက်)**

# ဆင်သေ-ပင်လောင်း ရထားဖောက်လုပ်ရာတွင် ပါဝင်ခဲ့သည့် လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

**တပ်ကုန်း မေ ၁၃**

ဆင်သေ-ပင်လောင်း ရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်ခဲ့သည့် နေပြည်တော် တပ်ကုန်းမြို့နယ် တဲမြင့်ကျေးရွာအုပ်စုအတွင်းမှ လယ်ယာမြေများအတွက် မြေပိုင်ရှင် တောင်သူများအား လျော်ကြေးငွေ ပေးအပ်ပွဲကို မေ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က "ယခုပေးအပ်တဲ့ လျော်ကြေးငွေက ၂၀၁၂ ခုနှစ်က ဆောင်ရွက်သွားတဲ့ ဆင်သေ-ပင်လောင်း မီးရထားလမ်းစီမံကိန်းမှာ ပါဝင်သွားတဲ့ လယ်ယာမြေတွေအတွက် လျော်ကြေးနှင့် သီးနှံလျော်ကြေးငွေဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်တုန်းက တစ်ကြိမ် တောင်သူ ၁၂၅ ဦးရဲ့ လယ်ယာမြေ ၁၁၉ ဒသမ ၀၈ ဧကအတွက် လယ်ယာမြေလျော်ကြေးနှင့် သီးနှံလျော်ကြေးငွေ ပေးခဲ့ပါတယ်"ဟု ပြောသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ တိုင်းအမှတ်(၅) မြန်မာ့မီးရထား တာဝန်ခံ ဦးသောင်းထိုက်ဝင်း၊ တိုင်းအမှတ်(၅) မြန်မာ့မီးရထား အင်ဂျင်နီယာမှူး ဦးလင်းခိုင်ငြေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့မိမြို့ဖ ဒေါက်တာ ခင်မောင်ထွန်းတို့က တဲမြင့်ကျေးရွာအုပ်စုအတွင်းမှ တောင်သူ ၇၀ ပိုင်ဆိုင်သည့် လယ်မြေ ၃၇ ဒသမ ၃၉ ဧကနှင့် ယာမြေ ၃၇ ဒသမ ၃၉ ဧကအတွက် လယ်ယာမြေလျော်ကြေးနှင့် သီးနှံလျော်ကြေးငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့အပြင် အနော်ရထာရပ်ကွက်နှင့် ရှောက်ကုန်းကျေးရွာအုပ်စု၊ ကင်းမွန်းတန်းကျေးရွာအုပ်စု၊ အောင်မြေရိပ်သာကျေးရွာအုပ်စု၊ ကျောက်စရစ်ကုန်းကျေးရွာအုပ်စုတို့မှ တောင်သူများအတွက် လယ်ယာမြေလျော်ကြေးနှင့်သီးနှံလျော်ကြေးငွေများကိုလည်း ဆက်လက် လွှဲပြောင်းပေးအပ်သွားရန်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
## ဈေးပြိုင်တင်ဒါစနစ်ဖြင့် လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို ဈေးပြိုင်အိတ်ပိတ်တင်ဒါဖြင့် ရောင်းချပါမည်။

၂။ ဘေးထွက်ပစ္စည်းများ၏ ဈေးပြိုင်စနစ်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များ ကို ၁၃-၅-၂၀၂၀ရက်မှ ၁၉-၅-၂၀၂၀ရက်ထိ နံနက် ၉:၀၀နာရီမှ ညနေ ၁၆:၀၀နာရီ အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၉-၅-၂၀၂၀ရက် ညနေ ၁၆:၀၀နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်ရောက်ရှိသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၃၇၄၊ ၀၆၇-၃၄၁၂၃၇၅ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လိုအပ်လျက်ရှိသည့် ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန်အတွက် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** | - | ၁၅-၅-၂၀၂၀ ရက် (သောကြာနေ့) |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - | ၁၅-၆-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၀၀ နာရီ |
| **ဆက်သွယ်ရန် ဖုန်း** | - | ၀၆၇-၄၃၁၄၄၉၊ ၀၆၇-၄၃၁၁၈၂ |

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ သန်လျင်ဂေါက်ကွင်းစားသောက်ဆိုင် ငှားရမ်းခြင်းလုပ်ငန်းအား ၂၀၂၀ ပြည့်နှစ် ဇွန်လ စတင်ငှားရမ်းသည့် နေ့မှစ၍ (၁)နှစ်တာကာလ ငှားရမ်းရန်အတွက် တင်ဒါခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံဝယ်ယူနိုင်မည့်ရက်** - ၁၆-၅-၂၀၂၀ ရက်မှ ၁၅-၆-၂၀၂၀ ရက်အထိ

၃။ **တင်ဒါပုံစံဝယ်ယူနိုင်မည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ)ဘဏ္ဍာရေးဌာန၊ အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ **တင်ဒါတင်သွင်းရမည့်နေ့/ရက်** - ၁၆-၆-၂၀၂၀ (အင်္ဂါနေ့) (၁၂:၀၀)
**အချိန်နှင့်နေရာ** မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ (သန်လျင်) ဖုန်း-၀၉-၇၉၈၃၈၆၀၁၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## လမ်းပန်းဆက်သွယ်ရေး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်လမ်းဦးစီးဌာန ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ၏အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း လမ်းချဲ့၍ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသောလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၅-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၅၂၂၃၂၊ ၂၅၂၂၃၆၉ တွင် စုံစမ်းဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

(က) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်/အချိန်**- ၁၄-၆-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ

(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** ညွှန်ကြားရေးမှူးရုံး
လမ်းဦးစီးဌာန
ကချင်ပြည်နယ်၊
မြစ်ကြီးနားမြို့

တင်ဒါကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## နေပြည်တော်
## ရေနံနှင့် ရေနံထွက်ပစ္စည်း အရည်အသွေးစစ်ဆေးခြင်းလိုင်စင် လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ရေနံနှင့်ရေနံထွက်ပစ္စည်း အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်း လိုင်စင်ရယူလိုသော ပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီ (သို့မဟုတ်) အဖွဲ့အစည်းသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာနှင့်အတူ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ အောက်ဖော်ပြပါ အချက်အလက် အထောက်အထားများပြည့်စုံစွာဖြင့် လုပ်ငန်းလိုင်စင်အဆိုပြု လျှောက်ထားနိုင်ပါသည်-

(က) ပုဂ္ဂိုလ်(သို့မဟုတ်) ကုမ္ပဏီ(သို့မဟုတ်) အဖွဲ့အစည်း၏အမည်၊ လိပ်စာ၊ မှတ်ပုံတင်/ကုမ္ပဏီမှတ်ပုံတင် လက်မှတ်မိတ္တူ၊ နိုင်ငံခြားကုမ္ပဏီ(သို့မဟုတ်) အဖွဲ့အစည်းဖြစ် လျှင် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ၊

(ခ) လျှောက်ထားသူ၏ (၂x၁.၅) လက်မဓာတ်ပုံ၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) တာဝန်ခံဆောင်ရွက်မည့် ပုဂ္ဂိုလ်အမည်နှင့် လိပ်စာ၊ ဖုန်းနှင့် email လိပ်စာ၊

(ဃ) ရေနံနှင့် ရေနံထွက်ပစ္စည်း အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်မည့်တည်နေရာ၊ အကျယ်အဝန်းနှင့် အဆောက်အအုံ၏ အသေးစိတ်ဒီဇိုင်းပုံစံ/အကွက်ချပုံစံ (Layout Plan/ Detail Design Drawing)

(င) စမ်းသပ်မှုပြုလုပ်ပေးနိုင်မည့် ရေနံနှင့်ရေနံထွက်ပစ္စည်းအမျိုးအစားများ၊

(စ) တပ်ဆင်ဆောင်ရွက်မည့် ရေနံနှင့်ရေနံထွက်ပစ္စည်းများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများကို စမ်းသပ်တိုင်းတာသည့် စမ်းသပ်ကိရိယာများနှင့် အသုံးပြုမည့် ဓာတုပစ္စည်းများ၊

(ဆ) စမ်းသပ်ရေးအရာရှိ၊ အရည်အသွေးစမ်းသပ်သူ၊ နာမူနာယူသူနှင့် အခြားဝန်ထမ်းဖွဲ့စည်းပုံနှင့် ခန့်ထားမည့်အစီအစဉ်၊

(ဇ) လျှောက်ထားသူနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်၊

၂။ စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းနှင့်စည်းကမ်းချက်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee.gov.mm) တွင် ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ကလေးခရိုင်တရားရုံး
## ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၃
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၁(စ)
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားသည့်အမှု

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ တပ်ဦးသီတာရပ်ကွက်၊ အမှတ် (၄/၄၄) ရှိ (Kalay City International group Company) (၎င်း၏ ကိုယ်စား အုပ်ချုပ်ရေးမှူးဒါရိုက်တာဦးထန်ရှမ်းဆုန်) မှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ Online မှတ်ပုံတင်စနစ်သစ်တွင် သတ်မှတ်ကာလအတွင်း ပြန်လည်မှတ်ပုံတင်လျှောက်ထားရန်ဖြစ်သော်လည်း ပျက်ကွက်ခဲ့၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါအမှုတွင် ၎င်းတို့အပြင် (လာရောက်လျှောက်ထားဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ၂၀၂၀ပြည့်နှစ် မေ ၂၆ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၅ရက်) နံနက် ၁၀:၀၀ နာရီတွင် မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦး ဖြင့်သော်လည်းကောင်း လာရောက်ရင်ဆိုင်နိုင်ရန်နှင့် မှုခင်းမှတ်တမ်းများကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော (Kalay City International group Company) ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်း အရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၂၀ ပြည့်နှစ် မေ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းစိုးဦး)**
**ဒုတိယခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## လင်မယားကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် မည်သို့မျှ ပတ်သက်မှုမရှိတော့ကြောင်း ကြေညာခြင်း

ဦးကိုကိုဇော် ၁၂/ဒဂတ(နိုင်)၀၃၅၂၉၅ သည် ဒေါ်ဇင်မာမြင့် ၁၂/လကန(နိုင်) ၂၀၃၀၃၀ နှင့် ပေါင်းသင်းနေထိုင်စဉ် ခွင့်မလွှတ်နိုင်သော လုပ်ရပ်များကို အကြိမ်ကြိမ် ပြုလုပ်ကျူးလွန်သဖြင့် ၂၉-၄-၂၀၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် တရားရုံး တွဲဖက်မြို့နယ်တရားသူကြီး (၂) ရှေ့မှောက်၌ လင်မယားကွာရှင်းပြတ်စဲခြင်းကတိစာချုပ် လက်မှတ်ရေးထိုး၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

သို့ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေအပ်ပါသည်။ ကွာရှင်းပြတ်စဲသည့်ရက်မှစ၍ ဒေါ်ဇင်မာမြင့်အား ဦးကိုကိုဇော် အနေဖြင့် နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသော မည်သည့်အပြုအမူများကို မပြုလုပ်ရန်နှင့်ပြုလုပ်ပါက ဥပဒေအရထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ချက်အရ-** |
| **ဒေါ်ဇင်မာမြင့်** | **ဦးရဲဇော်သိန်း (စဉ်-၄၉၆၉၆)** |
| **၁၂/လကန(နိုင်)၂၀၃၀၃၀** | **LL.B အထက်တန်းရှေ့နေ** |
| | **အမှတ် (၁၀၃)၊ ဘုရင့်နောင်လမ်း၊** |
| | **ရန်ကုန်မြို့** |
| | **ဖုန်း-၀၉-၇၈၁၁၀၂၀၁၉** |

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## (မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း၌ အောက်ဖော်ပြပါ ကျေးလက်ဒေသသောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တွင်းနက်(ရေစက်ရုံ၊ရေစင်၊ရေကန်များအပါအဝင်) | (၈)တွင်း |
| (ခ) | တွင်းတိမ်(ရေစက်ရုံ၊ရေစင်၊ရေကန်၊ရေပိုက်သွယ်တန်းခြင်းများအပါအဝင်) | (၃)တွင်း |
| (ဂ) | မြေသားရေကန်အနက်နှိုက်တူးဖော်ခြင်း | (၂)ကန် |
| (ဃ) | မြေသားရေကန်ပြုပြင်တူးဖော်ခြင်း(ခြစည်းရိုးကာရံခြင်း၊ တုံကင်တပ်ဆင်ခြင်း) | (၆)ကန် |

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၁၈-၅-၂၀၂၀ ရက်မှ ၂၉-၅-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၂-၆-၂၀၂၀ ရက် ညနေ ၄:၃၀နာရီ နောက်ဆုံးထားတင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါလျှောက်လွှာ ရောင်းချမည့်လိပ်စာနှင့် ပြန်လည်တင်သွင်းရမည့်လိပ်စာမှာ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ အကွက်အမှတ် ၀၁-၀၁/၁၆၈လမ်း၊ နတ်ရေကန်အုပ်စု (စွယ်တော်ဘုရားအရှေ့မုခ်လမ်း) အမရပူရမြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား ၁၈-၅-၂၀၂၀ ရက်မှစ၍ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး ဖုန်း-၀၂-၅၁၅၅၁၄၉ နှင့် ၀၂-၅၁၅၅၁၄၈ သို့လည်းကောင်း၊ ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**




## ဒေါ်တင်တင်မြိုင်နှင့် အများသိစေရန်ရှင်းလင်းကြေညာခြင်း

၂၉-၄-၂၀၂၀ ပြည့်နှစ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၀)တွင်ပါရှိသည့် ကလေးမြို့၊ မြို့သာရပ်ကွက် (ယခင်မြို့သာရွာ)၊ ဘုရင့်နောင်လမ်း၊ ကွင်း/အကွက် အမှတ်-၆၆-၁/ဂ ကလေးမြို့တောင်၊ ဦးပိုင်အမှတ် (၄၃)၊ ဧရိယာ ၀ ဒသမ ၁၈၄ ဧကနှင့် ယင်းအပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အဦမှာ ကျွန်ုပ်မိတ်ဆွေများ၏ ဖခင်ဖြစ်သူ ဦးရဲညွန့်က ဦးစိုးမောင်ထံက အရပ်ကတိစာချုပ်ချုပ်ဆိုကာ လက်ရောက်ရယူဝယ်ယူခဲ့သော အိမ်ဝင်းမြေကွက်ဖြစ်ပါသည်။

ယင်းဝင်းမြေသည် လူကြီးမင်းဒေါ်တင်တင်မြိုင်နှင့်အပါအဝင် ကျန်ညီအစ်ကိုမောင်နှမအားလုံး ယနေ့အချိန်တွင် ပိုင်ဆိုင်ခွင့်တစ်စုံတစ်ရာမရှိသေးပါ။ လူကြီးမင်းတို့၏ မိဘများဖြစ်သော ဦးရဲညွန့်-ဒေါ်စောကြည် သက်ရှိထင်ရှားရှိနေချိန်တွင် လူကြီးမင်း တစ်ဦးတည်းအမည်ဖြင့် သက်ဆိုင်ရာတွင် မြေဂရန်လျှောက်ထားခွင့်မရှိပါကြောင်းနှင့် လျှောက်ထားမည်ဆိုပါကလည်း ကျွန်ုပ်မိတ်ဆွေများက ကန့်ကွက်ပါကြောင်း အများသိစေရန် အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်အေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ်-၉၂၁၆/၂၀၁၃**
**အောင်မင်္ဂလာရပ်၊ နယ်မြေ (၄၉/၈)၊ ကလေးမြို့**
**ဖုန်း-၀၉-၄၇၀၇၂၂၁၁၊ ၀၉-၂၅၉၁၆၉၃၄၄**



## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(ငြိမ်း)**
**ကြည်း ၈၂၅၄၊B.Sc(Engg:)**
**ကကထုတ်**
**ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)**
**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**
**အသက်(၈၆)နှစ်**

အမှတ် ၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်လွင်လွင်ဌေး (ရေဦး)**
**DIRECTOR (STAR & MOON Pte Ltd, MYANMAR)**
**အသက်(၆၁)နှစ်**

ဦးမျိုးမြင့်-ဒေါ်အေးအေး (Star & Moon Pte Ltd, Singapore) တို့၏ အစ်မကြီး၊ မောင်စစ်မင်းပိုင်၏ ကျွေးမေမေ Singapore နိုင်ငံနေ မသော်တာအေး၊ မောင်ဖြိုးဇော်-မဂျူးမို့မို့စံ၊ မစုထက်တို့၏မိခင် မောင်အံ့ဆက်မှူးဇော် (Alex)၏ အဘွား၊ (ဦးမြင့်ဦး)၏ဇနီး၊ ဘုရား၊ ကျောင်း၊ ရဟန်းအမ ဒေါ်လွင်လွင်ဌေးသည် ၉-၅-၂၀၂၀ ရက်တွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ရေဦးမြို့နယ်အသင်း (ရန်ကုန်မြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးခင်မောင်သိန်း**
**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC) (ငြိမ်း)**
**အသက် (၈၆)နှစ်**

အစ်မရင်းကဲ့သို့ လေးစားချစ်ခင်ရသော မမစု-ဒေါ်စုစုသိန်း၏ချစ်လှစွာသော ခင်ပွန်း၊ ကျေးဇူးရှင် ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မြင့်**
**(ရန်ကုန်တိုင်းလျှပ်စစ်အင်ဂျင်နီယာ-ငြိမ်း)**
**ဒေါ်မြမြဝင်း(မဇ္ဈိမဓန္ဒာ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)**
**ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)**
**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃) ရပ်ကွက်၊ စရည်းပင်လမ်း၊ အမှတ်(၂၂၆)နေ ဦးခင်မောင်သိန်း (TSC ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)သည် ၁၂-၅-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**TSC ဝန်ထမ်းဟောင်းများအဖွဲ့**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်၊ စွယ်တော်လမ်းနေ ကျွန်မဒေါ်သန်းညိုမှ ဘားအံမြို့၊ အမှတ်(၇)ရပ်ကွက်၊ ဦးအောင်မြတ်လမ်းနေ ဦးဇော်မင်းဦး (ဘ)ဦးခင်ဝင်း ၁၁/တကန(နိုင်)၀၆၂၃၆၆ အား ၂၀၁၈ ခုနှစ် မတ် ၂၀ ရက်တွင် ဘားအံမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၅/၂၀၁၈) ဖြင့် ကိုယ်စားလှယ်လွှဲစာပေးအပ်ခဲ့ပါသည်။ ယခုအခါ အဆိုပါကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ရန်မလိုအပ်တော့ပါသဖြင့် ကျွန်မ ဒေါ်သန်းညိုမှ ကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း ကိုဇော်မင်းဦးနှင့်ပတ်သက်၍ ငွေကြေးအရှုပ်အရှင်း တစ်စုံတစ်ရာသော်လည်းကောင်း၊ လူမှုရေးအရှုပ်အရှင်းတစ်စုံတစ်ရာသော်လည်းကောင်း ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်သန်းညို**

**သွေးသည်အသက်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)**
**ကြည်း-၈၂၅၄, B.Sc(Engg:)**
**ကကထုတ်**
**ဦးဆောင်ညွှန်ကြားရေမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)**
**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်း၊ အမှတ်(၂၂၆)နေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ အငြိမ်းစားများလူမှုရေးအသင်း၏ နာယကကြီးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)သည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းသွားပြီဖြစ်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့၊**
**အငြိမ်းစားများလူမှုရေးအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဝေ (ကြို့ပင်ကောက်) နာယက ကြို့ပင်ကောက်မြို့နယ်အသင်း (ရန်ကုန်) အသက် (၇၁) နှစ်သည် ၁၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းလွင်-ဒေါ်လဲ့လဲ့ဝင်း**
**ရွှေသမင်ဆေးတိုက်**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာထွေးထွေးစမ်း**
**Director,Aung Kyun Thar Co.,Ltd**
**အသက်(၆၃)နှစ်**

အောင်ကျွန်းသာကုမ္ပဏီ၏ ဒါရိုက်တာ ဒေါက်တာထွေးထွေးစမ်းသည် ၁၂-၅-၂၀၂၀ ရက် ညနေ ၅:၄၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Board Of Director**
**Aung Kyan Thar Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာထွေးထွေးစမ်း**
**Director,Aung Kyun Thar Co.,Ltd**
**အသက်(၆၃)နှစ်**

အောင်ကျွန်းသာကုမ္ပဏီ၏ ဒါရိုက်တာ ဒေါက်တာထွေးထွေးစမ်းသည် ၁၂-၅-၂၀၂၀ ရက် ညနေ ၅:၄၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Aung Kyan Thar Co.,Ltd**
**ဝန်ထမ်းများ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (၁၁-ဇ/ဗျူဟာလမ်းအရှေ့)၊ ဦးပိုင်အမှတ် (၂၇၈/၃၂၀)၊ မြေဧရိယာ ၀ဒသမ၁၂၉ ဧကရှိ အမှုတွဲအမှတ်၊ ၃၈၉-၅/၂၀၀၄-၂၀၀၅ (စီ)ဖြင့် ဦးမျိုးနိုင်အောင် အမည်ပေါက်မြေအား အိမ်မြေကွက်အရောင်းအဝယ်စာချုပ်အမှတ် (၁၂၈၊/၂၀၀၉)ဖြင့် ဦးဌေးလွင် ၁၃/လရန(နိုင်)၀၁၈၈၃၉ က ဝယ်ယူပိုင်ဆိုင်ထားကာ ဦးဌေးလွင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းယိင်းမိုဟွမ် ထံမှ မူလဧရိယာ ၀ဒသမ၁၂၉ ဧကအနက်မှ ၀ ဒသမ ၀၇၅ ဧကအား အိမ်မြေကွက်အရောင်းအဝယ်စာချုပ်အမှတ် (၉၁၊/၂၀၂၀) ဖြင့် ဦးစိုးစိုး ၁၃/လရန(နိုင်)၀၀၆၀၄၉ က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း ၂၀အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## သိရှိစေရန်

ဦးထွန်းထွန်းလှိုင် လက်ထောက်မန်နေဂျာ ၁၂/ဥကတ(နိုင်)၁၄၆၂၄၅၊ ၆၉၂ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှ မြောင်းမြမြို့၊ သူနာပြုသင်တန်းကျောင်းသို့ တည်ဆောက်ရေးကိစ္စများ အမြန်လာရောက်ဖြေရှင်းပါ။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန့်လွင်အုန်း ၁၂/ဗတထ(နိုင်)၀၀၁၅၃၁ ၏ လေယာဉ်မှူးလိုင်စင် ATPL-507 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၃၈၈၃၁၈**

## ဖခင်အမည်မှန်

အထက(၅) စစ်တွေ၊ နဝမတန်းမှ မောင်ထွန်းငြိမ်းအောင်၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးမြကျော်ဇံ ၁၁/စတန(နိုင်)၁၃၈၇၂၆ ဖြစ်ပါကြောင်း။

**ဦးမြကျော်ဇံ**

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)

**ကြည်း ၈၂၅၄၊ B.Sc (Engg)**
**ကကထုတ်**
**ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/ TSC/EPC) (ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)**
**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**
**အသက် (၈၆)နှစ်**

မန္တလေးမြို့၊ စိန်ပန်းရပ်နေ (ဦးဘသောင်-ဒေါ်လှ)တို့၏ တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့နေ (ဦးကျော်ဇံ-ဒေါ်မြမေ) တို့၏ သမက်၊ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသော်တာသိန်း-ဒေါ်လှမြတ်ခိုင်၊ ဦးဒေဝါသိန်း-ဒေါ်ခင်စန္ဒာဖေ၊ ဦးမောင်မောင်သိန်း-ဒေါ်တင့်တင့်အောင်၊ ဒေါ်မာလာသိန်း-ဦးထွန်းထွန်း၊ ဒေါ်မွေးသီတာသိန်း-ဦးစိုးမင်းအောင်၊ ဒေါက်တာ ခင်ရတနာသိန်း-ဒေါက်တာကျော်ကျော်ဝေသိမ်းတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်ထက်ခိုင်သိန်း၊ မောင်ကျော်ဒေဝါ၊ မဟေမာန်ဒေဝါ၊ ဒေါက်တာမြတ်ကြည်လဲ့သိန်း၊ မောင်အောင်ဇင်ဖြိုးသိန်း၊ မောင်ကျော်ဇေယျအောင်၊ မယမုံနာအောင်၊ မောင်ဝေလျှံအောင်၊ မပေရယ်သိန်းတို့၏ ချစ်လှစွာသော အဘိုးသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် အမှတ် (၂၂၆)၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှတစ်ဆင့် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးခင်မောင်သိန်း**
**ဘဏ္ဍာအခွန်ဝန်ကြီး (ငြိမ်း)၊ စွမ်းအင်ဝန်ကြီး (ငြိမ်း)**

အန်တီ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းထွန်း-ဒေါ်မာလာသိန်းတို့၏ ဖခင်ကြီး မောင်အောင်ဇင်ဖြိုးသိန်း၏ အဘိုး ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ ရက်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ Thein Family မိသားစုနှင့်အတူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်လှလှဦး**
**ဦးထွဋ်ထွဋ်-ဒေါ်ချိုချိုစန်း**
**ဦးကျော်ကျော်-ဒေါ်မြတ်မြတ်ဦး**
**ဗိုလ်မှူးချုပ်မျိုးသန့်-ဒေါ်သီတာတိုး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးတင်မောင်ဝင်း (ငြိမ်း) (D.S.A-7)**
**အသက် (၇၇)နှစ်**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

ရန်ကုန်မြို့နေ ဒေါ်လဲ့လဲ့နိုင်(ခ)ဒေါ်လီအောင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးတင်မောင်ဝင်းသည် ၉-၅-၂၀၂၀ ရက်တွင် အလ္လာအရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီး ဒေါက်တာလှမောင်(ဦးစီးနာယက)၊ ဦးသောင်းထိုက်(ဥက္ကဋ္ဌ)နှင့်**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နန်းအေးရီ (ခ) ဒေါ်နန်း**
**(သန်လျင်မြို့)**
**အသက် (၈၂)နှစ်**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်ဇင်ထွန်း၏မိခင် ဒေါ်နန်းအေးရီ(ခ) ဒေါ်နန်း အသက်(၈၂)နှစ်သည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးစိန်သောင်း၊ တပ်ကြပ်ကြီး(ငြိမ်း)**
**အသက် (၇၆)နှစ်**

သူငယ်ချင်း မျိုးမင်းဇော် (ညွှန်ကြားရေးမှူး-ပြည်တွင်းအခွန်များဦးစီးဌာန) - ဗိုလ်ကြီး နှင်းနှင်းလှိုင်(ငြိမ်း)တို့၏ ဖခင်ဖြစ်သူ ဦးစိန်သောင်းသည် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၀၀:၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ် (၃၆)မှ သူငယ်ချင်းမိသားစုများ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ သိပ္ပံလမ်းနေ ဦးမြင့်ရွှေ KTO-၀၇၃၂၆၄၊ ဒေါ်ယဉ်မြင့် ၁၀/ကထန(နိုင်)၀၃၁၄၅၉ တို့၏သား မောင်ဇင်ဗိုလ်ဟန် ၁၀/ကထန(နိုင်) ၁၃၆၇၄၀ သည် မိဘနှစ်ပါးနှင့် မောင်နှမများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို (လုံး၀)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ရွှေ-ဒေါ်ယဉ်မြင့်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈.၁၁-ကမာရွတ်)၊ လူနေရပ်ကွက်အမှတ် (မြကန်သာအိမ်ရာ)၊ (၅)ရပ်ကွက်၊ မြရတနာလမ်း၊ မြေကွက်အမှတ်(၁၅၄)၊ အကျယ်အဝန်း (၄၉ပေ၆လက်မ × ၆၄ပေ/၆၆ပေ၆လက်မ)ရှိ ဒေါ်ခင်မာညို(၁၂/ဗဟန(နိုင်)၀၃၉၆၃၁) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်အနက်မှ ခေါင်းရင်းဘက် (၃၀ပေ× ၄၉ပေ၆လက်မ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်လတ်ပိုင် (၁၂/ရပသ(နိုင်)၀၃၄၇၇၉) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးဇော်မျိုးနိုင် |
|---|---|
| LL.B, D.B.L, D.I.L., | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၂၅၀ ၂၉၀ ၇၈၁ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ဘုရား၊ ရဟန်း၊ သိမ်၊
ကျောင်းဒါယိကာမကြီး
**ဒေါ်သင်းကြူ**
**အသက်(၉၁)နှစ်**

(ဦးဘရင်-ဒေါ်အေးမေ)၏သမီး၊ (ဦးနီ) ၏ဇနီး၊ ဦးကြီးမောင်-ဒေါ်အေးနွဲ့၊ (ဦးမြင့်အောင်)-ဒေါ်မူယာ၊ ဒေါ်ခင်အေးလွင်၊ ဦးတင့်အောင်-ဒေါ်မေနှင်း၊ ဦးစိုးမြင့်-(ဒေါ်ရင်ရင်မေ)တို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၁၃-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် အောင်ရတနာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သွေးသက် အသက်**

# ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)
**စွမ်းအင်ဝန်ကြီး(ငြိမ်း)**
**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**
**အသက် (၈၆)နှစ်**

အမှတ် -၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)၊ လျှပ်စစ်စွမ်းအားဝန်ကြီး(ငြိမ်း)**
**ဒေါ်တင်တင်ညွန့်မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ရဟန်းဒါယိကာမကြီး ဒေါ်ဇီလီ** အသက်(၉၃)နှစ်

ချောက်မြို့နယ်၊ ကြီးနီစံပြကျေးရွာနေ (ဦးထွန်းစိန်-ဒေါ်လေးမယ်)တို့၏သမီး၊ ဦးမောင်ခိုင်(ကျောင်းဆရာ-ငြိမ်း)၏ဇနီး၊ ဦးမျိုးညွန့်သန်း(မြန်မာ့ရေနံ-ငြိမ်း)-ဒေါ်ဝင်းကြည်၊ ဒေါ်ခင်သန်းဌေး(အထက၊ ကြီးနီ)၊ ဦးစိုးနိုင်-ဒေါ်အေးအေးစန်း(အထက၊ ကြီးနီ)၊ ဒေါ်အေးအေးခိုင်(ဦးစီးအရာရှိ၊ အင်းစိန်ခရိုင်ရုံး)၊ ဒေါ်အေးအေးကြိုင်(အမက၊ ကြို့ပင်)တို့၏မိခင်၊ မြေးလေးယောက်၊ မြစ် လေးယောက်တို့၏အဘွားသည် ၉-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ရန်ကုန်မြောက်ပိုင်းခရိုင်မှ ဝန်ထမ်းများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဒုတိယဗိုလ်မှူးကြီးခင်မောင်သိန်း(ငြိမ်း)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်း၊ အမှတ်(၂၂၆)နေ ဒေါ်စုစုသိန်း ၏ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)သည် ၁၂-၅-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့**
**CB Bank (PLC)**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာခင်ရီရီဝေ** အသက်(၄၄)နှစ်
**(M.B,B.S,M.Med.Sc, paed)(MRCPCH, U.K)**
**Fellowship in Paediatric Cardiology (South Korea)**
**ကလေးအထူးကုဆရာဝန်(ကလေးနှလုံး)**
**အမျိုးသမီးနှင့်ကလေးဆေးရုံ(တောင်ကြီးမြို့)**

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်၊ ရှမ်းကျောင်းလမ်းနေ ဦးစိန်ထွေး-(ဒေါ်ခင်မြင့်သိန်း) (လ/ထ ကထိက-ငြိမ်း၊ ပညာရေးကောလိပ်)တို့၏သမီး၊ ဦးညီညီဆွေ-ဒေါက်တာ စိမ့်စိမ့်ဝင်း(ကထိက၊ ကျိုင်းတုံတက္ကသိုလ်)တို့၏အစ်မသည် ၁၁-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တီချယ်ကြီး ဒေါ်မြမြကြည်**
**တောင်ငူမြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
**ဦးခင်မောင်သိန်း** အသက်(၈၆)နှစ်
**ဝန်ကြီး(ငြိမ်း) စွမ်းအင်ဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**
**ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်း၊ အမှတ်(၂၂၆)နေ ဒေါ်စုစုသိန်း၏ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၉နာရီမှ ၁၀နာရီအတွင်း ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကပ္ပတိန် စိုးမင်းအောင်နှင့်ဇနီး**
**ဒုတိယ ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံရေကြောင်းအတက်ပညာရှင်များအသင်း**

**အထူးဝမ်းနည်းကြေကွဲခြင်း**
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
**ဦးစောလူစိန်** အသက်(၈၂)နှစ်
**စိန်ပန်းအမှုန့်ကြိတ်စက်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ သဃ်န်းကျွန်းလမ်း၊ အမှတ်(၁၁၁)နေ ဦးကျော်ဌေး-Mrs.Jennie Su တို့၏ဖခင်ကြီး ဦးစောလူစိန်သည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုကျော်၊ ကိုကျား၊ ကိုစိုး၊ ကိုမိုး၊ ဇင်ကို၊ ကိုစိုင်း**

# အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဝေ(ကြို့ပင်ကောက်) နာယက ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) အသက် (၇၁)နှစ်သည် ၁၀-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)**
**အလုပ်အမှုဆောင်အဖွဲ့**
**အသင်းသား/သူများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)**
**ကြည်း ၈၂၅၄၊ B.Sc (Engg.)**
**ကကထုတ်**
**ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/TSC/EPC)(ငြိမ်း)**
**စွမ်းအင်ဝန်ကြီး(ငြိမ်း)**
**ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏ၊(၂၃)ရပ်ကွက်၊အမှတ်(၂၂၆)၊စရည်းပင်လမ်းနေ ဒေါ်စုစုသိန်း၏ခင်ပွန်း၊ ယခင် စွမ်းအင်ဝန်ကြီးဌာန၊ ဘဏ္ဍာ/အခွန်ဝန်ကြီးဌာနတို့၏ဝန်ကြီး(ငြိမ်း) ဦးခင်မောင်သိန်း အသက်(၈၆)နှစ်သည် ၁၂-၅-၂၀၂၀ရက် နံနက်၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

# အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်ဝေ (ကြို့ပင်ကောက်) နာယက ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) အသက် (၇၁)နှစ်သည်၁၀-၅-၂၀၂၀ရက်တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမျိုးသန့်-ဒေါ်ယုဇော်**
**ဇာနှင့် ဇာကုမ္ပဏီလီမိတက်**
**မိသားစု**

# ဒေါ်သိန်းရွှေ(ထားဝယ်)
## အထက်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
**တာမွေ အထက(၁၀)၊ စိတ်တွေ အထက(၂)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ်(70/B)နေ (ဦးတင်ညွန့်)၏ဇနီး၊ ဒေါ်အေမီညွန့်-Patrick Muller တို့၏မိခင်၊ Julian နှင့် Gabriel Muller တို့၏အဘွားသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) ည ၁၁:၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးတင်ဖေ(အုန်းနဲ့)
## အသက် (၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲ့ရွာနေ (ဦးလှဖေ-ဒေါ်ဖွားတင်)တို့၏သား၊ ဒေါ်တင်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာသိန်းဇော် (SHWE ဘဏ်)-ဒေါ်ခင်မြင့်ကြည်၊ ဦးမြင့်နိုင် (KBZ ဘဏ်)-ဒေါ်အေးအေးမြင့်၊ ဦးအောင်မြတ်ဇော်တို့၏ဖခင်၊ ဗိုလ်ကြီးကျော်ကျော်လင်း(လေ)-ဒေါ်သက်သက်အောင်၊ မေသက်ခိုင် (CB ဘဏ်)၊ မေဦးဇော် (SMBC စင်ကာပူ)၊ ဒေါက်တာ သီရိဇော် (SMBC စင်ကာပူ)၊ ရဲရင့်လင်း (KBZ ဘဏ်)၊ အိသဉ္ဇာကျော်တို့၏ ဘိုးဘိုးကြီးသည် ၁၁-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀:၂၀နာရီတွင် မြင်းမူမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် မြင်းမူမြို့ရှိ သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဗိုလ်မှူးခင်မောင်(ငြိမ်း)
## (ကြည်း-၁၁၄၅၆)O.T.S(38)
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ (၂/ခ)ရပ်ကွက်၊ အမှတ်(၂၁၄)နေ ဒေါ်နန်းရွှေအိမ်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နန်းစောကလျာခင်၊ ဦးခွန်စောမြစန်း၊ ဦးခွန်စောအောင်သီ-ဒေါ်အေးယုမာ၊ ဦးခွန်စောအောင်ဟိန်း-ဒေါ်အေးချမ်းဖြူတို့၏ချစ်လှစွာသောဖခင်၊ မဖူးပွင့်ခိုင်သီ၊ မရှင်းအိဖြူတို့၏ဘိုးဘိုးသည် ၁၃-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၀ရက်(အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
**ဒေါက်တာထွေးထွေးစမ်း**
**Director, Aung Kyun Thar Co.,Ltd.**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့(သနပ်ပင်)နေ (ဦးစိုးမောင်-ဒေါ်ကျင်စိန်)တို့၏သမီး၊ (ဦးသန်းမြင့်)-ဒေါ်တင်တင်လှတို့၏ချွေးမ၊ ရန်ကုန်မြို့နေ ဦးစုလင်း-ဒေါ်ကျင်စိုး၊ ဦးမြင့်စိန်-ဒေါ်နုနု၊ ဒေါ်အေး၊ ဦးစိုးကြင်-ဒေါ်ခင်မမ၊ ဒေါ်ကြည်ကြည်အေး၊ ဦးအောင်သင်း-ဒေါ်စန်းစန်းအေးတို့၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဈေးမြောက်လမ်း၊ အမှတ်(၄)၊ Condo AG-(1)နေ ဒေါက်တာ ဝေဖြိုးသန့်၊ မောင်ဟိန်းထက်တို့၏ ချစ်လှစွာသောမိခင်၊ ဒေါက်တာမျိုးသန့်၏ဇနီးသည် ၁၂-၅-၂၀၂၀ရက် ညနေ ၅:၄၉နာရီတွင် Grand-Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၁၄-၅-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီးအေးသောင်း(ငြိမ်း)
## OTS (30)
### အသက် (၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် (၆၅၂)၊ ပထမလွှာနေ (ဦးကျန်ရှန်း-ဒေါ်သိန်းတင်)တို့၏သား၊ ဦးသောင်းမြင့်၏အစ်ကို၊ (ဒေါ်လှမြိုင်)၏ခင်ပွန်း၊ ဒေါ်နွယ်နွယ်အေး၊ ဦးလှထွဋ်အေး၊ ဒေါ်မွေးမွေးသောင်း၊ ဦးရဲထွဋ်အေးတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၁၂-၅-၂၀၂၀ရက် ညနေ ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ရက်တွင် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ကောင်းမှုကုသိုလ်ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## Daw Sharda Patel
### အသက် (၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ လမ်း (၅၀)၊ အမှတ် (၁၂၅)၊ အခန်း (၁၂)နေ (ဦးGP.Patel- ဒေါ် Jamana)တို့၏သမီး၊ (ဦးသန်းမြင့်(ခ) Baskar Nathan)၏ချစ်ဇနီး၊ ဦးမောင်မောင်ဝင်း(ခ)Naresh Kumar၏မိခင်သည် ၁၂-၅- ၂၀၂၀ ရက် ည ၈:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မအေးနန္ဒာမိုး
### အသက်(၃၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ဂေါင်းနီကွင်းကျေးရွာနေ ဦးမြင့်အောင်-ဒေါ်တင်တင်ဝင်းတို့၏သမီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ ဘလွဲကျေးရွာနေ ဦးမြင့်ထွန်း-ဒေါ်သန်းလှတို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၂)ရပ်ကွက်၊ ဦးကြင်ဥ(၂)လမ်း၊ အမှတ် (၈၂၁/ခ)နေ ဦးချမ်းမင်းဇော်၏ဇနီး၊ မယွန်းယမုံချမ်း၏မိခင်သည် ၁၃-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သင့် သွေး ဖြင့် အသက် ကယ် ပါ

## ဦးကိုကိုကြီး အသက်(၉၁)နှစ်
### ဒု-အရာခံဗိုလ်(ငြိမ်း)(ကပ-ဘီ/၂၆၃၀၁)
### တပ်မတော်မှတ်တမ်းရုံး၊ ရန်ကုန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ရွှေဂုံသီရိလမ်း၊ အမှတ်(၄၆၅)နေ (ဦးထွန်းလင်း-ဒေါ်မြဇင်) တို့၏သား၊ ဒေါ်မြင့်မြင့်ဌေး(YESC-ငြိမ်း)၏ခင်ပွန်း၊ ဦးကိုကိုဇော်(ဂျပန်သံရုံး)-ဒေါ်အေးနုအောင်၊ ဦးသန်းထွဋ်-ဒေါ်ခင်ခင်ထွေး(ဦးစီးအရာရှိ၊ ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့)၊ ဦးအောင်နိုင်ထွန်း-ဒေါက်တာညိမ်းညိမ်း(မြန်မာစာဌာန)တို့၏ဖခင်၊ မောင်မြတ်သာဦး၊ မောင်ထူးအောင်၊ မသီရိသန္တာသိမ့်(Y.C.D.C)၊ မောင်မြတ်သီဟ၊ မောင်မွန်မြတ်သန့်စင်တို့၏အဘိုးသည် ၁၂-၅-၂၀၂၀ရက်(အင်္ဂါနေ့) ညနေ ၆:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) တွင် အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်အောင်ဗိုလ်
### ဒုညွှန်မှူး၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး(ငြိမ်း) အခြေခံပညာဦးစီး (၁)
### GTI၊ ဆရာအတတ်သင် (ကန်တော့ခံဆရာကြီး)
### မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ (ဥက္ကဋ္ဌ)
### မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ (အရန်အဖွဲ့ဝင်)
### နှစ်ကျိပ်ရှစ်ဆူ စေတီတော်(နာယက)
### အသက် (၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ရွှေဥဒေါင်း (၂)လမ်း၊ အမှတ် (၆၈၆)နေ (ဦးခင်- ဒေါ်စန်းမြိုင်)တို့၏သား၊ (ဦးကျင်-ဒေါ်စန်းတင်)တို့၏သားသမက်၊ ဒေါ်လှလှရွှေ(ဗဟိုတရားရုံးချုပ်(ငြိမ်း)၏ချစ်လှစွာသော ခင်ပွန်း၊ မောင်စိုးစိုးထွန်း-မခင်မျိုးအေးဗိုလ်(ခ)ဗိုလ်သီရိခေတ်၊ မောင်သန်းထွန်းအောင်ဗိုလ်-မချယ်ရီထွန်း၊ မောင်စံရွှေဗိုလ်၊ မခင်စန္ဒာဗိုလ်တို့၏ဖခင် ဦးခင်အောင်ဗိုလ်သည် ၁၃-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၀၅နာရီတွင် မြောက်ဥက္ကလာအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးအေးလွင် အသက်(၆၇)နှစ်
### (ခရိုင် ငါးလုပ်ငန်းဦးစီးမှူး-ငြိမ်း)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငယ်ရပ်နေ (ဦးတင်စိန်-ဒေါ်ညွန့်ညွန့်)တို့၏သား၊ (ဦးဘသိန်း-ဒေါ်တင်ကြည်)တို့၏သားသမက်၊ ဦးကြင်တိုး-ဒေါ်နီနီချို၊ ဦးခင်မောင်ထွေး -(ဒေါ်ညိုညို)၊ ဦးဇော်နိုင်ဝင်း-ဒေါ်သီတာဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၈၂/B၊ လေးလွှာ)နေ မနှင်းစန္ဒီဦး၊ မောင်ဝေယံအေးလွင်-မသက်ထားမွန်(UPVC ပြတင်း၊ တံခါးလုပ်ငန်း၊ မြောင်းမြမြို့)တို့၏ဖခင်၊ ဒေါ်ခင်မြတ်၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်ညွန့် အသက်(၆၂)နှစ်
### (ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃လမ်း၊ အမှတ်(၁၁၀၊ ငါးလွှာ)နေ ဦးလှရွှေ-ဒေါ်မြလေးတို့၏သား၊ ဦးထွန်းဖေ-ဒေါ်အေးအေးဝင်းတို့၏သားသမက်၊ ဒေါ်နီလာထွန်း(ခ)ဒေါ်နွယ်နီထွန်း၏ချစ်လှစွာသောခင်ပွန်း၊ မမေဇွန်အောင်၏ဖခင်၊ ဦးဝင်းအောင်-ဒေါ်နီနီ(ခ)ဒေါ်ခင်ဌေးမြင့်တို့၏မောင်၊ ဦးရွှေလုံး-ဒေါ်ခင်ချော၊ ဦးဝင်းချို-ဒေါ်မြင်အေး၊ ဦးကျော်စိန်-ဒေါ်သက်ထားရီ၊ ဦးလှိုင်ထွန်း-ဒေါ်သီသီအောင်တို့၏အစ်ကိုသည် ၁၂-၅-၂၀၂၀ရက် ညနေ ၄:၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့)တွင် အထက်ပါ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်သိန်း
### ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)
### စွမ်းအင်ဝန်ကြီး(ငြိမ်း)
### ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)
### အသက်(၈၆)နှစ်

အမှတ်(၂၂၆)၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ကျေးဇူးရှင်အမေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကျေးဇူးရှင် ဆရာသမား အဘ ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဦးညွန့်တင်-ဒေါ်နန်းရွှေမြင့်မိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစောလူစိန် အသက် (၈၂)နှစ်
### (စိန်ပန်းအမှုန့်ကြိတ်စက်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ သဃ်န်းကျွန်းလမ်း၊ ခြံအမှတ်(၁၁၁)နေ (ဦးစူဝါး-ဒေါ်ကြည်)တို့၏သား၊ (ဦးတီရန်-ဒေါ်ပု)တို့၏သားသမက်၊ ဒေါ်ခင်တီ၏ခင်ပွန်း၊ ဦးကျော်ဌေး-Ms. Jennie Su၊ ဒေါ်အေးအေးတီ၊ ဒေါက်တာ စောကြည်ကြည်စိန်၊ ဒေါ်အေးအေးမွန်-Mr. Tan Wei Kang Eddie၊ ကိုလှဝေ-မနွယ်ရီစုလှိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှ ရေဝေးတရုတ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အမှတ်(၁၁၁)၊ သဃ်န်းကျွန်းလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစောလူစိန် အသက်(၈၂)နှစ်
### (စိန်ပန်းအမှုန့်ကြိတ်စက်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ သဃ်န်းကျွန်းလမ်း၊ အမှတ်(၁၁၁)နေ (ဦးတင်မြင့်)-ဒေါ်နီ၊ ဦးကျော်စိုးလင်း-ဒေါ်ကျင်အေး၊ (ဦးသိန်းဝင်း)၊ ဦးသိန်းညွန့်-ဒေါ်တင်တင်အေး၊ ဦးစိန်ဝင်း-ဒေါက်တာဒေါ်မေလွင်၊ ဦးညီညီတိုးတို့၏ညီအစ်ကို၊ (ဦးအီဟုတ်-ဒေါ်ကျင်ဝှါ)၊ (ဦးယုဆိုင်)-ဒေါ်ခင်အေး၊ ဦးအင်ကြိုင်-ဒေါ်နု၊ ဦးစိန်မြင့်-ဒေါ်ဌေးဌေး၊ ဦးခင်ထွန်း-ဒေါ်အေးအေးထွေးတို့၏အစ်ကိုမောင်သည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင်နေအိမ်မှ ရေဝေးတရုတ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်းကြည်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်း-ဒေါ်စာ)တို့၏သမီး၊ (ဦးရွှေထွန်း)၏ဇနီး၊ (ဦးဆန်းလွင်ဦး)-ဒေါ်သက်သက်နွယ်၊ ဦးသက်နိုင်ဦး-ဒေါ်မိုးမိုးသန်း၊ (ဦးစောဟန်)-ဒေါ်ကေသီဦး၊ ဦးသီဟတင်စိုး(ရုပ်ရှင်သရုပ်ဆောင်)-ဒေါ်ဇင်မာဦး (ရုပ်ရှင်သရုပ်ဆောင်)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၁၃-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀)မြောက်၊ ရတနာပုံ(၃)လမ်း၊ အမှတ်(၆၆၉)နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း။ နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်အောင်
### ဒုညွှန်မှူး(ငြိမ်း)၊ စက်မှု(၁)ဝန်ကြီးဌာန
### အသက် (၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ်(၄၉၆-A) ပထမထပ်နေ (ဦးဘေ-ဒေါ်မမကြီး)တို့၏သား၊ (ဦးထွန်းလင်း)-ဒေါ်အုန်းကြည်တို့၏သားသမက်၊ (ဦးစိုးညွန့်)-ဒေါ်ခင်လှတို့၏မောင်၊ ဒေါ်စန်းစန်းမော်၏ခင်ပွန်း၊ မောင်ကျော်ကျော်နန္ဒ၊ မောင်ဇော်ဇော်ဗိုလ်-မနိုဗယ်ခင်၊ မောင်မင်းဟိန်းခန့်တို့၏ဖခင်၊ မောင်ဟိန်းနန္ဒဇော်၏အဘိုးသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

နေအိမ်မှကားများ မွန်းလွဲ ၁:၄၅နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကြီး (ကမာရွတ်)
### အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ ရန်ကုန်-အင်းစိန်လမ်း(ဗေယျာသီရိလမ်း)၊ အမှတ်(၂၉)နေ (ဦးကျောင်းတန်-ဒေါ်သန်း)တို့၏သား၊ (ဒေါ်တာ၊ ဦးမောင်မောင်-ဒေါ်ခင်ကြည်) တို့၏မောင်/ညီ၊ (ဒေါ်စိန်ကြည်)၏ခင်ပွန်း၊ ဒု-ဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)-ဒေါ်မိမိလွင်၊ ဒေါ်အိအိခင်-ဦးကျော်ကျော်ဝင်း၊ ဦးမြင့်အောင်-ဒေါ်အေးအေးသန့်၊ ဒေါက်တာခင်မှတ်အောင်၊ ဒေါ်ထွေးထွေးသန်းတို့၏ဖခင်၊ ကိုကျော်ဗေယျာ-မမြင့်မြတ်မြတ်မူ၊ ကိုသော်သော်-မနန့်နှောင့်နှောင့်၊ မဂျူမီအောင်-ကိုရဲမင်းအောင်၊ ဒေါက်တာငွေထွန်း၊ ကိုလွှမ်းမိုး၊ မမိုးမိုးအောင်တို့၏ အဘိုး၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၃-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက်(ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကြီး (ကမာရွတ်)
### အသက် (၉၆)နှစ်

သူငယ်ချင်း ဒုဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း)၏ဖခင် ဦးအောင်ကြီး အသက်(၉၆)နှစ်သည် ၁၃-၅-၂၀၂၀ရက် ၁၄:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲပါကြောင်း သိစေအပ်ပါသည်။

OTS - ၄၅

ကျောင်းဆင်းဖက်သူငယ်ချင်းများနှင့် မိသားစုများ

### ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)
### ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)
### စွမ်းအင်ဝန်ကြီး(ငြိမ်း)
### ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC)(ငြိမ်း)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်း၊ အမှတ်(၂၂၆)နေ ဒေါ်စုစုသိန်း ၏ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် အရာထမ်း၊ အမှုထမ်းများ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

### ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးအေးသောင်း(ငြိမ်း)
### အသက် (၈၀)

သူငယ်ချင်း လှထွဋ်အေး၏ဖခင်ဖြစ်သူ ဗိုလ်မှူးကြီးအေးသောင်း(ငြိမ်း) အသက် (၈၀)သည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါ နေ့) ညနေ ၅:၀၅နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

တေဇ (၁၇) ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်အောင်ဗိုလ် (ရန်ကုန်)
### မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၊ အရန်အဖွဲ့ဝင်
### ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့
### အသက် (၈၀)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၊ အရန်အဖွဲ့ဝင် ဆရာကြီး ဦးခင်အောင်ဗိုလ်(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့)သည် ၁၃-၅-၂၀၂၀ရက် ၀၇:၀၅နာရီတွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့
အနုပညာဦးစီးဌာန

## ဦးငွေသိန်း(သထုံ)
### (ကျုံပျော်မြို့နယ်၊ လုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌ(ငြိမ်း)
### အသက် (၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁)လမ်း၊ အမှတ် (၁၂၀)နေ ဒေါ်မြနွဲ့ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်ဦး-ဒေါ်အိအိသိန်း (Sky Light Vinyl)၊ ဦးဌေးလွင်-ဒေါ်နှင်းနှင်းယု (Noble Vinyl)တို့၏ချစ်လှစွာသောဖခင်၊ မောင်မျိုးစည်သူ၊ မမေစံပယ်ဖြူ၊ မသီရိထက်စံတို့၏ချစ်လှစွာသောအဘိုးသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ INNO Group က မြန်မာနိုင်ငံအတွက် PPE Level D Kit Full Set အစုံ ၂၀၀၀ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၁၃**

ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် INNO Group ဥက္ကဋ္ဌ Mr. Seog-Chang Son သည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်အား ယနေ့ နံနက် ၁၁ နာရီက လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ဖြစ်ပွားလျက်ရှိသော COVID-19 ရောဂါ ကုသ၊ ထိန်းချုပ်၊ ကာကွယ်ရေးလုပ်ငန်းစဉ်တွင် အသုံးပြုနိုင်ရန်အတွက် သံအမတ်ကြီးနှင့် ယခင်တွေ့ဆုံဆွေးနွေးထားသည့် INNO Group မှ မြန်မာနိုင်ငံသို့ လှူဒါန်းမည့် ဆေးပစ္စည်းများအနက် မြန်မာကျပ်ငွေ သိန်း ၁၀၀၀ နှင့်ညီမျှသော Du Pont ကုမ္ပဏီထုတ် PPE Level D Kit Full Set အစုံ ၂၀၀၀ ကို ပေးအပ်ရာ သံအမတ်ကြီး ဦးသန့်စင်က INNO Group သို့ ဂုဏ်ပြုလွှာပေးအပ်သည်။ (ယာပုံ)

**မြန်မာနိုင်ငံသို့ ဆောလျင်စွာ ပို့ဆောင်သွားမည်**

အဆိုပါ PPE Level D Kit Full Set အစုံ ၂၀၀၀ ကို Myanmar Airways International (MAI) လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ဆောလျင်စွာ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# တရုတ်ဘက်သို့ဝင်ရန် စောင့်ဆိုင်းနေသည့် မူဆယ် - ၁၀၅ မိုင်ကြားရှိ ကုန်တင်ယာဉ်မောင်းများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**မူဆယ် မေ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နှင့် ၁၀၅ မိုင်ကြားတွင် တရုတ်နိုင်ငံဘက်သို့ ဝင်ရောက်ရန်စောင့်ဆိုင်းနေကြသည့် ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို မေ ၁၃ ရက် နံနက် ၁၀ နာရီက မူဆယ်ခရိုင်အမှတ်(၁၂၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး၊ ဒုတိယရဲမှူးချစ်စိန် ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။ (အောက်ပုံ)

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆



## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာပါရှိ


စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလ အချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။


## ကပ်ရောဂါတုံ့ပြန်ဆောင်ရွက်ရေးမှာ ပါဝင်ကူညီမယ့် ကင်းလှည့် စက်ရုပ်

နိုင်ငံတကာဆောင်းပါး စာ » ၁၄

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ စာ » ၁၅



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ မေ ၁၄၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလ



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်

**တွေ့ဆုံမေးမြန်း – ရှင်မင်း၊ ဓာတ်ပုံ– ကေကေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး တိုင်းဒေသကြီး၏ လူမှုစီးပွားဘဝ မြင့်တက်လာစေရန်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ဒေသတွင်းပြည်သူများ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိသုံးစွဲနိုင်ရန်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဆိုသည့် မူဝါဒသုံးရပ်ချမှတ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က စတုတ္ထ(၁)နှစ်တာကာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ မူဝါဒများချမှတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည် –

**မေး ။ ။ တိုင်းဒေသကြီးအစိုးရအနေနဲ့ တိုင်းဒေသကြီးအတွင်း ပြည်သူ့အကျိုးပြု ဆောင်ရွက်မှုတွေကို တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုတွေပိုမိုရရှိအောင် လုပ်ဆောင်ပေးခဲ့တယ်ဆိုတာ ပြောပြပေးပါဦးရှင်။**

ဖြေ ။ ။ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ (၄)နှစ်တာကာလအတွင်းမှာ ချမှတ်ထားတဲ့ မူဝါဒ (၃)ချက်အပေါ်မှာ အားသာချက်တွေကိုလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့သလို အားနည်းချက်တွေ ရှိရင်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်နဲ့ ဌာနဆိုင်ရာတွေက ပြည်သူလူထုနဲ့အတူ ပူးပေါင်းပြီး ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ စတုတ္ထ (၁) နှစ်တာကာလအတွင်း ရည်မှန်းချက်တွေ ချမှတ်ပြီး ဦးစားပေးဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်တွေရဲ့ အောင်မြင်မှုတွေကိုလည်း သိပါရစေရှင့်။**

ဖြေ ။ ။ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ကျွန်တော်တို့ ချမှတ်ထားတဲ့ မူဝါဒ (၃)ချက်ကိုသာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပြန်လည်ပြောပြရမယ်ဆိုရင် စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး တိုင်းဒေသကြီးရဲ့ လူမှုစီးပွားဘဝ မြင့်တက်လာစေဖို့၊ အခြေခံအဆောက်အဦကဏ္ဍမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေဖို့နဲ့ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိသုံးစွဲနိုင်စေဖို့နဲ့ နောက်ဆုံးတစ်ချက်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေဖို့ ဖြစ်ပါတယ်။

ဒီမူဝါဒတွေချမှတ်ခဲ့လို့ ကျွန်တော်တို့အနေနဲ့ရရှိခဲ့တဲ့ အောင်မြင်မှုတွေကို ပြောပြရမယ်ဆိုရင် ပထမမူဝါဒဖြစ်တဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မှုအနေနဲ့ လယ်မဲ့ယာမဲ့ပြည်သူတွေအတွက် မြေလွတ်မြေရိုင်း ၉၅၂ ဧကကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး အဆင့်မြင့်လယ်ယာဧက ၁၂၃၀ ဒသမ ၅ ဧကကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။

*အချပ်ပို (ခ) သို့*

> “လက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ မြို့ ၅၀ လုံးမှာ လျှပ်စစ်မီးရရှိနေပြီ ဖြစ်ပါတယ်။ ကျေးရွာပေါင်း ၅၉၉၁ ရွာအနက် ကျေးရွာ ၅၃၀၂ ရွာကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်လို့ တိုင်းဒေသကြီးတစ်ခုလုံးရဲ့ ၈၈ ဒသမ ၅ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိနေပြီဖြစ်”



မူးမြစ်ကူးတံတား(ရေဦး) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။





စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တစ်နိုင်ငံလုံး ၅၀ ရာခိုင်နှုန်း ပြည့်မြောက်သည့် အထိမ်းအမှတ်နှင့် ၆၆/၃၃ကေဗွီ၊ ၃၀ အမ်ဗွီအေ ရွှေပန်းကုံးဓာတ်အားခွဲရုံကို ဖွင့်လှစ်ပေးစဉ်။

*အချပ်ပို (က) မှ*

လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ကူးပြောင်းနိုင်ဖို့ ထွန်စက် ၁၉၅၅ စီးကို ရောင်းချဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ နိုင်ငံပိုင် ဆည်၊ ကန်နဲ့ ရေလှောင်တမံ ၄၃ ခုနဲ့ ကျေးလက်ဆည်နဲ့ ကန် ၃၆၃ ခုတို့ကို နှစ်စဉ်ထိန်းသိမ်းပြုပြင်ပြီး စိုက်ပျိုးရေပေးဝေလျက်ရှိရာ မိုးစပါးနဲ့ နွေစပါးအတွက် ၇ ဒသမ ၈ သိန်း ဧကခန့်၊ အခြားသီးနှံအတွက် ၈ ဒသမ ၉ သိန်း ဧကခန့် အကျိုးပြုလျက်ရှိပါတယ်။

၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မြစ်ရေတင် လုပ်ငန်းအသစ် (၃)ခု တည်ဆောက်ခဲ့ပြီး စိုက်ပျိုးဧက ၁၄၀၀ ကို အကျိုးပြုနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုတွေအနေနဲ့ စပါးအပါအဝင် ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံ မျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို စိုက်ပျိုးရေးဦးစီးဌာနရဲ့ ဌာနပိုင်မျိုးစေ့ခြံတွေက ထုတ်လုပ်ခြင်းအပြင် ပုဂ္ဂလိကကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးအတွင်း ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်တွေ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးနဲ့ ဈေးကွက်ခိုင်မာစွာ ရရှိရေးအတွက် သရက်၊ သခွားမွှေးနဲ့ ဆောင်းသီးနှံနှမ်း စိုက်ပျိုးထုတ်လုပ်သူတွေကို Good Agriculture Pratices (GAP) အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။

JICA ရဲ့ အထောက်အပံ့နဲ့ သဖန်းဆိပ်ဆည်ရေသောက်ဧရိယာတွေကို စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်း (Agriculture Income Improvement Project ) နဲ့ ၂၀၁၈–၂၀၁၉ ခုနှစ်ကနေ ၂၀၂၀ – ၂၀၂၃ ခုနှစ်အထိ ခြောက်နှစ်ကြာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းပြီးဆုံးရင် သဖန်းဆိပ်ဆည်ရေသောက်ဧရိယာဧက ၅ သိန်းခန့်မှာ စိုက်ပျိုးစွမ်းအား တိုးတက်လာမှာဖြစ်ပြီး ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။

စိုက်ပျိုးသီးနှံတွေ ရေချွေတာသုံးစွဲကာ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ရည်ရွယ်ပြီး Water Saving Agriculture Technology (WSAT) စီမံကိန်းကို အပူပိုင်းဇုန်ဧရိယာ မြို့နယ် ၁၀ မြို့နယ်မှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အစက်ချရေသွင်းပိုက်တွေနဲ့ ရေဖျန်းစနစ် ရေသွင်းပိုက်တွေ ဖြန့်ဖြူးပြီး ဟင်းသီးဟင်းရွက်၊ ပန်းမန်နဲ့ နှစ်ရှည်သီးနှံ ၇၁ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဌာနပိုင်မျိုးစေ့ခြံဓာတ်ခွဲခန်း၊ သီးနှံ ကာကွယ်ရေးဓာတ်ခွဲခန်းနဲ့ မြေအသုံးချရေးဓာတ်ခွဲခန်းတွေ ဆောက်လုပ်နိုင်ခဲ့ပြီး မျိုးစေ့အရည်အသွေးနဲ့ သွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးတွေ အရည်အသွေး စစ်ဆေးနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီးသီးနှံ ကာကွယ်ရေး ဓာတ်ခွဲခန်းအနေနဲ့ ပိုးမွှားရောဂါအမျိုးအစားခွဲခြားခြင်း လုပ်ငန်းတွေကို စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။

မွေးမြူရေးကဏ္ဍမှာဆိုရင် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ မြို့နယ် (၁၁) မြို့နယ်ရှိ ကျွဲနွားကောင်ရေ ၁၆၀၀၀၀ ခန့်ကို ကျွဲနွားခွာနာလျှာနာရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးနိုင်ခဲ့တဲ့အတွက် ရောဂါဖြစ်ပွားမှု လျှော့ချနိုင်ခဲ့ပြီး ကျွဲနွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ဒေသနွား မျိုးထိန်းမျိုးပွားသုတေသနလုပ်ငန်းနဲ့ စားကျက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးဂရန်အင်း ၃၅၁ အင်း၊ တင်ဒါငါးဖမ်းကွက် ၁၅၃ ကွက်နဲ့ ငါးမွေးကန် ၇၅၄၄ ဧကကျော်ရှိပြီး ငါးလုပ်ငန်းဆိုင်ရာ အခွန်အရပ်ရပ် ကောက်ခံရရှိမှုမှာ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်လျာထားငွေကျပ်သန်း ၈၀၀ ထက် ငွေကျပ်သန်း ၁၆၈၉ သန်းကျော် ကောက်ခံရရှိခဲ့ပါတယ်။ ပျားမွေးမြူရေးလုပ်ငန်းအနေနဲ့ ပျားမွေးမြူသူလုပ်ငန်းရှင်ပေါင်း ၃၁၇ ဦးနဲ့ ပျားရည်ထုတ်လုပ်မှုအနေနဲ့ ပေါင် ၅ ဒသမ ၈၄ သန်းခန့် ထုတ်လုပ်နိုင်ခဲ့ပါတယ်။

ဒုတိယမူဝါဒဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ် တစ်ခုတည်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၁၅ ဘီလီယံကျော် အသုံးပြုပြီး ကတ္တရာကွန်ကရစ်လမ်း AC ၁၁ မိုင်ကျော်၊ ကွန်ကရစ်လမ်း ၆၁ မိုင်ကျော်၊ ကတ္တရာလမ်း ၄၃ မိုင်ကျော်၊ အမာခံလမ်း ၄၆၈ မိုင်ကျော်နဲ့ အခြား ၂၆၉ မိုင်ကျော် ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ပေ ၁၈၀ နဲ့အထက် တံတား ၁၁ စင်း၊ ပေ ၁၈၀ အောက် တံတား ၉၂၃ စင်း ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။

သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်းကို ရာသီမရွေး သွားလာနိုင်အောင် ဆောင်ရွက်ရာမှာ အဓိက လိုအပ်ချက်ဖြစ်တဲ့ နမ့်ပဂွန်တံတားနဲ့ နမ့်စပိတံတားကို တည်ဆောက်ပေးနိုင်ခဲ့တဲ့အတွက် ဟုမ္မလင်းကနေ ခန္တီးကို ရာသီမရွေးသွားလာနိုင်ပြီ ဖြစ်ပါတယ်။ ချင်းတွင်းတံတား ခန္တီးကို အရင်နှစ်ကတည်ဆောက်ပြီးပြီဖြစ်တဲ့အတွက် အရင် ခန္တီးမြို့မှ နာဂဒေသကို တစ်ညအိပ် ခက်ခက်ခဲခဲ သွားရတဲ့ အခြေအနေကနေ ခန္တီးမြို့ကနေ နာဂဒေသ လဟယ်မြို့ကို သုံးနာရီခွဲနဲ့ အရောက်သွားနိုင်ပြီဖြစ်လို့ နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလာပြီ ဖြစ်ပါတယ်။

ချင်းတွင်းမြစ်ကူးတံတား (ဟုမ္မလင်း)ကို ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်မှာ ဖွင့်လှစ်ပေးခဲ့တဲ့အတွက် နယ်စပ်ကုန်သွယ်ရေး ထွက်ပေါက်ဖြစ်တဲ့ တမူးမြို့ကို ဟုမ္မလင်း–ကက်သာ – အောင်ဇေယျ – တမူးလမ်းအတိုင်း သွားရောက်နိုင်မှာ ဖြစ်ပါတယ်။ ဒီလမ်းပိုင်းမှာရှိတဲ့ ကက်သာ–အောင်ဇေယျလမ်းပိုင်း (၃၈)မိုင်ပေါ်မှာရှိတဲ့ လမ်းတံတားတွေကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပြီးသွားရင် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနဲ့ နာဂဒေသကနေ အိန္ဒိယနယ်စပ်အထိ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မှာ ဖြစ်ပါတယ်။

စစ်ကိုင်း – ရွှေဘို – ရေဦး – ကလေးဝ – တမူးလမ်းသည် မဟာမဲခေါင် စီးပွားရေးစင်္ကြံလမ်း (Greater Mekong Subregion Economic Corridor) စာရင်းမှာ ပါဝင်ပြီး မြောက်ပိုင်း စင်္ကြံလမ်း (Northern Corridor) မူဆယ် – မန္တလေး – ရွှေဘို–ရေဦး–ကလေးဝ–တမူး လမ်းအပိုင်းမှာ ပါဝင်ပါတယ်။ အဆိုပါ မြောက်ပိုင်းစင်္ကြံလမ်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်း – ရွှေဘိုလမ်း၊ ရွှေဘို – ရေဦးလမ်း၊ ရေဦး–ကလေးဝလမ်းနဲ့ ကလေးဝ–တမူးလမ်းတို့ ပါဝင်ပါတယ်။ ဒါ့ကြောင့် ရေဦး–ကလေးဝလမ်းကို အဆင့်မြှင့်တင်ဖို့ လိုအပ်လျက်ရှိတဲ့ အတွက် လိုအပ်တဲ့ရန်ပုံငွေကို ပြည်ထောင်စုကနေ တောင်းခံထားပြီး ဖြစ်ပါတယ်။

ဒီလမ်းပေါ်မှာရှိတဲ့ ချင်းတွင်းတံတား (ကလေးဝ) ကို တည်ဆောက်ခဲ့ပြီး ကလေးဝ–တမူးလမ်းပိုင်း မိုင်(၀/၀) မှ (၉၃/၀) အထိ (၉၃) မိုင်ကို အိန္ဒိယ အကူအညီဖြင့် (၁၈)ပေ အကျယ် AC လမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ဒီလမ်းပေါ်မှာရှိတဲ့ ဘေလီတံတား (၆၉) စင်းကိုလည်း RC တံတားတွေဖြစ်အောင် အိန္ဒိယအကူအညီနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တမူး – ကလေးဝ –ယာကြီး–ချောင်းမ–လင်းက တောလမ်းဟာ အိန္ဒိယ–မြန်မာ– ထိုင်း သုံးနိုင်ငံချင်းဆက် လမ်းမကြီး (India – Myanmar – Thai Trilateral Highway) ရဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။ ဒီသုံးနိုင်ငံ ချင်းဆက် လမ်းမကြီးမှာ မုံရွာ – ယာကြီး – ကလေးဝလမ်း ပါဝင်ပြီး ဒီလမ်းကို အိန္ဒိယ အကူအညီနဲ့ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ – ၂၀၂၁ မှာ ပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေအတွက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ်သန်း ၆ ဘီလီယံကျော်နဲ့ အရာထမ်းတွေအတွက် အခန်းပေါင်း ၂၀ ပါဝင်တဲ့ အိမ်ရာတစ်လုံးနဲ့ အမှုထမ်းတွေအတွက် အခန်းပေါင်း ၂၆၀ ပါဝင်တဲ့ အိမ်ရာ ၁၉ လုံးကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပင်စင်စားနိုင်ငံ့ဝန်ထမ်းတွေနဲ့ အိမ်ရာမရှိသေးတဲ့ ပြည်သူတွေအတွက် ပြည်သူ့အငှားအိမ်ရာအဖြစ် မြို့နယ်ပေါင်း ၅ မြို့နယ်မှ အခန်းပေါင်း ၅၅၂ ခန်းပါဝင်တဲ့ တိုက် ၁၂ လုံး ကို ဆောက်လုပ်ခဲ့ပြီး အခန်းပေါင်း ၄၈၀ ကို နေရာချထားပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မြို့နယ် ၄ မြို့နယ်မှာ အခန်းပေါင်း ၁၉၂ ခန်းပါဝင်တဲ့ တိုက်ငါးလုံးကို ဆောက်လုပ်ပေးခဲ့ပြီး နေရာချထားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လျှပ်စစ်ဓာတ်အား တိုးတက်ရရှိသုံးစွဲနိုင်စေရေးအတွက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေကျပ် ၆၃၄ ဒသမ ၇ သန်းနဲ့ တိုးချဲ့လုပ်ငန်းတွေဖြစ်တဲ့ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံ၊ ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံ တစ်ရုံ၊ ၆၆ ကေဗွီလိုင်း မိုင် ၀ ဒသမ ၅၀ ၊ ၃၃ ကေဗွီလိုင်း ၅၃ မိုင် တပ်ဆင်ခြင်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အစားထိုးနဲ့ အင်အားတိုးလုပ်ငန်းတွေအနေနဲ့ ၃၃ ကေဗွီ လိုင်းကြိုးတိုင်လဲခြင်း (၅) မိုင်ကို ပြည်ထောင်စုရန်ပုံငွေကျပ် ၇၄ ဒသမ ၅ သန်းနဲ့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်နိုင်မှုအနေနဲ့ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကနေ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့တဲ့

*အချပ်ပို (ဂ) သို့*



၂၄-၉-၂၀၁၉ ရက်က ဆောင်ရွက်ပြီးစီးခဲ့သော မုံရွာမြို့ ဝန်ထမ်းအိမ်ရာ အဆောက်အအုံကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို (ခ) မှ*

ဟုမ္မလင်းမြို့နယ် နမ့်ပင ရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်နေစဉ် ကာလအတွင်းမှာ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ စီမံကိန်းပတ်ဝန်းကျင်မှ ဒေသခံပြည်သူတွေ လျှပ်စစ်ဓာတ်အား ကြိုတင်သုံးစွဲနိုင်ဖို့အတွက် ကျေးရွာ ၁၂ ရွာမှာ ၄၀၀ ဗို့ ဓာတ်အားလိုင်းတွေ သွယ်တန်းပေးခဲ့ပြီး ဒီဇယ်ဓာတ်အားပေးစက်နဲ့ မီးစက်ထားရှိနိုင်ဖို့ သံကူကွန်ကရစ် အဆောက်အဦတွေကို တည်ဆောက်ပေးခဲ့ပါတယ်။

တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေကျပ် ၁၃ ဘီလီယံကျော်နဲ့ တိုးချဲ့လုပ်ငန်းတွေဖြစ်တဲ့ ၁၁/၄ ဒသမ ၀ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၆၁ ဒသမ ၉၃ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၀၁ ဒသမ ၂၀ မိုင်နဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၆ ဘီလီယံခန့်နဲ့ အစားထိုးလုပ်ငန်းတွေဖြစ်တဲ့ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၀ ဒသမ ၁၄ မိုင်နဲ့ ၈၇ တိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၇၈ ဒသမ ၉၇ မိုင်နဲ့ ၂၀၇၀ တိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁၀၆ ဒသမ ၁၈ မိုင်နဲ့ ၃၇၅၆ တိုင် စတဲ့လိုင်းကြိုးနဲ့ တိုင်လဲလှယ်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ မြို့ ၅၀ လုံးမှာ လျှပ်စစ်မီးရရှိနေပြီ ဖြစ်ပါတယ်။ ကျေးရွာပေါင်း ၅၉၉၁ ရွာအနက် ကျေးရွာ ၅၃၀၂ ရွာကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်လို့ တိုင်းဒေသကြီးတစ်ခုလုံးရဲ့ ၈၈ ဒသမ ၅ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိနေပြီ ဖြစ်ပါတယ်။

တိုင်းဒေသကြီးအတွင်း တရားဝင်မှတ်ပုံတင်ထားတဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းပေါင်း ၃၅၀၀၀ ကျော်ရှိပြီး မှတ်ပုံမတင်ရသေးတဲ့ လုပ်ငန်းတွေကိုလည်း မှတ်ပုံတင်ကြဖို့ နှိုးဆော်ဆောင်ရွက်လျက်ရှိပါတယ်။ MSMEs လုပ်ငန်းရှင်တွေကို နည်းပညာသင်တန်းတွေ၊ စီးပွားရေးဆိုင်ရာ စီမံချက်ရေးဆွဲတဲ့ သင်တန်းတွေ၊ စာရင်းပြုစု ထိန်းသိမ်းနည်းသင်တန်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒေသတွင်းလုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်တွေ ဈေးကွက်ရရှိစေဖို့အတွက် ပြည်တွင်းပြည်ပ ပြပွဲတွေမှာ ပါဝင်ပြသနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ ASEAN SME Web Portal မှာ ကြော်ငြာပေးခြင်းနဲ့ MSMEs Myanmar Web Portal တို့မှာ ကြော်ငြာပေးခြင်းတွေကို ဆောင်ရွက်ပေးနေပါတယ်။

တတိယမူဝါဒဖြစ်တဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ချက်အနေနဲ့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်ကာလမှာ ဗန်းမောက်မြို့နယ် ဇလုံတောင်သို့ ဘုရားဖူးလာ ပြည်သူတွေ အေးချမ်းသာယာစွာ ဖူးမြော်နိုင်ရေးအတွက် ခမိုးရွာအနီးမှာ ခမိုးယာဉ်ရပ်နားစခန်းနဲ့ အပန်းဖြေစခန်းကို ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီယာဉ်ရပ်နားစခန်းနဲ့ အပန်းဖြေစခန်း ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူတွေရဲ့ ဒေသထွက်ပစ္စည်းတွေနဲ့ စားသောက်ကုန်တွေကို အဆင်ပြေစွာ ရောင်းဝယ်လာနိုင်တာကို တွေ့ရပါတယ်။

ဒါ့ပြင် ခရီးသွားမြှင့်တင်ရေးအတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ ခရီးသွားရက်သတ္တပတ်အဖြစ် စစ်ကိုင်း၊ အင်းတော်၊ နဘား၊ ဗန်းမောက်၊ ရွှေဘို၊ နွယ်ငြိမ်း၊ မင်းကွန်းထိကို ရထား၊ ကား၊ သင်္ဘောတွေနဲ့ ခရီးသွားလုပ်ငန်းဆက်စပ်သူတွေ၊ မီဒီယာတွေနဲ့အတူ သွားရောက်ခဲ့ပါတယ်။ MHTTR 7–2019 ကားမောင်းပွဲ ခရီးစဉ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလထဲမှာ ကျင်းပခဲ့ပြီး MRTV – 4 ရုပ်သံကနေ ထုတ်လွှင့်ပြသခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနဲ့ ဂျပန်နိုင်ငံ မဉ္ဇူသကနတ်ပန်း(MANJUSHAKA) နိုင်ငံတကာ ယဉ်ကျေးမှုဖလှယ်ရေးအကအဖွဲ့တို့ ပူးပေါင်းတင်ဆက်တဲ့ ဂျပန် – မြန်မာ ချစ်ကြည်ရေးကပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း စစ်ကိုင်းမြို့နဲ့ မုံရွာမြို့တို့မှာ ကျင်းပခဲ့ပြီး ဂျပန်ချစ်ကြည်ရေးအဖွဲ့ကို စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးသံတမန်အဖြစ် ခန့်အပ်လွှာပေးအပ်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ခရီးသွားဇုန် ၆ ဇုန်မှာရှိတဲ့ ခရီးစဉ်နေရာတွေကို MITV နဲ့ ရိုက်ကူးခဲ့ပြီး ထုတ်လွှင့်ပြသခဲ့ကာ ခရီးသွားဈေးကွက်ကို မြှင့်တင်ခဲ့ပါတယ်။



မုံရွာ–ယာကြီး – ကလေးဝလမ်း (ယာကြီး–ကလေးဝအပိုင်း)တွင် အိန္ဒိယနိုင်ငံ အကူအညီဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၁၇ – ၂၀၁၈ ခုနှစ်မှာ ဟိုတယ် ၃၆ လုံးနဲ့ အခန်းပေါင်း ၁၃၅၀ သာ ရှိခဲ့ရာကနေ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားကော်မတီကနေ လိုင်စင်တွေ အမြန်ချထားပေးမှုကြောင့် ၂၀၁၈ – ၂၀၁၉ ခုနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဟိုတယ် ၄၆ လုံးနဲ့ အခန်းပေါင်း ၁၇၁၀ အထိ တိုးတက်လာခဲ့ပါတယ်။

ပြည်တွင်း ပြည်ပ ခရီးသွားတွေ များပြားတဲ့ မင်းကွန်းဒေသအပြင် အခြားခရီးစဉ်နေရာတွေမှာ အများသုံးသန့်စင်ခန်းတွေ ဆောင်ရွက်ပေးနိုင်ခဲ့လို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဗီယက်နမ်နိုင်ငံ ဟလောင်းမြို့မှာ ကျင်းပပြုလုပ်တဲ့ အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်(ATF–2019)မှာ အာဆီယံ အများပြည်သူသုံး သန့်စင်ခန်းစံနှုန်းဆု (ASEAN Public Toilet Standard Awards 2019–2021) ကို ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ မင်းကွန်းဒေသကို ချီးမြှင့်ခဲ့ပါတယ်။

ဒါ့ပြင် ကျေးရွာနေပြည်သူတွေ လက်တွေ့ကျကျ ထိရောက်ခံစားရတဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို ရေဝတီမြစ်ဘေး အင်ဒေါင်းရွာမှာ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကသာ၊ ကလေးနဲ့ ခန္တီးခရီးသွားဇုန် (၆) ဇုန်ကို အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုမှာ အထောက်အကူဖြစ်စေဖို့အတွက် ဘဏ်တွေကနေ ချေးငွေအလွယ်တကူရရှိစေရေးအတွက် လုပ်ငန်းရှင် ၁၀၉ ဦးကို အသေးစားနဲ့ အလတ်စား လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးခဲ့ပါတယ်။ လုပ်ငန်းရှင်တွေ SME ချေးငွေ၊ CGI ချေးငွေနဲ့ JICA Two–Step Loan ချေးငွေ ရရှိရေးအတွက် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နဲ့ သမဝါယမဘဏ်တို့ကို ချိတ်ဆက်ပြီး လုပ်ငန်းရှင် ၃၂ ဦးအတွက် ချေးငွေပမာဏ ငွေကျပ် ၈၅၁ ဒသမ ၅ သန်းကို ချေးယူနိုင်ခဲ့ပါတယ်။

ပြည်ပအဖွဲ့အစည်းတွေရဲ့ အထောက်အပံ့ကောင်းတွေရရှိစေဖို့ ကူညီဆောင်ရွက်ခဲ့ရာမှာ ဒိန်းမတ်နိုင်ငံရဲ့ Responsible Business Fund (RBF) တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းတွေအတွက် ရန်ပုံငွေအထောက်အပံ့ကို လုပ်ငန်းရှင် ၇၃ ဦးအတွက် ငွေကျပ် ၂၃၆၀ ဒသမ ၇ သန်း သဘောတူညီမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုကဏ္ဍအနေနဲ့ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၅ ခုနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တိုးမြှင့်ခြင်းတွေ အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် အပါအဝင် ငွေကျပ် ၄၆၂၇၅ သန်းကျော်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုနဲ့ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းတွေ အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၈ သန်းကျော် ဝင်ရောက်လုပ်ကိုင်နေပါတယ်။

အရင်က သတ္တုတူးဖော်ခြင်း၊ ရေနံသဘာဝဓာတ်ငွေ့တူးဖော်ခြင်းနဲ့ သစ်အခြေခံလုပ်ငန်းစတဲ့ သဘာဝအရင်းအမြစ်တွေကို ထုတ်ယူသုံးစွဲတဲ့ လုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံခဲ့ကြပါတယ်။ လယ်ယာထွက်သီးနှံ အမျိုးမျိုးစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းတွေ အပါအဝင် စိုက်ပျိုးရေး ဆက်စပ်အထောက်အကူပြုလုပ်ငန်းတွေဖြစ်တဲ့ ရေပိုက်နဲ့ အိတ်လိပ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ အော်ဂဲနစ်မြေဩဇာနဲ့ မြေဩဇာအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆန်နဲ့ သီးနှံကြိတ်ခွဲရေးသုံး စက်ပစ္စည်းတွေ ထုတ်လုပ်ခြင်းလုပ်ငန်း၊ သီးနှံမျိုးစုံ အခြောက်ခံခြင်း၊ အဆင့်မြင့် သန့်စင်ရွေးချယ်ခြင်းနဲ့ ဆန်စပါးအဆင့်မြင့် ကြိတ်ခွဲထုတ်လုပ်ခြင်း လုပ်ငန်းတွေ ဝင်ရောက်ခဲ့ပါတယ်။

မွေးမြူရေးလုပ်ငန်းအနေနဲ့ တိုင်းဒေသကြီးအတွင်း မြေလွတ်မြေရိုင်း များစွာရှိတဲ့အတွက် မွေးမြူရေးလုပ်ငန်းတွေ လာရောက်လုပ်ကိုင်ဖို့ ဖိတ်ခေါ်ခဲ့ပြီး ဝက်နဲ့ နွား မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းတွေ စတင်ဝင်ရောက်နေပြီ ဖြစ်ပါတယ်။

စားသောက်ကုန်လုပ်ငန်းအနေနဲ့ ခေါက်ဆွဲခြောက် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ပျားရည်သန့်စင် ထုတ်လုပ်ခြင်းလုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်ငန်းအနေနဲ့ ဒေသထွက်သီးနှံတွေ ထုပ်ပိုးနိုင်ဖို့အတွက် သစ်သီးစွပ်စက္ကူအိတ်၊ ဖော့အိတ်နဲ့ သစ်သီးထည့်ပလတ်စတစ်ခြင်း ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ထုပ်ပိုးဂျပ်စက္ကူ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပီနံအိတ်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၊ မော်တော်ဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းတွေအနေနဲ့ ဟိုတယ်၊ ပုဂ္ဂလိက အထက်တန်းကျောင်းလုပ်ငန်း၊ ရုပ်ရှင်ရုံ၊ အပန်းဖြေဥယျာဉ်နဲ့ Water Park ခေတ်မီကစားကွင်းလုပ်ငန်းတွေ ဝင်ရောက်ခဲ့ပါတယ်။

ဒါ့ပြင် ရေနံစိမ်းကနေ အဆင့်မြင့် ဒီဇယ်/ဓာတ်ဆီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ အသေးစား သတ္တုသန့်စင်ခြင်းလုပ်ငန်းတွေ၊ ဆိုလာစွမ်းအင်နှင့် အသေးစားလျှပ်စစ်ဓာတ်အားပေးစက်တွေကနေ ဆက်သွယ်ရေးတာဝါတိုင်တွေနဲ့ ကျေးလက်နေအိမ်ခြေတွေအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွေမှာပါ ရင်းနှီးမြှုပ်နှံလာတာကို တွေ့ရပါတယ်။

စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေက ဒေသအရင်းအမြစ်နဲ့ ဈေးကွက်လိုအပ်ချက်အပေါ် မူတည်ပြီး တိုင်းဒေသကြီးရဲ့ အဓိက ဦးစားပေးကဏ္ဍတွေနဲ့ လိုက်လျောညီထွေတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းတွေ၊ အများပြည်သူနဲ့ဆိုင်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ဝင်ရောက်လုပ်ကိုင်ခဲ့လို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖန်တီးပေးနိုင်ရုံသာမက တာဝန်ယူပြီး တာဝန်ခံတဲ့ ရင်းနှီးမြှုပ်နှံမှုတွေအဖြစ် ရင်းနှီးမြှုပ်နှံမှုပုံစံ ပြောင်းလဲဝင်ရောက်လာတာကို တွေ့ရပါတယ်။

၂၀၁၉ ခုနှစ် နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ Investment Myanmar Summit နဲ့ Myanmar Investment Forum ပွဲတွေမှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းတွေ ပြသနိုင်ခဲ့တဲ့အတွက် စစ်ကိုင်းဆိပ်ကမ်းနှင့် မြို့ပြဖွံ့ဖြိုးမှုစီမံကိန်း၊ ကလေးဝမြို့မှာရှိတဲ့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းနဲ့ ကလေးမြို့ အင်ဒိုင်းကြီးမှာရှိတဲ့ ဘိလပ်မြေစက်ရုံစီမံကိန်းတွေ တိုင်းဒေသကြီးအတွင်းမှာ ပေါ်ပေါက်ဖို့ အခွင့်အလမ်းတွေ ဖြစ်ပေါ်လာခဲ့ပါတယ်။

တိုင်းဒေသကြီးအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပိုမိုစီးဝင်လာစေဖို့နဲ့ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့၊ အလားအလာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ပြည်တွင်းပြည်ပ လုပ်ငန်းရှင်တွေ ဖိတ်ခေါ်ပြသပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ဖို့ Sagaing Region Investment Fair 2020 ကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ဖို့အတွက် Stake–holder's Meeting ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။

တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းကဏ္ဍမှာ လာရောက်ရင်းနှီးမြှုပ်နှံပါက စစ်ကိုင်း၊ မုံရွာနဲ့ ရွှေဘိုမြို့တို့မှာ ဝင်ငွေခွန်ကင်းလွတ်ခွင့် ၅ နှစ်နဲ့ ကျန်မြို့နယ် ၃၄ မြို့နယ်မှာ ဝင်ငွေခွန်ကင်းလွတ်ခွင့် ၇ နှစ် ရရှိမှာဖြစ်သလို လုပ်ငန်းတည်ဆောက်ရေးကာလအတွင်း ပြည်ပကနေ တင်သွင်းမယ့် စက်ပစ္စည်းတွေအပေါ် အခွန်အကောက်ကင်းလွတ်ခွင့်နဲ့ တင်သွင်းရရှိမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်တွေ တိုင်းဒေသကြီးအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ မြေအပါအဝင် ဆက်စပ်ဌာနဆိုင်ရာတွေနဲ့ ဆက်သွယ်ရာမှာ အခက်အခဲတွေရှိရင် လိုအပ်သလို ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ခန္တီးရတနာမြေအတွင်း တရားဥပဒေစိုးမိုးရေးနဲ့ တရားမဝင် ရေမဆေးကျောက်ရှာဖွေသူတွေ အလုပ်အကိုင်အခွင့်အရေးရရှိရေးအတွက် ကျောက်မျက်ရတနာ လက်လုပ်လက်စား တူးဖော်ထုတ်လုပ်နိုင်ဖို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ကျောက်မျက်ရတနာ လက်လုပ်လက်စား လုပ်ကိုင်ခွင့်တွေ ချထားပေးလျက်ရှိပါတယ်။

ခန္တီးရတနာနယ်မြေ နန့်စလင်းချောင်းဖျားမှော် (ကျောက်စိမ်းမှော်)နဲ့ ပတ္တာဘွန်မှော် (ပယင်းမှော်)တို့မှာ ကျောက်မျက်ရတနာ လက်လုပ်လက်စား လုပ်ကွက်တွေကို တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိရာ နန့်စလင်းချောင်းဖျားမှော်မှာ ၃ ကြိမ်နဲ့ ပတ္တာဘွန်မှော်မှာ ၂ ကြိမ်အထိ တင်ဒါခေါ်ယူဆောင်ရွက်နိုင်ခဲ့ပြီး အဆိုပြုငွေတွေ ပေးသွင်းပြီးတဲ့ တင်ဒါအောင်မြင်သူတွေကို လုပ်ကိုင်ခွင့်တွေ ထုတ်ပေးထားပြီး ဖြစ်ပါတယ်။

ဓာတ်သတ္တုကဏ္ဍအနေနဲ့ အရင်က အသေးစားရွှေလုပ်ကွက်တွေကို ဧက ၂၀နဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ခွင့်ပြုဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ သဘောထားမှတ်ချက် ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ပြဋ္ဌာန်းပြီးနောက် တိုင်းဒေသကြီးအစိုးရက ဓာတ်သတ္တု အသေးစားနဲ့ လက်လုပ်လက်စား ထုတ်လုပ်ခြင်းတွေကို ဥပဒေနဲ့အညီ ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပါတယ်။ ယခုလို ထုတ်ပေးရာမှာ အသေးစားရွှေလုပ်ကွက်ကို နည်းဥပဒေပါအတိုင်း တစ်ကွက်ကို ၄ ဧကနဲ့ ကုမ္ပဏီတစ်ခုကို ၄ ကွက်အထိ၊ လက်လုပ်လက်စားလုပ်ကွက်ကို နည်းဥပဒေပါအတိုင်း တစ်ကွက်ကို တစ်ဧကနဲ့ လျှောက်ထားလုပ်ကိုင်ခွင့် ရရှိမှာဖြစ်ပါတယ်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ ဧရိယာတိုင်းတာသတ်မှတ်ပေးမှုအရ လက်ရှိအချိန်မှာ ဟုမ္မလင်း၊ ခန္တီး၊ မော်လိုက်၊ ဖောင်းပြင်၊ ဗန်းမောက်၊ ကသာ၊ တန့်ဆည်နဲ့ ကျွန်းလှမြို့နယ်တို့မှာ အသေးစားနဲ့ လက်လုပ်လက်စား ရွှေလုပ်ကွက်တွေ ခွင့်ပြုပေးလျက်ရှိပါတယ်။ ကျန်တဲ့မြို့နယ်တွေမှာ လုပ်ကိုင်ခွင့်ရရှိရေး တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ ယခုလို အသေးစားနဲ့ လက်လုပ်လက်စား ရွှေလုပ်ကွက်တွေ လုပ်ကိုင်ခွင့်ပြုပေးခဲ့ခြင်းကနေ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်အတွက် ရန်ပုံငွေကျပ် ၃၀၀၁ ဒသမ ၈၈ သန်းရရှိခဲ့ပြီး ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်အတွက် ရန်ပုံငွေကျပ် ၃၀၄၆ သန်း ရရှိဖို့ လျာထားပြီး ဖြစ်ပါတယ်။

**မေး ။ ။ ယခုအချိန်အထိ ဆောင်ရွက်ပေးခဲ့မှုတွေထဲက အားအရဆုံး၊ အအောင်မြင်ဆုံးကို ပြောပါဆိုရင် ဘယ်အရာနဲ့ ပတ်သက်ပြီး ပြောပြချင်ပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ ဦးစားပေးချမှတ်ထားတဲ့ မူဝါဒတွေကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာဌာနတွေရဲ့ ပေါင်းစပ်ကူညီပံ့ပိုးမှု၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်သူတွေရဲ့ ပါဝင်မှုတွေနဲ့ ဆောင်ရွက်ခဲ့ရလို့ တော်တော်အားရတယ်လို့ပြောရမှာ ဖြစ်ပါတယ်။ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုတွေမှာ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြို့ရေပေးရေးလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်နိုင်မှုအနေနဲ့ တွင်းတိမ် နှစ်တွင်း၊ ရေကန်ရှစ်ကန်၊ စိမ့်စမ်း တစ်ခုနဲ့ အခြား ၆၈ ခု စုစုပေါင်း ၇၉ ခု ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြို့သန့်ရှင်းရေးနဲ့ အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းတွေ ပိုမိုဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း SKAT အမျိုးအစား အမှိုက်သိမ်းယာဉ် နှစ်စီး၊ ခေတ်မီဟိုက်ဒြောလစ် အမှိုက်သိမ်းယာဉ် (Tank carrier) လေးစီး၊ ရေပုပ်စုပ်ယာဉ်အစီး ၂၀ နဲ့ Rear End Loader တစ်စီး စုစုပေါင်း ၂၇ စီး ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

*အချပ်ပို (ဃ) သို့*


မုံရွာမြို့ ကန်သာယာ သာယာလှပစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို တွေ့ရစဉ်။

*အချပ်ပို (ဂ) မှ*

ကိုယ့်အားကိုယ်ကိုး လမ်းတွေအနေနဲ့ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကတ္တရာ ထောက်ပံ့ပြီး ပြည်သူမှ ကျောက်/လုပ်အားခ ကျခံကာ ပူးပေါင်းဆောင်ရွက်သော ကတ္တရာလမ်း ၇ မိုင် ၅ ဖာလုံ၊ စည်ပင်မှ ဘိလပ်မြေ ထောက်ပံ့ပြီး ပြည်သူက သဲ၊ ကျောက်/လုပ်အားခ ကျခံကာဆောင်ရွက်တဲ့ ကွန်ကရစ်လမ်း ၅၇ မိုင် ၂ ဖာလုံ စုစုပေါင်း ၆၄ မိုင် ၇ ဖာလုံနဲ့ ကွန်ကရစ်တံတား ၇၁ စင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒ့ါပြင် ကသာ၊ ကန့်ဘလူ၊ မော်လိုက်၊ ဗန်းမောက်၊ ရွှေဘို၊ အင်းတော်၊ မြောင်နဲ့ ပုလဲ စတဲ့ ၈ မြို့နယ်မှာ မြို့တော်ခန်းမအသစ်တွေ ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ဟုမ္မလင်း၊ မုံရွာ၊ ကနီ၊ ယင်းမာပင်နဲ့ ကျွန်းလှ စတဲ့ ၅ မြို့နယ်ရှိ မြို့တော်ခန်းမတွေကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ ကသာနဲ့ ပင်လည်ဘူးမြို့နယ်တွေမှာ ကားကွင်းအသစ်တွေ တည်ဆောက်နိုင်ခဲ့ပြီး ဗန်မောက် (ဇလုံတောင်)၊ ကလေးမြို့တို့မှာ ကားကွင်းတွေ အဆင့်မြှင့်တင်ပေးခြင်း၊ ကောလင်း၊ တမူးနဲ့ မင်းကင်းမြို့နယ်တို့မှာ ယာဉ်ရပ်နားစခန်းတွေ တည်ဆောက်ပေးခြင်းနဲ့ မုံရွာမြို့မှာ ကားကြီးကွင်း တစ်ခု တည်ဆောက်ခြင်းတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရွှေဘိုမြို့၊ စစ်ကိုင်းမြို့၊ မုံရွာမြို့နဲ့ ကသာမြို့တို့မှာ မြို့အင်္ဂါရပ်နဲ့အညီ သာယာလှပစေရေးအတွက် Double Arm လမ်းမီးတိုင်တွေကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကန့်ဘလူမြို့နဲ့ ကလေးမြို့တို့မှာ Double Arm လမ်းမီးတိုင်တွေကို စိုက်ထူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

မုံရွာမြို့ သာယာလှပရေးနဲ့ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ရေးအတွက် စီမံချက် ၁၀ ခုကို ဆောင်ရွက်ဖို့ လျာထားခဲ့တဲ့အနက် မုံရွာမြို့ ကန်သာယာရေကန်ကို သာယာလှပအောင် ဆောင်ရွက်ဖို့ဆိုတဲ့ အချက်တစ်ချက် ပါဝင်ပါတယ်။ မုံရွာမြို့ ကန်သာယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဌာနဆိုင်ရာတွေ၊ ပညာရှင်တွေနဲ့ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ ၁၆၉ ဧကရှိတဲ့ ကန်သာယာရေကန်ကို ပျမ်းမျှရေအနက် လေးပေတူးဖော်ပြီး ထွက်ရှိလာတဲ့ မြေတွေကိုဖို့ခြင်း၊ ကြိတ်ခြင်းနဲ့ ညှိခြင်းတွေ၊ မြေထိန်းနံရံနဲ့ တာပေါင်ချဲ့ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ကန်သာယာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ပျမ်းမျှပေ ၃၀ ကျယ်ဝန်းတဲ့ မြေသားပတ်လမ်းတွေ ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုကျွန်းနဲ့ဆက်ပြီး ၄ ဒသမ ၁၁ ဧကရှိ ကျွန်းဖော်ခြင်း၊ ကျောက်တိုင်ကျွန်းကို မူလ ၁ ဒသမ ၈၈ ဧကမှ ၅ ဒသမ ၇ ဧကအထိ မြေဖို့ခြင်း၊ ရာပြည့်ဘုရားကျွန်းကို မူလ ၀ ဒသမ ၈၉ ဧကမှ ၃ ဒသမ ၅၄ ဧကအထိချဲ့ခြင်း၊ ၁ ဒသမ ၀၄ ဧကရှိ မြေသားကျွန်းဖော်ဆောင်ခြင်း၊ နဂါးရုံဘုရားအနီး ၁ ဒသမ ၇၄ ဧကရှိ မြေသားကျွန်း ဖော်ဆောင်ခြင်းနဲ့ ကန်ပတ်လည်ရဲ့ မြေသားလျှောက်လမ်းတွေမှာ ကျောက်ရိုးစီ မြေထိန်းနံရံ ပေရှည် ၈၇၂၈ ပေ ဆောင်ရွက်ခြင်း၊ ကန်သာယာအတွင်းသို့ ချင်းတွင်းမြစ်ရေကို ရေစုပ်တင်ပြီး ရေဖြည့်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ထားတဲ့အပြင် လျော့နည်းသွားတဲ့ ရေတွေ ထပ်မံဖြည့်တင်းပေးနိုင်ဖို့ အရန်သင့် ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ကန်သာယာ ပတ်လည်တစ်လျှောက်နဲ့ ကျွန်းတွေပေါ်မှာ ၄ လက်မထု သဲဖြန့်ခင်းခြင်း၊ မြေကြီး သိပ်သည်းစေဖို့ ရေဖျန်းခြင်းနဲ့ စက်ကြိတ်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နေပြီး ဖြစ်ပါတယ်။

မြေတူး၊ မြေဖို့၊ မြေကြိတ်ခြင်းနဲ့ မြေညှိခြင်း လုပ်ငန်းတွေကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ CSR ရန်ပုံငွေနဲ့ လုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေရဲ့ လှူဒါန်းငွေတွေနဲ့ စုပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

ရွှေဘိုမြို့မှာ Hotel ၊ Shopping Mall နဲ့ လုံးချင်းအိမ်ရာအလုံး ၃၀ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့ Global Biz Link Co.,Ltd နဲ့ အကျိုးတူ စာချုပ်ချုပ်ဆိုပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ တိုင်းဒေသကြီးတွေထဲမှာ အကြီးဆုံး တိုင်းဒေသကြီး ဖြစ်တဲ့အတွက် နေရာစုံ၊ ဒေသစုံမှာ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို သိပါရစေရှင့်။**

ဖြေ ။ ။ စစ်ကိုင်းတိုင်းဒေသကြီးဟာ ကျယ်ဝန်းပြီး Infrastructure မပြည့်စုံတဲ့ တိုင်းဒေသကြီး တစ်ခုဖြစ်တာကြောင့် ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရာမှာ အကန့်အသတ်ဖြစ်နေခြင်း၊ နယ်စပ်ကုန်သွယ်ရေးမှာ ကန့်သတ်ချက်တွေရှိနေခြင်းတို့ဟာ အဓိက အဟန့်အတားဖြစ်ပါတယ်။ တိုင်းဒေသကြီး အနေနဲ့ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရာမှာ တတ်နိုင်သမျှ ဖြေလျှော့ပေးလျက်ရှိပါတယ်။ တစ်ဖက်ကနေလည်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် မူဝါဒချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေသလို ခရီးသွားလုပ်ငန်း၊ SME လုပ်ငန်းတွေကတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုနဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေပါတယ်။

**မေး ။ ။ ပြည်သူတွေဆီကနေ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုမှတ်ချက်ပြုတယ် ဆိုတာကို နားထောင်ပြီး လုပ်ဆောင်ပေးခဲ့တာတွေရှိခဲ့ရင် ပြောပြပေးပါဦး။**

ဖြေ ။ ။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်မှာကြားချက်ဖြစ်တဲ့ **"လူထုနဲ့ တွေ့ဆုံကြ၊ လူထုအခက်အခဲတွေကို ဖြေရှင်းကြ"** ဆိုတဲ့ အတိုင်း တိုင်းဒေသကြီးအတွင်းက မြို့နယ်အသီးသီးကို ကွင်းဆင်းပြီး လုထုတွေ့ဆုံပွဲတွေ ပြုလုပ်ပါတယ်။

ဒီတွေ့ဆုံပွဲတွေမှာ ပြည်သူတွေ တင်ပြတောင်းခံချက်တွေကို နေရာမှာတင် တစ်ခါတည်း ဖြေရှင်းပေးဖို့ လိုအပ်တဲ့ကိစ္စရပ်တွေကို တစ်ထိုင်တည်း ဖြေရှင်းဆောင်ရွက်ပေးခဲ့သလို စိစစ်ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးမယ်ဆိုတာကို ပြည်သူရဲ့ လက်ထဲရောက်ရှိအောင် အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး အကြောင်းပြန်ကြားစာ လက်ရောက်ပေးအပ်စေပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြည်သူ့အသံကို အလေးအနက်ထား နားထောင်သလို ပြည်သူ့ထံကို တလေးတစား ပြန်ကြားပေးလျက်ရှိပါတယ်။ ဆောင်ရွက်ပေးနိုင်တာတွေကို ချက်ချင်း ဆောင်ရွက်တယ်၊ ကာလရှည် ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို တလေးတစား ပြန်ကြားပေးပါတယ်။

**မေး ။ ။ တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုက ဘယ်လိုရှိတယ်ဆိုတာကို သိရှိလိုပါတယ်ရှင့်။**

ဖြေ ။ ။ တိုင်းဒေသကြီးအတွင်း ပြည်သူတွေက မှားရင် ကွက်ကွက်ကွင်းကွင်း ထောက်ပြတတ်သလို မှန်ရင်လည်း လေးလေးစားစား ထောက်ခံတတ်ကြပါတယ်။ တိုင်းဒေသကြီးအစိုးရရဲ့ ဆောင်ရွက်ချက်တွေကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ပူးပေါင်း ဆောင်ရွက်ပေးနေပါတယ်။

**မေး ။ ။ လက်ရှိဆောင်ရွက်နေတဲ့ နှစ်အတွက် ဘယ်လိုရည်မှန်းချက်တွေ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမယ် ဆိုတာကို ပြောပြပေးပါဦးရှင်။**

ဖြေ ။ ။ လက်ရှိကာလမှာ ကျွန်တော်တို့ အစိုးရအဖွဲ့ရဲ့ မူဝါဒ ၃ ရပ်အပေါ် အခြေခံပြီး တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒ့ါပြင် စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အဝင်မြို့ဖြစ်တဲ့ စစ်ကိုင်းမြို့မှာ Information Centre တစ်ခု တည်ဆောက်လျက်ရှိပါတယ်။ ဒါက ဘာကိုမျှော်မှန်းသလဲဆိုရင် တိုင်းဒေသကြီးကို လာရောက် ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်တွေ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်တွေကို Online နဲ့ Website ကနေ ဝင်ရောက်ကြည့်ရှုခြင်း၊ Centre မှာ လာရောက်လေ့လာခြင်းတို့ကို အလွယ်တကူ ရှာဖွေလေ့လာနိုင်အောင် ဆောင်ရွက်ပေးထားခြင်း ဖြစ်ပါတယ်။ ဒီလိုလုပ်ငန်းတွေကို အကောင်အထည်ဖော်ပြီး MSMEs လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ ပြည်သူတွေကို ဖြည့်စွက်ပြောပြချင်တာရှိရင်လည်း ပြောပြပေးပါဦးရှင်။**

ဖြေ ။ ။ ပြည်သူက ယုံကြည်လို့ ရွေးချယ်တာဝန်ပေးအပ်ခဲ့တာ အချိန်ကာလအတွင်းမှာ ကျွန်တော်တို့အနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အင်တိုက်အားတိုက် အဂတိတရား ကင်းကင်းနဲ့ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်နေပါတယ်။

(၄)နှစ်တာကာလအတွင်း ခက်ခဲတဲ့ နေရာတွေမှာ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းမွန်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ အရင်က တွင်းထွက်သယံဇာတနဲ့ သစ်ထုတ်လုပ်မှုကနေ အခြေခံတိုင်းပြည်ဘဏ္ဍာ ရန်ပုံငွေရှာဖွေမှုကို ရပ်ဆိုင်းလိုက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထူးအလေးထား ဆောင်ရွက်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုပုံစံကို လူသုံးကုန်၊ စားသောက်ကုန်၊ စက်မှုကုန်ထုတ်လုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံနိုင်အောင် ခွင့်ပြုပေးနေပါတယ်။

ကျွန်တော်တို့အနေနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ဖြေလျှော့ပေးနိုင်တဲ့ အရာအားလုံးကို ဖြေလျှော့ပေးနေပါတယ်။ ပူးပေါင်းဆောင်ရွက်ပေးရမယ့် ကိစ္စရပ်မျိုးဆိုရင်လည်း အချိန်မဆိုင်း ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်နိုင်တာဟာ ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှု၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ လူမှုအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံ့ဝန်ထမ်းတွေရဲ့ ဥပဒေနဲ့အညီ အဆင်ပြေချောမွေ့အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှု၊ ရင်းနှီးမြှုပ်နှံလိုတဲ့ လုပ်ငန်းရှင်တွေရဲ့ ယုံကြည်မှုတွေကြောင့် ဖြစ်ပါတယ်။ ။


စစ်ကိုင်း – မုံရွာလမ်းအား လေးလမ်းသွား ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။